The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနိုပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနိုပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၇၉ ခုနှစ် တော်သလင်းလပြည့်၊ အင်္ဂါနေ့။ Tuesday, 5 September 2017 (၉၀၃၈)

# ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှုအကူအညီပေးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးတို့ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ ရတ်နို အယ်လ်ပီ မာဆူဒီနှင့်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံအစိုးရ၏ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များအပေါ် အင်ဒိုနီးရှားအစိုးရ၏ထောက်ခံမှုကို ပြောကြားခဲ့ပြီး ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှုအကူအညီပေးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး ဒေါက်တာ အီတို ဆူမာဒီ တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စ ရတ်နို အယ်လ်ပီ မာဆူဒီ အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်မည့် အိန္ဒိယဝန်ကြီးချုပ်၏ ကိုယ်ရေးအကျဉ်း

စာမျက်နှာ - ၃



မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်မှန်များကို နိုင်ငံတကာသို့ အလျင်အမြန်အသိပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

စာမျက်နှာ - ၆

# နေရပ်စွန့်ခွာတိမ်းရှောင်ကြရသည့် ဒေသတွင်းနေထိုင်သူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာများ ကူညီထောက်ပံ့မည်



လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အစည်းအဝေး ကျင်းပစဉ်။

**နေပြည်တော် စက်တင်ဘာ ၄**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုလုပ်ရပ်များကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဒေသတွင်းနေထိုင်သူများသည် နေရပ်စွန့်ခွာတိမ်းရှောင်၍ နယ်စပ်ဧရိယာအပါအဝင် လုံခြုံသည့်နေရာများတွင် ခိုလှုံနေထိုင်လျက်ရှိကြရာ နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများပေးအပ်ရန် တာဝန်ရှိသည့်အလျောက် ထိရောက်သည့်အစီအမံများချမှတ်၍ ကူညီထောက်ပံ့မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❖



ကြေးမုံ

# သန္နိဋ္ဌာန်တို့၏ အစွမ်းသတ္တိ

အခွင့်အရေးနှင့်တာဝန် ယှဉ်တွဲတည်ရှိနေသည်ကို ဥရောပသမဂ္ဂသို့ လတ်ဆတ်သော လယ်ယာထွက်ကုန်များ တင်ပို့နိုင်ရေးကိစ္စ၌ ထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပါသည်။ ဥရောပသမဂ္ဂသည် ကမ္ဘာ့ကြီးမားသော ဈေးကွက်တစ်ခုဖြစ်ပြီး ဈေးကောင်းရရှိသော ဈေးကွက်လည်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များကိုသာ ဥရောပသမဂ္ဂသို့ တင်ပို့နိုင်ပါက မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သိသာစွာ အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။ သို့သော် ဥရောပသမဂ္ဂသည် အစားအစာတို့၏ ဘေးကင်းလုံခြုံရေးအပေါ် အထူးအလေးအနက်ထားကိုင်တွယ်သည်ဖြစ်၍ မြန်မာနိုင်ငံက တင်ပို့မည့် လယ်ယာထွက်ကုန်တို့သည် ဥရောပသမဂ္ဂမှ သတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်တို့နှင့် ကိုက်ညီမှုရှိရမည်ဖြစ်ပါသည်။ မြန်မာ့လယ်ယာထွက်ကုန်တို့ကို ဥရောပသမဂ္ဂဈေးကွက်သို့ တင်ပို့ရောင်းချလိုပါက ဥရောပသမဂ္ဂ၏ စည်းမျဉ်းစည်းကမ်းတို့ကို လိုက်နာရမည်ဖြစ်ပါသည်။

ဥရောပသမဂ္ဂသို့ လယ်ယာထွက်ကုန်များတင်ပို့ရာ၌ ဥပဒေဆိုင်ရာ စည်းမျဉ်းစည်းကမ်းတို့ကို လိုက်နာရန်လိုအပ်သကဲ့သို့ ဥပဒေမဟုတ်သော လိုအပ်ချက်တို့ကိုလည်း ဖြည့်ဆည်းပေးရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ဥရောပသမဂ္ဂသို့ တင်ပို့မည့် စားသောက်ကုန်တို့ကို စိုက်ပျိုးထုတ်လုပ်ရာ၌ ပိုးသတ်ဆေးအသုံးပြုမှုကို အထူးဂရုစိုက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဥရောပသမဂ္ဂက အဆိုပါစားသောက်ကုန်တို့ကို စစ်ဆေးရာ၌ အမြင့်ဆုံးဓာတ်ကြွင်းပါဝင်မှုအဆင့် (Maximum Residue Levels-MRLs) ထက်ကျော်လွန်ပါက လက်ခံဝယ်ယူမည် မဟုတ်ပါ။ ထို့အတူ ရောဂါကူးစက်နိုင်သော အဏုဇီဝပစ္စည်းဆိုင်ရာ မသန့်ရှင်းမှု ကာကွယ်ရေး စံချိန်စံညွှန်းတို့နှင့်လည်း ကိုက်ညီမှုရှိရမည်ဖြစ်ပါသည်။ အလားတူပင် တံဆိပ်ကပ်ခြင်းနှင့် ထုပ်ပိုးမှုဆိုင်ရာ စံချိန်စံညွှန်းတို့ကိုလည်း လိုက်နာရမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ စည်းမျဉ်းစည်းကမ်းတို့ကို ကြည့်ရှုမျှဖြင့်ပင် ဥရောပသမဂ္ဂသို့ လယ်ယာထွက်ကုန်တို့ တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်ရမည့် ကိစ္စရပ်များစွာရှိနေသည်မှာ ပေါ်လွင်ထင်ရှားပြီးဖြစ်ပါသည်။ များပြားလှသော အဆိုပါကိစ္စရပ်များ အကောင်အထည်ပေါ်နိုင်ရေးအတွက် တောင်သူလယ်သမားတို့အား အသိပညာပေးမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အသုံးပြုရန်သင့်လျော်သော ပိုးသတ်ဆေးတို့ကိုသာ ဈေးကွက်၌ ရောင်းချခွင့်ပြုရန်နှင့် အဆိုပါပိုးသတ်ဆေးတို့ကို စနစ်တကျ မှန်မှန်ကန်ကန်အသုံးပြုနိုင်ရေးအတွက်လည်း နည်းပညာအရ ပံ့ပိုးကူညီမှုပေးရမည်ဖြစ်ပါသည်။ လယ်ယာထွက်ကုန်ကို ဥရောပသမဂ္ဂသို့ တင်ပို့မည့်လုပ်ငန်းရှင်တို့အား ဥရောပသမဂ္ဂ၏ စည်းမျဉ်းစည်းကမ်းတို့ကို အပြည့်အဝနားလည်စေရန် ပညာပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါလိုအပ်ချက်တို့ကိုသာ အပြည့်အစုံဖြည့်ဆည်းအကောင်အထည်ဖော်နိုင်ပါက ဥရောပသမဂ္ဂဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။ ထိုမျှမက သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တို့ကို အော်ဂဲနစ်နည်းဖြင့် စနစ်တကျ စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ပါက အပိုင်ဈေးကွက်ကောင်းတစ်ခုကို ရရှိမည်ဖြစ်ပါသည်။ ခိုင်မာသော ဈေးကွက်ကောင်းတို့ကို ထိုးဖောက်ဝင်ရောက်ခွင့်ရရန် ဖြည့်ဆည်းဆောင်ရွက်ရမည့် ကိစ္စရပ်များစွာရှိသကဲ့သို့ ဖြည့်ဆည်းဆောင်ရွက်နိုင်စွမ်းရှိပါက ဈေးကွက်ကောင်းတို့ကို ခိုင်ခိုင်မာမာ ဆုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မဖြစ်နိုင်သောအရာသည် မရှိဟူသော သန္နိဋ္ဌာန်ဖြင့် မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြပါရန် လေးစားစွာ နှိုးဆော်တင်ပြအပ်ပါသည်။ ။

# နိုင်ငံတော်အတိုင်ပင်ခံရုံး ပြည်ထောင်စုဝန်ကြီး၊ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးအား အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စ ရတ် နို အယ်လ် ပီ မာဆူဒီအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာစားပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး H.E. Dr. Ito Sumardi တို့ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်မှုများကြောင့် ရခိုင်ပြည်နယ်တွင် နေထိုင်သူများ နေရပ်စွန့်ခွာ၍ နယ်စပ်ဒေသအပါအဝင် လုံခြုံရာ နေရာများ၌ ခိုလှုံနေရသည့် အခြေအနေမျိုးတွင် နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ ပေးအပ်ရန် တာဝန်ရှိသည့်အလျောက် ထိရောက်သောအစီအမံများချမှတ်၍ ကူညီထောက်ပံ့ပေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား အသိပေးပြောကြားသည်။

ထိုသို့ ကူညီထောက်ပံ့မှုများ ပေးအပ်ရာတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ခြင်းဆိုင်ရာ အခြေခံမူနှင့်အညီ ခွဲခြားမှုမရှိဘဲ ကူညီပေးရေးကိစ္စကို အာဆီယံနိုင်ငံများမှ ပူးပေါင်းပါဝင်ကူညီပေးနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# လယ်ယာသုံးစက်ကိရိယာကိုင်တွယ်မောင်းနှင်မှု သင်တန်းဖွင့်

**သထုံ စက်တင်ဘာ ၄**

လယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်မောင်းနှင်မှု အခြေခံသင်တန်း (၁/၂၀၁၇)ကို ယနေ့နံနက်ပိုင်းမှစတင်ပြီး မွန်ပြည်နယ် သထုံမြို့ရှိ အမှတ်(၈၈) စက်မှုလယ်ယာစခန်း၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလျက်ရှိသည့်ကာလတွင် သထုံမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် မိမိတို့အသုံးပြုလျက်ရှိသည့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို စနစ်တကျအသုံးပြုခြင်းဖြင့် တစ်ဧကအထွက်နှုန်းများတိုးတက်ကာ စက်သက်တမ်းပိုမိုကြာရှည်စွာ အသုံးပြုနိုင်စေရန် ရည်ရွယ်ကာ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သထုံခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းလွင်က ပြောသည်။

"ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့ လယ်ယာလုပ်သား ရှားပါးလာတာတွေကြောင့် တောင်သူတွေက ဒီစက်ကိရိယာတွေကို ပိုပြီးအသုံးပြုလာပါတယ်။ ဒါကြောင့် ဒီလိုခေတ်မီစက်တွေကို ရင်းနှီးကျွမ်းဝင်ပြီး စနစ်တကျကိုင်တွယ်နိုင်ဖို့ လိုအပ်လာပါတယ်။ ဒီလိုတတ်မြောက်ခြင်းအားဖြင့် အချိန်ကုန်တာ၊ ဆီကုန်တာ၊ လုပ်အားစတာတွေ အတော်များများ သက်သာနိုင်ပြီးတော့ အကျိုးများပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သင်တန်းဖွင့်ပွဲတွင် သထုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး ခရိုင်စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းလွင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သထုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၀ စုမှ တောင်သူဦးရေ ၃၀ တို့အား ထွန်စက်ကြီး၊ လက်တွန်းထွန်စက်၊ ကောက်စိုက်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များ ကိုင်တွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စက်တင်ဘာ ၄ ရက်မှ ၁၅ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၄**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၄၇၅၀၀ | - | ၉၄၇၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၄၇၅၀၀ | - | ၉၄၇၅၀၀ |

| **စက်သုံးဆီဈေးနှုန်း** | | **ရန်ကုန်** | **မန္တလေး** |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၆၀/၆၇၅ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၁၅/၇၃၀ ကျပ်၊ | ၇၇၀/၈၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၆၅/၆၈၅ ကျပ်၊ | ၇၀၀/၇၃၅ ကျပ် |
| **(ဃ) အဆင့်မြင့်ဒီဇယ်** | **တစ်လီတာ** | **၆၈၀/၆၉၅ ကျပ်၊** | **၆၉၀/၇၁၅ ကျပ်** |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၅၅/၆၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၄၀/၆၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၉. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၁၅. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၇. ၁၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀. ၉၃၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈. ၂၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၂၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၈. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၀၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၂. ၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၀. ၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်မည့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ၏ ကိုယ်ရေးအကျဉ်း

ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီကို ၁၉၅၀ ပြည့်နှစ် စက်တင်ဘာ ၁၇ ရက်တွင် ဂူဂျာရတ်ပြည်နယ်ရှိ မြို့ငယ်လေးတွင် မွေးဖွားခဲ့ပါသည်။ ဘဝအစပိုင်း ကြုံတွေ့ရသည့် ခက်ခဲမှုများက ၎င်းအားအလုပ်ကြိုးစားမှုတန်ဖိုးကို သိရှိလာစေရန်သင်ခန်းစာများဖြစ်ခဲ့ရုံမျှမက သာမန်ပြည်သူများ၏ခံစားချက်များကိုလည်း သိရှိကိုယ်ချင်းစာနာနိုင်ခဲ့ပါသည်။

၂၀၀၁ ခုနှစ်တွင် ၎င်းသည် မွေးရပ်မြေ ဂူဂျာရတ်ပြည်နယ်၏ ပြည်နယ်ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်ရာထူးကို သက်တမ်းလေးကြိမ်အထိ စံချိန်တင် ထမ်းရွက်ခဲ့ပါသည်။

ဝန်ကြီးချုပ်ရှရီနာရန်ဒရာမိုဒီသည် ပြည်သူ့ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ပြည်သူများ၏လူနေမှုဘဝတိုးတက်စေရေးအတွက် နှစ်မြှုပ်ထားသူဖြစ်ပါသည်။ သာမန်ပြည်သူများအကြားတွင်နေထိုင်၍ ပြည်သူများ၏ပျော်ရွှင်မှုကို မျှဝေခြင်းနှင့် ဝမ်းနည်းခြင်းတို့ပြေပျောက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီက ပိုမိုနှစ်သက်ပါသည်။ ၎င်းသည် လူမှုရေးမီဒီယာများဖြစ်သည့် ဖေ့ဘွတ်ခ်၊ တွစ်တာ၊ ဂူဂယ်လ်+နှင့် အခြားဖိုရမ်များကို အလွန်တက်ကြွစွာအသုံးပြုသူတစ်ဦးလည်းဖြစ်ပါသည်။

ရှရီနာရန်ဒရာမိုဒီသည် အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ၂၀၁၄ ခုနှစ် မေ ၂၆ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး အိန္ဒိယနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် မွေးဖွားခဲ့သည့် ပထမဆုံးဝန်ကြီးချုပ်ဖြစ်လာခဲ့သူဖြစ်ပါသည်။

၂၀၁၄ ခုနှစ် မေလတွင် ဝန်ကြီးချုပ်တာဝန်ကို စတင်ထမ်းဆောင်စဉ်အချိန်ကတည်းက ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီသည် အိန္ဒိယပြည်သူတစ်ဦးချင်းစီ၏ မျှော်လင့်ချက်များနှင့် တောင့်တမှုများကို အကောင်အထည်ဖော်နိုင်မည့် ကဏ္ဍစုံပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို စတင်ဖော်ဆောင်ခဲ့ပါသည်။



သာမန်ပြည်သူလူထုအား တိုက်ရိုက်အကျိုးရှိစေသည့် လုပ်ဆောင်မှုများစွာကို ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီက စတင်ဖော်ဆောင်ခဲ့ရာ နိုင်ငံ၏ဘဏ္ဍာရေးစနစ်တွင် ပြည်သူတစ်ယောက်ချင်းစီအားလုံး ပါဝင်နိုင်စေရန် ရည်ရွယ်လျက် "Pradhan Mantri Jan Dhan Yojana" အမည်ရှိ ပြည်သူ့ငွေကြေးဆိုင်ရာ စီမံချက်များကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးစွမ်းဆောင်ရှင်များ၏တက်ကြွမှုနှင့် တီထွင်ကြံဆမှုတို့ကို ထူးကဲစွာနိုးထစေသည့် စီးပွားရေး အလွယ်တကူလုပ်ကိုင်နိုင်ခွင့်ရရှိရေးကို အားပေးသော "Make in India" ဆောင်ရွက်မှုကိုလည်းကောင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများမှ လုပ်သားများစွာအား အကျိုးရရှိခံစားစေပြီး ကျွမ်းကျင်လူငယ်များ ထွန်းပေါက်လာစေရေးအတွက်လည်း ကူညီပံ့ပိုးပေးသော အလုပ်သမားရေးရာ ပြုပြင်ပြောင်းလဲမှုများနှင့် အလုပ်သမားများ၏ ဂုဏ်သိက္ခာအတွက် ကြိုးပမ်းခဲ့သည့် 'Shrameva Jayate' ဆောင်ရွက်မှုကိုလည်းကောင်း ဖော်ဆောင်ခဲ့ပါသည်။

မဟတ္တမဂန္ဒီ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် ဝန်ကြီးချုပ်က တစ်နိုင်ငံလုံး သန့်ရှင်းရေးလှုပ်ရှားမှုအဖြစ် 'Swachh Bharat ဆောင်ရွက်မှု'ကို စတင်ဖော်ဆောင်ခဲ့ပါသည်။

ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ စွန့်ဦးဆောင်ရွက်မှုများသည် နိုင်ငံတကာမျက်နှာစာ၌ ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံအတွက် မှန်ကန်သည့် အလားအလာနှင့် အခန်းကဏ္ဍကို ဖော်ဆောင်ပေးခဲ့ပါသည်။

အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်တာဝန်ကို စတင်ထမ်းဆောင်စဉ်ကတည်းက ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီသည် ကုလသမဂ္ဂ၊ BRICS၊ တောင်အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအသင်း (ဆာ့ခ်)နှင့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ကမ္ဘာ့စီးပွားရေးရာနှင့် နိုင်ငံရေးရာ ပြဿနာများနှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံ၏ ပါဝင်ဆောင်ရွက်မှုများနှင့် ရှုထောင့်များကို ယင်းထိပ်သီးအစည်းအဝေးများ၌ ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုခဲ့ကြပါသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် သမိုင်းဝင် အိန္ဒိယ-အာဖရိက ထိပ်သီးအစည်းအဝေးကို နယူးဒေလီမြို့တွင် ကျင်းပခဲ့ပြီး အာဖရိကနိုင်ငံပေါင်း ၅၄ နိုင်ငံ ပါဝင်တက်ရောက်ခဲ့ပါသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ဝန်ကြီးချုပ်သည် ပါရီမြို့၌ ကျင်းပသည့် COP-21 ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အခြားကမ္ဘာ့ခေါင်းဆောင်များနှင့်အတူ ရာသီဥတုပြောင်းလဲမှုအပေါ် ဆွေးနွေးခဲ့ပါသည်။ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီသည် ပြင်သစ်သမ္မတ Hollande နှင့်အတူ နေအိမ်များ မီးလင်းရေးအတွက် နေရောင်ခြည်စွမ်းအင်ကို ထိန်းချုပ်အသုံးချရေးဆိုင်ရာ ဆွေးနွေးပွဲဖိုရမ်ဖြစ်သော အပြည်ပြည်ဆိုင်ရာ ဆိုလာမဟာမိတ် (International Solar Alliance) အား စတင်ဖွင့်လှစ်ခဲ့ပါသည်။

ဝန်ကြီးချုပ်ရှရီနာရန်ဒရာမိုဒီ၏ 'အပြည်ပြည်ဆိုင်ရာ ယောဂနေ့'အဖြစ် နေ့ရက်တစ်ရက်အား သတ်မှတ်ရန် ကုလသမဂ္ဂ၌ အဆိုပြုတိုက်တွန်းခဲ့ရာ တစ်ခဲနက်ထောက်ခံတုံ့ပြန်မှုကို ရရှိခဲ့ပါသည်။ အကျိုးဆက်အနေဖြင့် ဇွန်လ ၂၁ ရက်နေ့အား 'ကုလသမဂ္ဂတွင်အပြည်ပြည်ဆိုင်ရာ ယောဂနေ့'အဖြစ် ကြေညာသည့် ဆုံးဖြတ်ချက်ကို ကမ္ဘာ့နိုင်ငံပေါင်း ၁၇၇ နိုင်ငံက ချမှတ်ခဲ့ကြပါသည်။

ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီသည် နိုင်ငံရေးအပြင် စာပေရေးသားမှုကို ခုံမင်နှစ်သက်ပါသည်။ ၎င်းသည် ကဗျာစာပေများအပါအဝင် စာအုပ်ပေါင်းများစွာကို ရေးသားခဲ့သူဖြစ်ပါသည်။ ၎င်း၏ တစ်နေ့တာအား ယောဂလေ့ကျင့်မှုဖြင့် စတင်လေ့ရှိပြီး ခန္ဓာကိုယ်နှင့် စိတ်နှလုံး၌ သမာဓိထူထောင်၍ များပြားသည့် နေ့စဉ်ဆောင်တာများအတွက် တည်ငြိမ်မှုစွမ်းအားကို နှလုံးသွင်းလေ့ရှိပါသည်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်

**ရန်ကုန် စက်တင်ဘာ ၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌ H.E. Mr. Zhang Dejiang ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် လွှတ်တော်ရုံးတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် မန်းညွန့်သိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက် ရေးကော်မတီအဖွဲ့ဝင် ဦးသန်းညွန့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဦးခွန် သန်းထူး၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဒေါ်ဝင့်ဝါထွန်း၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီအဖွဲ့ဝင်ဦးတင်နု(ခ) ဦးတင်နုအောင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းအပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်တောရွာကော်မတီ ဒုတိယဝန်ကြီး Mr. Long Zhuangwei နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး (ကူမင်း) ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့် တာဝန်ရှိသူများက လေဆိပ်၌ကြိုဆိုကြသည်။



ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး Mr. Chen Hao နှင့် ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် Haigeng Garden Hotel ၌ တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူးက Haigeng Garden Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒေသစံတော်ချိန် ည ၈ နာရီ ၂၅ မိနစ်တွင် ကူမင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ရှန်ဟိုင်းမြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်နှင့်စက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် စက်တင်ဘာ ၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး မန္တလေးစက်မှုဇုန်ရှိ စက်မှုဝန်ကြီးဌာနပိုင် မြေနေရာသို့လည်းကောင်း၊ အမရပူရမြို့နယ်ရှိ ဝန်ထမ်းအိမ်ရာသို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၃)အထည်စက်ရုံခွဲ (စစ်ကိုင်း)သို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၃ ရက်တွင် ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ်(၃၆) အကြီးစားစက်ရုံ(ကျောက်ဆည်)သို့ သွားရောက်ကာ စက်ရုံအတွင်း ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ အမှတ်(၂) ဆေးဝါးစက်ရုံ(အင်ရောင်း)သို့ သွားရောက်ကာ ဆေးအမျိုးအစားသစ်များ စမ်းသပ်ထုတ်လုပ်နေမှုအခြေအနေများနှင့် သွေးကြောသွင်းဆေးရည်ထုတ်လုပ်မည့် Large Volume Parenteral Solutions Production Plant (LVP) အကောင်အထည်ဖော်နေမှုတို့ကို လည်းကောင်း၊ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)သို့ သွားရောက်ကာ သီးနှံအခြောက်ခံစက် Dehydrator စမ်းသပ်ထုတ်လုပ်နေမှု၊ လူနာတင်ယာဉ်ထုတ်လုပ်နေမှုနှင့် စတီးလ်ခုံရှည်များ ထုတ်လုပ်ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■



## လော့စ်အိန်ဂျလိစ်မြို့ ဆင်ခြေဖုံးဒေသ၌ တောမီးလောင်မှု စိုးရိမ်ပူပန်နေရ

**လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၄**

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့ ဆင်ခြေဖုံးဒေသ၌ တောမီးလောင်မှု အကြီးအကျယ် ဖြစ်ပွားလျက်ရှိသော်လည်း စက်တင်ဘာ ၃ ရက်တွင် မိုးအနည်းငယ်ရွာသွန်းခဲ့ပြီးအပူချိန်ကျဆင်းမှုဖြစ်ပေါ်ခဲ့သဖြင့် တောမီးလောင်မှု အရှိန်တုံ့နှေးသွားကြောင်း၊ သို့ရာတွင် မီးဘေးအန္တရာယ်မှာ ဆက်လက်ရှိနေဆဲဖြစ်သည်ဟု တာဝန်ရှိသူများက သတိပေးထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

လော့စ်အိန်ဂျလိစ်မြို့၏ မြောက်ပိုင်း ဆင်ခြေဖုံးဒေသ၌ တောမီးလောင်မှုဖြစ်ပွားခဲ့ရာတွင် ဒေသခံပြည်သူ ရာပေါင်းများစွာကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

လော့စ်အိန်ဂျလိစ်မြို့သမိုင်းတွင် အဆိုးရွားဆုံးသော တောမီးလောင်မှုဖြစ်ကြောင်း မြို့တော်ဝန်အဲရစ် ဂါဆက်တီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကနဦးအနေဖြင့် တောမီးလောင်မှု၏ ၁၀ ရာခိုင်နှုန်းခန့်ကိုသာလျှင် ထိန်းချုပ်နိုင်ခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင် ၁၀၀၀ ကျော်က မီးငြိမ်းသတ်မှုတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

**ရိုက်တာ။**

# အမေရိကန် တက္ကဆက်ပြည်နယ်ရှိ ရေနံချက်စက်ရုံများ လုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်

**ဟူစတန် စက်တင်ဘာ ၄**

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်ရှိ အဓိကကျသော ရေနံချက်စက်ရုံအများအပြားသည် ဟာဗေးအမည်ရှိ ဟာရီကိန်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် ရက်သတ္တတစ်ပတ်အကြာတွင် လုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

**ရေနံထုတ်လုပ်မှုထိခိုက်**

ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် တက္ကဆက်ပြည်နယ်ရှိ ရေနံချက်စက်ရုံများ၏ ရေနံထုတ်လုပ်မှု ထိခိုက်ခဲ့ရပြီး ဓာတ်ဆီဈေးနှုန်းများ နှစ်နှစ်တာကာလအတွင်း အမြင့်ဆုံးအမှတ်အထိ ရောက်ရှိစေခဲ့သည်။

ဟာဗေးအမည်ရှိ ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဒေသဆိုင်ရာ ရေနံချက်စက်ရုံများမှာ လုပ်ငန်းများရပ်ဆိုင်းထားရဆဲဖြစ်ပြီး စက်သုံးဆီရောင်းလိုအား ကျဆင်းမည့်အရေးအတွက် စိုးရိမ်ပူပန်မှုများပေါ်ထွက်ခဲ့သည်။

**ပြန်လည်ဖွင့်လှစ်**

အက်ဇွန်မိုဘီးကော်ပိုရေးရှင်းသည်တက္ကဆက်ပြည်နယ် ဘေတောင်းမြို့ရှိ ယင်း၏စက်ရုံကို ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိသည်။

အဆိုပါစက်ရုံသည် တစ်ရက်လျှင် ရေနံစည်ပေါင်း ၅၆၀၅၀၀ ပမာဏအထိ ချက်လုပ်နိုင်စွမ်းရှိပြီး အမေရိကန်ပြည်ထောင်စု၌ ဒုတိယအကြီးဆုံး စက်ရုံဖြစ်ကာ မုန်တိုင်းဒဏ်ကြောင့် ရေလွှမ်းမိုးနစ်မြုပ်ခံခဲ့ရသည့် စက်ရုံဖြစ်သည်။

**ပြင်ဆင်**

အလားတူပင် ဖီးလစ် ၆၆ အမည်ရှိ ကုမ္ပဏီက ယင်း၏ ရေနံချက်စက်ရုံကို ပြန်လည်ဖွင့်လှစ်နိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

မုန်တိုင်းတိုက်ခတ်မှု၏ အကျိုးသက်ရောက်မှုတစ်ခုအဖြစ် ဩဂုတ် ၂၃ ရက်နောက်ပိုင်း ဓာတ်ဆီလက်လီဈေးနှုန်း ၁၇ ဒသမ ၅ ရာခိုင်နှုန်းကျော် တက်ခဲ့သည်ဆို၏။

**ရိုက်တာ။**



## ကုန်သွယ်ရေးမူဝါဒဆိုင်ရာ ဖိုရမ်ဆွေးနွေးပွဲ အိန္ဒိယနှင့် အမေရိကန်ပြုလုပ်ရန် ပြင်ဆင်

**နယူးဒေလီ စက်တင်ဘာ ၄**

အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့်အတူ ကုန်သွယ်ရေးမူဝါဒဆိုင်ရာ ဖိုရမ်ဆွေးနွေးပွဲပြုလုပ်မည့် နေ့ရက်များ သတ်မှတ်နိုင်ရန် အပြီးသတ်ညှိနှိုင်းလျက်ရှိကြောင်း၊ အဆိုပါဖိုရမ်ဆွေးနွေးပွဲ၌ ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးရေး၊ ကုန်ပစ္စည်းများအတွက် ဈေးကွက်ပိုမိုဖွင့်လှစ်ပေးရေး စသည့် အကြောင်းရပ်များနှင့်ပတ်သက်၍ ဆွေးနွေးမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

**ညှိနှိုင်း**

ကုန်သွယ်ရေးမူဝါဒနှင့် သက်ဆိုင်နေသော ကိစ္စရပ်များနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနှင့် ဆွေးနွေးပွဲ ပြုလုပ်နိုင်ရေးအတွက် နေ့ရက်များသတ်မှတ်ရန် ညှိနှိုင်းနေကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီး နီမာလာ စီသာရာမန်က ပြောကြားသည်။ ဝန်ကြီး နီမာလာသည် ဘဏ္ဍာရေးနှင့် ကုမ္ပဏီဆိုင်ရာရေးရာများ ဝန်ကြီးအဖြစ် ယခင်က ဆောင်ရွက်ခဲ့သူဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၌ သမ္မတအဖြစ် ဒေါ်နယ်ထရန့် တာဝန်ထမ်းဆောင်ခဲ့ပြီးချိန်နောက်ပိုင်း နှစ်နိုင်ငံမှ ကုန်သွယ်ရေးဆိုင်ရာ အာဏာပိုင်များအကြား ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

**ပီတီအိုင်။**

# မြောက်ကိုရီးယားက အဏုမြူစမ်းသပ်ဖောက်ခွဲအပြီး ဒုံးကျည်အစစ်များဖြင့် တောင်ကိုရီးယား ပစ်ခတ်လေ့ကျင့်

**ဆိုးလ် စက်တင်ဘာ ၄**

မြောက်ကိုရီးယားနိုင်ငံ၏ ဆဋ္ဌမအကြိမ်မြောက် အဏုမြူစမ်းသပ်ဖောက်ခွဲမှု ပြုလုပ်ခဲ့ပြီးနောက် တောင်ကိုရီးယား စစ်ဘက်က ဒုံးကျည်အစစ်ဖြင့် ပစ်ခတ်လေ့ကျင့်မှုတစ်ရပ်ကို စက်တင်ဘာ ၄ ရက်က ပြုလုပ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

စက်တင်ဘာ ၄ ရက် နံနက်အစောပိုင်းက တောင်ကိုရီးယားနိုင်ငံအရှေ့ဘက် ကမ်းရိုးတန်းဒေသတစ်လျှောက်တွင် တောင်ကိုရီးယား ကြည်းတပ်နှင့် လေတပ်တို့ပူးပေါင်း၍ ဒုံးကျည်အစစ်များပစ်ခတ်၍ စစ်ရေးလေ့ကျင့်ခဲ့ကြောင်း ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့(ဂျေစီအက်စ်)က ပြောကြားသည်။

တောင်ကိုရီးယားကြည်းတပ်က ဟွမ်မူး-၂ အေအမျိုးအစား မြေပြင်မှ မြေပြင်ပစ်ဒုံးကျည်ကို ပစ်ခတ်ခဲ့ပြီး လေတပ်မှ အက်ဖ်-၁၅ ကေ အမျိုးအစား ဂျက်တိုက်လေယာဉ်များက အက်စ်အယ်လ်အမ်အေ-အီးအာရ် အမျိုးအစားဝေဟင်မှ မြေပြင်ပစ်တိကျ ပဲ့ထိန်းဒုံးကျည်များကို ပစ်ခတ်ခဲ့သည်။

တောင်ကိုရီးယားတပ်ဖွဲ့များက ပစ်ခတ်ခဲ့သော ဒုံးကျည်အစစ်များသည် အရှေ့ပင်လယ်အတွင်းရှိ ပစ်မှတ်ကိုတိကျစွာ ထိမှန်ကြကြောင်း ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့(ဂျေစီအက်စ်)မှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

တောင်ကိုရီးယားပြည်တွင်း၌ ထုတ်လုပ်သည့် ဟွမ်မူး-၂ အေဒုံးကျည်သည် ကီလိုမီတာ ၃၀၀ အကွာအဝေးအထိ ပစ်ခတ်နိုင်ပြီး အက်စ်အယ်လ်အမ်အေ-အီးအာရ် အမျိုးအစားဒုံးကျည်မှာ ကီလိုမီတာ ၂၇၀ အထိ ပျံသန်းနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

■



## ရေဘေးသင့်ခံရသည့် ကရာချိမြို့အား ဘဏ္ဍာရေးအရ ထောက်ပံ့မည်ဟု ပါကစ္စတန်ဝန်ကြီးချုပ် ကြေညာ

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၄**

ပါကစ္စတန်နိုင်ငံတောင်ပိုင်းရှိ ရေဘေးသင့်ခံရသည့် ဆင်းပြည်နယ်၏မြို့တော် ကရာချိမြို့အား ပါကစ္စတန် ဗဟိုအစိုးရကဘဏ္ဍာရေးအကူအညီများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံဝန်ကြီးချုပ်ဆာဟစ်ခါကန် အဘာစီက ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုခံရသည့် ကရာချိမြို့မှ ဆုံးရှုံးမှုများကို စာရင်းကောက်ယူရန် ဝန်ကြီးချုပ်က ညွှန်ကြားခဲ့ပြီး ဆင်းပြည်နယ် အစိုးရက ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ပြည်နယ်အစိုးရအား ဘဏ္ဍာငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ဝန်ကြီးချုပ်သည် ရေဘေးသင့်ကာလအလွန် ကရာချိမြို့ပြန်လည်ထူထောင်ရေး အစည်းအဝေးတစ်ရပ်ကိုလည်း ပြုလုပ်ခဲ့သည်။

လွန်ခဲ့သည့် ငါးရက်အတွင်းက ကရာချိမြို့တွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုများကြောင့် လူ ၂၀ ထက်မနည်းသေဆုံးပြီး ထိခိုက်ဒဏ်ရာရမှု အများအပြားရှိခဲ့သည်။

**ဆင်ဟွာ။**

## အကြမ်းဖက်အုပ်စုများ လစ်ဗျားနိုင်ငံအတွင်း ရွှေ့ပြောင်းရန်ကြိုးပမ်း

**ထရီပိုလီ စက်တင်ဘာ ၄**

အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) နှင့် ဆက်နွှယ်မှုရှိသော အကြမ်းဖက်အုပ်စုများသည် လစ်ဗျားနိုင်ငံတောင်ပိုင်းမှ နိုင်ငံမြောက်ပိုင်းရှိ ပင်လယ်ကမ်းရိုးတန်းဒေသများသို့ ရွှေ့ပြောင်းနိုင်ရန် ကြိုးပမ်းလျက်ရှိကြကြောင်း နိုင်ငံအရှေ့ပိုင်းတွင် အခြေစိုက်သည့် ကြည်းတပ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စက်တင်ဘာ ၄ ရက်တွင် ပြောကြားသည်။

လစ်ဗျားနိုင်ငံအတွင်း၌ အကြမ်းဖက်အုပ်စုများသည် အဖွဲ့ငယ်များဖွဲ့ကာ သဲကန္တာရဒေသမှ ပင်လယ်ကမ်းရိုးတန်းဒေသသို့ ရွှေ့ပြောင်းနိုင်ရန် အခါမလပ် ကြိုးပမ်းလျက်ရှိကြကြောင်း၊ အကြမ်းဖက်အုပ်စုများသည် အရပ်သူ အရပ်သားများကို ပြန်ပေးဆွဲခဲ့ကြကြောင်းနှင့် ၎င်းတို့၏ သွားလာလှုပ်ရှားမှုများကို မိမိတို့ လေ့လာစောင့်ကြည့်နေကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ဆင်ဟွာ။**

ကြေးမုံ



# နိုင်ငံတကာမြင်ကွင်း



## ရဲရင့်လင်းလက်

၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်မှာ ရုရှားသမ္မတ ပူတင်ရဲ့ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အထူးသံတမန် ဇမီးယားကက်ဗျူလော့(ဗ်)က အမေရိကန်တပ်ဖွဲ့တွေကို အာဖဂန်နစ္စတန်နိုင်ငံကနေ ရုပ်သိမ်းဖို့ တိုက်တွန်းခဲ့သလို စစ်ကြောင့် ဖရိုဖရဲဖြစ်နေတဲ့ အာဖဂန်နစ္စတန်နိုင်ငံကို တည်ငြိမ်အောင် ဆောင်ရွက်နိုင်ဖို့ ၁၆ နှစ်ကြာ စစ်ပွဲအဆုံးသတ်ရေး ဆောင်ရွက်ပေးပါဆိုပြီး ဝေဖန်ပြောဆိုခဲ့ပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံမှာ စစ်ပွဲဆင်နွှဲနေတဲ့ အမေရိကန်နိုင်ငံအပေါ် ကက်ဗျူလော့(ဗ်)က ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့တာကို အလက်ဆီပုရှ်ကော့(ဗ်)လို ဝါရင့်ရုရှားအထက်လွှတ်တော်အမတ်တွေက ကောင်းချီးဩဘာပေးခဲ့ကြပါတယ်။ အလက်ဆီပုရှ်ကော့(ဗ်)ရဲ့ အမြင်အရ အမေရိကန်နိုင်ငံဟာ အာဖဂန်နစ္စတန်စစ်ပွဲမှာ ရှုံးနေပါပြီ။ ဒီလိုရှုံးရတဲ့အကြောင်းရင်းတွေအဖြစ် သမ္မတ ဘုရှ်ရဲ့ တပ်မတော်အင်အားမဆင်မခြင်သုံးမှုနဲ့ သမ္မတ အိုဘားမားရဲ့ အာဖဂန်စစ်ပွဲကို အစီအစဉ်ကျကျ အဆုံးသတ်နိုင်စွမ်းမရှိတာတွေကို အလက်ဆီပုရှ်ကော့(ဗ်)က ရည်ညွှန်းပြောဆိုပါတယ်။

ရုရှားမူဝါဒချမှတ်သူတွေက အမေရိကန်နိုင်ငံရဲ့ အာဖဂန်နစ္စတန်စစ်ပွဲအပေါ် ပြင်းပြင်းထန်ထန် ခါးခါးသီးသီးဝေဖန်နေကြပေမယ့် အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ရုရှားနိုင်ငံရဲ့ မဟာဗျူဟာကို သုံးသပ်မယ်ဆိုရင်တော့ အာဖဂန်မှာ အမေရိကန်တပ်ဖွဲ့တွေ ဆက်လက်ထားရှိတာဟာ ရုရှားနိုင်ငံရဲ့ မဟာဗျူဟာပါ။ အခုမှ တစ်မျိုးပြောင်းပြောပေမယ့် Interfax နဲ့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလက ပြုလုပ်ခဲ့တဲ့အင်တာဗျူးမှာ ကက်ဗျူလော့(ဗ်)က စစ်ဖြစ်နေတဲ့နေရာတွေကနေ အမေရိကန်တပ်ဖွဲ့တွေရုပ်သိမ်းသွားခဲ့ရင် အာဖဂန်နစ္စတန်နိုင်ငံမှာ တည်ဆောက်ထားသမျှ အကုန်ပြိုလဲသွားမယ်လို့ ပြောခဲ့တာပါ။

၂၀၁၇ ခုနှစ် ဇန်နဝါရီလ အင်တာဗျူးမှာ ကက်ဗျူလော့(ဗ်)ပြောခဲ့တဲ့ သုံးသပ်မှုကို အခြေခံစဉ်းစားကြည့်ရင် အာဖဂန်နစ္စတန်မှာ အကြမ်းဖက်မှုချေမှုန်းရေး၊ စစ်ဆင်ရေးတွေကို တိုးမြှင့်ဖို့ဆုံးဖြတ်ခဲ့တဲ့ သမ္မတ ဒေါ်နယ်ထရန့်ရဲ့ ဩဂုတ် ၂၁ ရက် ဆုံးဖြတ်ချက်ဟာ အာဖဂန်နစ္စတန်နိုင်ငံ တည်ငြိမ်ဖို့ ရုရှားနိုင်ငံရဲ့ကြိုးပမ်းမှုကို အရေးပါတဲ့နည်းလမ်းနှစ်သွယ်နဲ့ ပံ့ပိုးပေးခဲ့ပါတယ်။ ပထမနည်းလမ်းကတော့ အာဖဂန်နစ္စတန်နိုင်ငံမှာ အမေရိကန်နိုင်ငံက တပ်ဖွဲ့တွေ တိုးမြှင့်ချထားဖို့ဆုံးဖြတ်ခဲ့တဲ့ သမ္မတ ဒေါ်နယ်လ်ထရန့်ရဲ့ဆုံးဖြတ်ချက်ဟာ ရုရှားနိုင်ငံအဖို့ အမေရိကန်ကို သံတမန်ရေးဖိအားပေးလိုက်ရုံနဲ့ အာဖဂန်နစ္စတန်နိုင်ငံရဲ့ လုံခြုံရေးကိစ္စရပ်တွေအပေါ် ရုရှားနိုင်ငံရဲ့ ဩဇာသက်ရောက်စေမှာပါ။ ဒီတော့ ရုရှားနိုင်ငံအဖို့ အာဖဂန်နစ္စတန်နိုင်ငံမှာ ကိုယ်တိုင်စစ်ရေးဖြန့်ကြက်တာဝန်ယူရတာမျိုးကို လုပ်စရာမလိုတော့ပါဘူး။ ဒုတိယနည်းလမ်းကတော့ ရုရှားမူဝါဒချမှတ်သူတွေဟာ အာဖဂန်နစ္စတန်နိုင်ငံမှာ အမေရိကန်တပ်ဖွဲ့တွေ တိုးမြှင့်ချလိုက်တာက တာလီဘန်တွေကို နယ်မြေတိုးချဲ့နိုင်စွမ်းမရှိအောင် ဟန့်တားမယ်လို့ တွက်ဆနေတာပါ။ ဒီလိုသာ ဖြစ်လာမယ်ဆိုရင် ရုရှားနိုင်ငံအနေနဲ့ တာလီဘန်တွေကို

**အရေးအတွက် အတိအကျဖော်ပြမထားပေမယ့် အာဖဂန်နစ္စတန်နိုင်ငံမှာ အမေရိကန်တပ်ဖွဲ့တွေ တိုးမြှင့်ချထားဖို့ ချမှတ်ခဲ့တဲ့ သမ္မတ ဒေါ်နယ်ထရန့်ရဲ့ ဆုံးဖြတ်ချက်ဟာ ရုရှားနိုင်ငံကို အမြတ်ထွက်စေခဲ့တာကတော့ အမှန်ပါ။ အာဖဂန်နစ္စတန်နိုင်ငံမှာ ရုရှားတပ်ဖွဲ့တွေ ဖြန့်ကြက်ထားရတာမျိုးမရှိဘဲ အကြမ်းဖက်လှုပ်ရှားမှု ချေမှုန်းရေးကို ထိထိရောက်ရောက် ကိုင်တွယ်နိုင်စွမ်းရှိလာမှာပါ။**

"စစ်ပွဲတွေအဆုံးသတ်ဖို့ နိုင်ငံရေးနည်းလမ်းအရ အဖြေရှာရမယ်" ဆိုတဲ့ ရုရှားမူဝါဒအပေါ် ထောက်ခံလာအောင် နားချနိုင်မယ်လို့ မျှော်လင့်နေတာပါ။

အရေးအတွက် အတိအကျဖော်ပြမထားပေမယ့် အာဖဂန်နစ္စတန်နိုင်ငံမှာ အမေရိကန်တပ်ဖွဲ့တွေ တိုးမြှင့်ချထားဖို့ ချမှတ်ခဲ့တဲ့ သမ္မတ ဒေါ်နယ်လ်ထရန့်ရဲ့ဆုံးဖြတ်ချက်ဟာ ရုရှားနိုင်ငံကို အမြတ်ထွက်စေခဲ့တာကတော့ အမှန်ပါ။ အာဖဂန်နစ္စတန်နိုင်ငံမှာ ရုရှားတပ်ဖွဲ့တွေ ဖြန့်ကြက်ထားရတာမျိုးမရှိဘဲ အကြမ်းဖက်လှုပ်ရှားမှုချေမှုန်းရေးကို ထိထိရောက်ရောက် ကိုင်တွယ်နိုင်စွမ်းရှိလာမှာပါ။ ရုရှားနိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံမှာ သံတမန်ရေးနည်းလမ်းပေါင်းစုံကိုင်တွယ်ကျင့်သုံးတာအပါအဝင် မတူကွဲပြားတဲ့ နိုင်ငံရေးအုပ်စုတွေကို လက်နက်ရောင်းချတာတွေလောက် အပေါ်မှာပဲ အာရုံစိုက်ဆောင်ရွက်နေပေမယ့် အာဖဂန်နစ္စတန်နိုင်ငံမှာ ရုရှားတပ်ဖွဲ့တွေ ဖြန့်ကြက်ခဲ့ရင် ပိုပြီးထိရောက်မလားဆိုတာကို ရုရှားမူဝါဒချမှတ်သူတွေက ပိုပြီးစိတ်ဝင်တစားဆွေးနွေးလိုလာကြပါတယ်။

ရုရှားအကြီးတန်းမူဝါဒချမှတ်သူတွေနဲ့ အာရှအလယ်ပိုင်းဆိုင်ရာမူဝါဒချမှတ်သူတွေ ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်တွေကို အခြေခံပြီး ရုရှားနိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံမှာ စစ်ရေးအရ ပါဝင်စွက်ဖက်မယ်ဆိုတဲ့ ပြောဆိုခန့်မှန်းချက်တွေ တိုးပွားလာနေပါတယ်။ ပြီးခဲ့တဲ့ ဇွန် ၂၈ ရက်မှာ ကာဂျစ္စတန်သမ္မတ အတမ်ဘာရက်(ဗ်)က "အာဖဂန်နစ္စတန်နိုင်ငံမှာ ဩဇာကြီးထွားလာတဲ့ တာလီဘန်တွေရဲ့ အန္တရာယ်ကနေ ကာဂျစ္စတန်နိုင်ငံကို ကာကွယ်ပေးနိုင်ဖို့ ရုရှားနိုင်ငံအနေနဲ့ စစ်အခြေစိုက်စခန်းသစ်တစ်ခုတည်ဆောက်ပါ"လို့ တောင်းဆိုခဲ့တာပါ။ ဒီသဘောထားကို မကြာခင်က ထုတ်ပြန်ခဲ့တဲ့ ကက်ဗျူလော့(ဗ်)ရဲ့ ထုတ်ပြန်ချက်က ရောင်ပြန်ဟပ်ဖော်ပြထားပါတယ်။ ဒီထုတ်ပြန်ချက်မှာ ကက်ဗျူလော့(ဗ်)က "အာဖဂန်နစ္စတန်နိုင်ငံမှာ အစွန်းရောက်အကြမ်းဖက်အဖွဲ့(ISIS)ရဲ့ ကြီးထွားလာနေတဲ့ ဩဇာဟာ ရုရှားနိုင်ငံကို ဒီနိုင်ငံထဲ တပ်ဖွဲ့တွေစေလွှတ်အောင် တွန်းအားပေးလာနိုင်ပါတယ်"လို့ ဖော်ပြထားတာပါ။

ကက်ဗျူလော့(ဗ်)ဆီကနေ စစ်လိုလားတဲ့ အပြောအဆိုတွေ တိုးပွားလာနေပေမယ့် အာဖဂန်နစ္စတန်နိုင်ငံမှာ ရုရှားနိုင်ငံကသာ စစ်ရေးအရ ဝင်စွက်ဖက်ခဲ့ရင် မလိုလားအပ်တဲ့ ဆိုးကျိုးတွေဖြစ်လာဖို့က အတော်ကြီးကို များနေတာပါ။ မကြာသေးခင်က ပြုလုပ်ခဲ့တဲ့ အာဖဂန်နစ္စတန်အငြိမ်းစားလေတပ်ဗိုလ်ချုပ်အာမားကယ်ရဲ့ ပြောဆိုချက်အရ ရုရှားဗိုလ်ချုပ်တွေဟာ အာဖဂန်နစ္စတန်မှာ ရုရှားနိုင်ငံကစစ်ရေးအရ ဝင်စွက်ဖက်တာမျိုးကို မလိုလားပါဘူး။ ဒီလိုသာ ဝင်ရောက်စွက်ဖက်ခဲ့ရင် ရုရှားနိုင်ငံရဲ့ ကာကွယ်ရေးစွမ်းအင်ဟာ မနိုင်ဝန်ထမ်းသလိုဖြစ်ပြီး ဆီးရီးယားနိုင်ငံမှာ သမ္မတ အာဆတ်အစိုးရအပေါ်ပံ့ပိုးနေတဲ့ ရုရှားလေကြောင်းစစ်ဆင်ရေးရင်းမြစ်တွေထဲက ဆွဲထုတ်ယူလိုက်သလိုဖြစ်မှာကို ရုရှားဗိုလ်ချုပ်တွေက စိုးရိမ်နေကြတာပါ။

၁၉၇၉-၁၉၈၈ ကာလအတွင်း ဆိုဗီယက်ပြည်ထောင်စုက အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဝင်ရောက်ကျူးကျော်သိမ်းပိုက်ခဲ့မှုဟာ သမိုင်းဆိုးကျိုးကို ဖန်တီးပေးခဲ့ပါတယ်။ ဒီသမိုင်းဆိုးကျိုးတွေကြောင့် ရုရှားနိုင်ငံကသာ အာဖဂန်နစ္စတန်နိုင်ငံထဲ နောက်ထပ်စစ်ရေးအရ ဝင်ရောက်စွက်ဖက်မယ်ဆိုရင် ရုရှားပြည်သူလူထုက ပြင်းပြင်းထန်ထန် ဆန့်ကျင်ကြမှာပါ။ ရုရှားလူမှုသုတေသနစင်တာရဲ့ ညွှန်ကြားရေးမှူးက ၂၀၁၅ ခုနှစ်က ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ရုရှားလူထုရဲ့ အရှေ့အလယ်ပိုင်းဒေသနဲ့ တောင်အာရှဒေသအတွင်းက အကျပ်အတည်းအပေါ် မနှစ်မြို့မှုနဲ့ ပတ်သက်ပြီး ရှင်းပြထားပါတယ်။ ဒါဟာ ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ရတဲ့ အာဖဂန်နစ္စတန်နိုင်ငံအတွင်း ရုရှားနိုင်ငံ ဝင်ရောက်ကျူးကျော်မှုရဲ့ မပျောက်ပျက်နိုင်တဲ့ဆိုးကျိုးတွေရဲ့ ရလဒ်ဆိုတာမျိုးကို ဒီညွှန်ကြားရေးမှူးက ထောက်ပြတာပါ။

ဒီအနေအထားကို အခြေခံစဉ်းစားရင် ရုရှားမြေပေါ်မှာသာ အာဖဂန်နစ္စတန်နိုင်ငံ မတည်ငြိမ်မှုနဲ့ တိုက်ရိုက်ပတ်သက်နေတယ်ဆိုတာ ပေါ်လွင်တဲ့အကြမ်းဖက်တိုက်ခိုက်မှုမရှိခဲ့ရင် အာဖဂန်နစ္စတန်နိုင်ငံမှာ ရုရှားနိုင်ငံက စစ်ရေးအရဝင်ရောက်စွက်ဖက်မှုအပေါ် ရုရှားလူထုထောက်ခံမှုဟာ မဆိုစလောက်ပဲရှိမှာပါ။ ဒါကြောင့် ရုရှားသမ္မတပူတင်ရဲ့ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ မဟာဗျူဟာက အမေရိကန်နိုင်ငံရဲ့ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ မူဝါဒတွေအပေါ် သွယ်ဝိုက်တဲ့ နည်းလမ်းတွေနဲ့ ဩဇာလွှမ်းမိုးရေးအပေါ်မှာပဲ အခြေပြုတည်ဆောက်ထားတာပါ။ အာဖဂန်နစ္စတန်နိုင်ငံထဲ ရုရှားတပ်ဖွဲ့တွေ စေလွှတ်တာမျိုးကို ရုရှားသမ္မတပူတင်က လိုလားပုံမရပါဘူး။

အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံရဲ့ မူဝါဒတွေအပေါ် သွယ်ဝိုက်လွှမ်းမိုးရေး ရုရှားနိုင်ငံရဲ့ မဟာဗျူဟာမှာ အဓိကသော့ချက်ဟာ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်မဟာဗျူဟာက ရုရှားနိုင်ငံရဲ့ လုံခြုံရေးလိုအပ်ချက်တွေအပေါ် ထည့်သွင်းစဉ်းစားဖို့ ပျက်ကွက်ခဲ့မှသာ စစ်ရေးအရ လက်တုံ့ပြန်ရေး(ဒါမှမဟုတ်) စစ်ရေးအရ ဖြန့်ကြက်ချထားရေးဆိုတာတွေကို ဆောင်ရွက်မှာပါ။

စစ်ရေးအရ လက်တုံ့ပြန်မယ်လို့ ခြိမ်းခြောက်ထားတဲ့အတွက် အမေရိကန်နိုင်ငံကို အိုင်အက်စ်(ISIS)လို အစွန်းရောက်အကြမ်းဖက်အဖွဲ့တွေအတွက် လေကြောင်းကနေ စစ်လက်နက်တွေ ပုန်းလျှိုးကွယ်လျှိုးပံ့ပိုးပေးနေတဲ့ကိစ္စတွေအပါအဝင် ရုရှား ခနသဟာယနိုင်ငံတွေထဲ တရားမဝင်မူးယစ်ဆေးဝါးစီးဝင်နေတဲ့ကိစ္စတွေအပေါ် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းလာအောင် တွန်းအားပေးနိုင်မယ်လို့ ရုရှားအရာရှိတွေက ယုံကြည်နေကြတာပါ။ သမ္မတ ဒေါ်နယ်လ်ထရန့်အစိုးရအဖွဲ့က မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်းကရတဲ့ ငွေကြေးတွေ တာလီဘန်တွေလက်ထဲမရောက်အောင် ကြိုးပမ်းဆောင်ရွက်နေသလို အစွန်းရောက်အကြမ်းဖက်သမားတွေကို အာဖဂန်နစ္စတန်နိုင်ငံမှာ နှိမ်နင်းနေတဲ့အတွက် ရုရှားနိုင်ငံရဲ့ သွယ်ဝိုက်နည်းဗျူဟာက နှစ်နိုင်ငံစလုံးက အရေးတကြီး သဘောထားတဲ့ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး အဆုံးသတ်မှာ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အုတ်မြစ်တစ်ခုချပေးလာနိုင်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**



## မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်မှန်များကို နိုင်ငံတကာသို့ အလျင်အမြန် အသိပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၄**
ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသအကြမ်းဖက်မှုဖြစ်စဉ်များ၊ မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်မှန်များကို နိုင်ငံတကာသို့ အလျင်အမြန် အသိပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၄**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ ရတ်နို အယ်လ် ပီ မာဆူဒီအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသတွင် ဩဂုတ် ၂၅ ရက်မှ စတင်ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက်အကြမ်းဖက်မှုဖြစ်စဉ်များ၏ ပကတိအခြေအနေမှန်များကို ဦးစွာရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်သည်တော် ဝန်ကြီးတို့သည် ရခိုင်ပြည်နယ်အရေးကိစ္စတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စရပ်များအား အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



## ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များနှင့် နေရပ်စွန့်ခွာတိမ်းရှောင်နေသူများအတွက် ထောက်ပံ့ငွေပေးအပ်

**စစ်တွေ စက်တင်ဘာ ၄**
ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေကြရသည့် ဒေသခံပြည်သူများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက လှူဒါန်းသည့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အမှတ် (၃) စစ်ဆင်ရေး အထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇောက ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်အခြေအနေများ၊ လတ်တလောတွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆောင်ရွက်နေမှုအခြေအနေများနှင့် အလှူငွေလာရောက် လှူဒါန်းရခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသည့် အလှူငွေကျပ် ၂၀၃၆၇ သိန်းကို လွှဲပြောင်းပေးအပ်လှူဒါန်းရာ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းက လက်ခံရယူသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက နေရပ်စွန့်ခွာတိမ်းရှောင်နေကြရသည့် ဒေသခံပြည်သူများ၏ နေထိုင်စားသောက်ရေးအတွက် ထောက်ပံ့ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အမှတ်(၃) စစ်ဆင်ရေး အထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇော၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်း-တင်မောင်လွင်၊**
**မင်းထက်အောင်**
**ဓာတ်ပုံ-မောင်မွေး**

## တပ်မတော်မှ သတင်းမီဒီယာသမား သုံးဦးအား အမှုကျေအေးခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ထောက်ခံကြိုဆိုကြောင်း သတင်းထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၄**
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တပ်မတော်မှ တရားစွဲဆိုထားသော သတင်းမီဒီယာသမား သုံးဦးအား အမှုကျေအေးပေးခြင်းနှင့်ပတ်သက်၍ ထောက်ခံကြိုဆိုကြောင်း ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

သတင်းထုတ်ပြန်ချက်တွင် ဇွန်လ ၂၆ ရက်နေ့တွင် ဧရာဝတီသတင်းဌာနမှ အကြီးတန်းသတင်းထောက်တစ်ဦးနှင့် ဒီမိုကရက်တစ်မြန်မာ့အသံမှ သတင်းထောက်နှစ်ဦးတို့အား မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇ (၁) ဖြင့် တပ်မတော်မှ တရားလိုပြုလုပ်၍ တရားစွဲဆိုခဲ့ပြီး သီပေါအကျဉ်းထောင်တွင် ချုပ်နှောင်ခံနေရကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဩဂုတ်လအတွင်း သီပေါအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးစဉ် အဆိုပါ သတင်းထောက် သုံးဦးနှင့် တွေ့ဆုံခဲ့ပြီး ၎င်းတို့၏ တင်ပြချက်များအပေါ် သုံးသပ်၍ ကာကွယ်ရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ကြောင်း။

စက်တင်ဘာလ ၁ ရက် ညနေပိုင်းတွင် တပ်မတော်မှ တရားစွဲဆိုထားခြင်းအား ကျေအေးရပ်သိမ်းပေးခဲ့ပြီး သတင်းမီဒီယာသမား သုံးဦးအား အာမခံပေး၍ လွှတ်ပေးလိုက်ကြောင်း ကြားသိရသဖြင့် နောင်တွင် တပ်မတော်နှင့် သတင်းမီဒီယာများအကြား အပြန်အလှန်နားလည်ယုံကြည်မှု ပိုမိုတိုးတက်ခိုင်မြဲစေရေးအတွက် အထောက်အကူဖြစ်နိုင်သည်ဟု ယူဆသဖြင့် ထောက်ခံကြိုဆိုကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ သက်တော် (၈၈)နှစ်ပြည့် ဝိဇာတပူဇာ မွေးနေ့မင်္ဂလာ ကျင်းပ





**မန္တလေး စက်တင်ဘာ ၄**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ သက်တော် (၈၈)နှစ်ပြည့် ဝိဇာတပူဇာမွေးနေ့မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဗန်းမော်ကျောင်းတိုက် အေးကမ္ဘာသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆင်မင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ရွှေကျင် တွဲဖက်သာသနာပိုင် သီတဂူဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါအခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်အဆင့်ဆင့်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်နှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေးတိုင်းဒေသကြီး)တို့မှ တာဝန်ရှိသူများ၊ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များ၊ ရွှေသံလွင်ကုမ္ပဏီမိသားစုနှင့် အလှူရှင်များ၊ ဆရာတော်ကြီး၏ တပည့်ဒါယကာ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားတော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးနှင့် ကြွရောက်တော်မူကြသော ဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်အသီးသီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရက ဗန်းမော်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ပြီး မင်္ဂလာပိုဒ်စုံရတုကို တေးသံရှင် အောင်ကျော်ဆန်း(ယဉ်ကျေးမှု)က သီကျူးပူဇော်သည်။ ထို့နောက် ဗန်းမော်ဆရာတော်ကြီးအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ငွေကျပ်သိန်း ၅၀၊ ရွှေသံလွင်ကုမ္ပဏီနှင့် SKY NET မိသားစုက ငွေကျပ်သိန်း ၁၈၀၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်နှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေးတိုင်းဒေသကြီး)က ငွေကျပ်သိန်း ၅၀၊ သုခမ္မာဒေါက်တာကျော်ဝင်း(မန်းမြေရာဇာ)မိသားစုက ငွေကျပ်သိန်း ၃၀ နှင့် ကျန်အလှူရှင်များ၊ တပည့်ဒါယကာ ဒါယိကာမများက နဝကမ္မအလှူတော်ငွေများ အသီးသီးလှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လက်ခံရယူသည်။

ယင်းနောက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဟန်က ကျေးဇူးတင်ဝမ်းမြောက်စကားလျှောက်ထားသည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ ရွှေကျင်တွဲဖက်သာသနာပိုင် သီတဂူဆရာတော်ကြီးက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားချီးမြှင့်သည်။ ယင်းနောက် ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# Website အချို့ Defacement Attack ပြုလုပ်ခံရသော်လည်း ပုံမှန်အခြေအနေသို့ ပြန်လည်ရရှိခဲ့

**နေပြည်တော် စက်တင်ဘာ ၄**

http://www.cbm.gov.mm Website ကို ယနေ့နံနက် ၂ နာရီခွဲခန့်က Defacement Attack ပြုလုပ်ခြင်းခံရပြီး နံနက် ၅ နာရီတွင် ပုံမှန်အခြေအနေသို့ ပြန်လည်ရရှိခဲ့ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ သိရသည်။

"ဒီ Website ကို ဒီနေ့မနက် ၂ နာရီခွဲလောက်မှာ ဆိုက်ဘာတိုက်ခိုက်ခံရတာ ဖြစ်ပါတယ်။ Deface လုပ်သွားတာပါ။ သိသိချင်း ကျွန်တော်တို့ ကာကွယ်နိုင်ဖို့ တုံ့ပြန်ဆောင်ရွက်ကြပါတယ်။ ပညာရှင်၊ ဝါသနာရှင် လူငယ်လေးတွေကလည်း ကူညီပေးကြပါတယ်။ မနက် ၅ နာရီလောက်မှာ ပုံမှန်ပြန်ဖြစ်သွားပါတယ်"ဟု အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲနိုင်မိုးက ပြောကြားသည်။

အလားတူ www.forestdepartment.gov.mm၊ www.dryzonegreening. gov.mm၊ www.tnrpmoecaf.gov.mm၊ www.surveydepartment.gov.mm၊ www.myanmarchm.gov.mm အစရှိသည့် Website ငါးခုကိုလည်း Defacement Attack ပြုလုပ်ခံရကြောင်းနှင့် တိုက်ခိုက်ခံရပြီး သိလျှင်သိချင်း တုံ့ပြန်ဆောင်ရွက်ကာ ပြန်လည်ပြင်ဆင်နိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီက ပြီးခဲ့သည့် စက်တင်ဘာ ၁ ရက်က သတင်းထုတ်ပြန်ထားသည်။

ထိုသို့ Website ငါးခုကို Defacement Attack ပြုလုပ်ခံရမှုအပေါ် "ရုံးဌာန ငါးခုရဲ့ Website တွေကို တိုက်သွားတာပါ။ Server တစ်လုံးထဲပေါ် တင်ထားတာမို့ပါ။ အခြားဌာနတွေကိုလည်း တိုက်ဖို့ကြိုးစားတာတွေ ရှိပါတယ်။ သက်ဆိုင်ရာဌာနတွေက စောင့်ကြည့်ပြီး လိုအပ်သလို ကာကွယ်ဆောင်ရွက်ကြတာတွေရှိပါတယ်။ အချို့ဌာနတွေက ကျွန်တော်တို့နဲ့ ဆက်သွယ်ဆောင်ရွက်နေတာရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မသိလိုက်တဲ့ ကိစ္စတွေလည်း ရှိနိုင်ပါတယ်"ဟု ဦးရဲနိုင်မိုးက ပြောသည်။

ဆက်လက်၍ ၎င်းက "ပြည်သူတွေအနေနဲ့ အင်တာနက်သုံးစွဲတဲ့အခါ ကိုယ်မသိတဲ့သူက ပေးပို့လာတဲ့ URL Link တွေ၊ File တွေကို နှိပ်တာမျိုး၊ Download လုပ်တာမျိုး မလုပ်မိကြဖို့ လိုအပ်ပါတယ်။ ပြီးတော့ Free Software တွေ၊ Game တွေ မယူမိဖို့လည်း လိုအပ်ပါတယ်။ ဒီနောက်ကွယ်မှာ ကိုယ့်ရဲ့ Account ဒါမှမဟုတ် စက်ကို သူတို့က ထိန်းချုပ်သွားနိုင်ပါတယ်။ ကိုယ်က မလုပ်မိဖို့ လိုသလို တစ်ဆင့်ဖြန့်ဝေတာမျိုးလည်း မလုပ်သင့်ပါဘူး"။

"ကျွန်တော်တို့ဌာနအနေနဲ့ သက်ဆိုင်ရာဌာနတွေကို အကြောင်းကြား နှိုးဆော်ထားသလို လူငယ်ပညာရှင်တွေ၊ ဝါသနာရှင်တွေနဲ့ ပူးပေါင်းပြီး ဆိုက်ဘာလုံခြုံရေး မကျိုးပေါက်စေဖို့နဲ့ အကယ်၍ ကျိုးပေါက်မှုဖြစ်ပေါ်ခဲ့ရင် အမြန်ဆုံး ပြန်လည်ပြီး Recover လုပ်နိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီအတွက် အရေးပေါ်စီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောကြားသည်။

သက်ဆိုင်ရာ ရုံးဌာနများအနေဖြင့် ဆိုက်ဘာလုံခြုံရေး ကျိုးပေါက်မှုမရှိစေရေးအတွက် မိမိတို့၏ Website များကို စောင့်ကြည့်ကြရန်၊ လုံခြုံရေးအဆင့်မြှင့်တင်ကြရန်နှင့် လိုအပ်ပါက အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာနသို့ ဆက်သွယ်ကြရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အကြောင်းကြားစာ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ အခြားသောဝက်ဘ်ဆိုက်များ၊ အလားတူ ဆိုက်ဘာတိုက်ခိုက်မှုများ ဖြစ်ပေါ်ပါက နည်းပညာအကူအညီရယူရန် mmCERT, အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၊ သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ဖုန်း-၀၁-၆၅၀၈၉၁၊ ၀၆၇-၃၄၂၂၆၃၃၊ e-mail: technicalteam@mmcert.org.mm သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ ပဏာမအသံစစ်ဆေးခြင်းကို စက်တင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် မန္တလေးမြို့၌ ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၄**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီးများ၌ ပြုလုပ်လျက်ရှိသည်။

မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ စက်တင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ဒေသတစ်ဝိုက်အတွက် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ ပဏာမအသံစစ်ဆေးခြင်းကို လည်းကောင်း၊ စက်တင်ဘာ ၉ ရက်တွင် Stage Rehearsal ပြုလုပ်ခြင်းကို လည်းကောင်း၊ စက်တင်ဘာ ၁၀ ရက်တွင် Level 1 Live ယှဉ်ပြိုင်ခြင်းများကို လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကာဂျစ္စတန်နှင့် မြန်မာအသင်းတို့၏ အာရှဖလားခြေစစ်ပွဲ ရွှေ့ဆိုင်း

**ကာဂျစ္စတန် စက်တင်ဘာ ၄**

စက်တင်ဘာ ၅ ရက်တွင် ကာဂျစ္စတန်နိုင်ငံ၌ ကျင်းပမည့် ကာဂျစ္စတန်အသင်းနှင့် မြန်မာအသင်းတို့၏ အာရှဖလားခြေစစ်ပွဲ(တတိယအဆင့်) ပွဲစဉ်(၃)ကို လုံခြုံရေးအခြေအနေကြောင့် ရွှေ့ဆိုင်းလိုက်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က စက်တင်ဘာ ၄ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်ခဲ့သည်။

ကာဂျစ္စတန်ဘောလုံးအဖွဲ့ချုပ်သည် လုံခြုံရေးစိတ်ချရခြင်းမရှိသောကြောင့် အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အား မေတ္တာရပ်ခံခဲ့ရာ သဘောတူခဲ့သဖြင့် ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ ကာဂျစ္စတန်နှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်မည့်ရက်ကို အာရှဘောလုံးအဖွဲ့ချုပ်က ထပ်မံကြေညာမည်ဖြစ်သည်။ ယင်းနှစ်သင်းသည် နှစ်ပွဲကစားသုံးမှတ်ရထားပြီး ခြေစစ်ပွဲအောင်မြင်ရန် ယခုပွဲမှာ အရေးပါလျက်ရှိသည်။

**(ရဲရင့်ရှိုင်း)**

# (၁၆)ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေး အောက်တိုဘာလတွင် မြန်မာနိုင်ငံ၌ ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၄**

(၁၆) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

"အာဆီယံစီးပွားရေးအသိုက်အဝန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ စားသုံးသူအကာအကွယ်ပေးရေးကဏ္ဍဟာ အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။ မြန်မာနိုင်ငံဟာ အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီက ချမှတ်ထားတဲ့ အာဆီယံစားသုံးသူကာကွယ်ရေးမဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) ကို အခြားအာဆီယံနိုင်ငံတွေနဲ့အတူ လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီမဟာဗျူဟာလုပ်ငန်းစီမံချက်ကို ရည်မှန်းချက်လေးရပ်နဲ့ ချမှတ်အကောင်အထည်ဖော်နေပြီး ဒီရည်မှန်းချက်တွေကတော့ တူညီသော အာဆီယံစားသုံးသူကာကွယ်ရေးမူဘောင်ချမှတ်ခြင်း၊ စားသုံးသူတွေရဲ့ စွမ်းဆောင်နိုင်မှုနဲ့ ဗဟုသုတ အဆင့်မြင့်မားစေခြင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနဲ့ နိုင်ငံဖြတ်ကျော် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းတွေမှာ စားသုံးသူယုံကြည်မှုမြင့်မားစေခြင်း၊ အခြားအာဆီယံ မူဝါဒတွေမှာ စားသုံးသူအရေးကိစ္စတွေကို ထည့်သွင်းဆောင်ရွက်စေခြင်းတို့ဖြစ်ပါတယ်"ဟု စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက ပြောသည်။

အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီကို ၂၀၀၈ ခုနှစ်တွင် တရားဝင်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပြီး ဖွဲ့စည်းတည်ထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ အာဆီယံစီးပွားရေးထိုးဖောက်ဆောင်ရွက်မှုအား လူကိုအဓိကထားသည့် နည်းလမ်းဖြင့် ဆောင်ရွက်ရာတွင် ချောမွေ့စေရန်နှင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ခိုင်မာတောင့်တင်းစေရန်၊ စားသုံးသူကာကွယ်ရေးအဆင့်မြှင့်ရန်နှင့် အာဆီယံအတွင်းရှိ စားသုံးသူများ၏ အကျိုးစီးပွားကာကွယ်နိုင်ရန်အတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း သိရသည်။

အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ အစည်းအဝေးများကို ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် ၁၆ ကြိမ်ရှိလာပြီဖြစ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ် နိုင်ငံအက္ခရာစဉ်အလိုက် ကျင်းပလေ့ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် (၁၅)ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးကို လာအိုနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပြီး ယခုနှစ်အတွက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီဥက္ကဋ္ဌမှာ ဖိလစ်ပိုင်နိုင်ငံဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

**(ရှင်မင်း)**

# ထောက်ပံ့လှူဒါန်းသော အလှူငွေကို ထိရောက်အကျိုးရှိစွာ အသုံးပြုသွားမည်ဖြစ်



**နေပြည်တော် စက်တင်ဘာ ၄**
ရခိုင်ပြည်နယ်အတွင်း ဒေသခံတိုင်းရင်းသားများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် မြတ်စေတနာဖောင်ဒေးရှင်းမိသားစုမှ ဖောင်ဒေးရှင်းနာယက ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ငွေကျပ် ၄၅ သိန်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ယနေ့ မွန်းလွဲပိုင်းက လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။(**ယာပုံ**)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် စေတနာရှင်ပြည်သူများမှ လှူဒါန်းသော လှူဒါန်းပစ္စည်းနှင့် လှူဒါန်းငွေများကို ရခိုင်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားများအတွက် လိုအပ်သော အကူအညီထောက်ပံ့မှုများတွင် ထိရောက်အကျိုးရှိစွာ အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု မောင်တောဒေသ ပုံမှန်အခြေအနေ ပြန်လည်ရရှိရေး ပူးပေါင်းဆောင်ရွက်ရန် ဌာနဆိုင်ရာတာဝန်ရှိသူများအားမှာကြား၊ ဒေသခံတိုင်းရင်းသားများအတွက် စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့

**စစ်တွေ စက်တင်ဘာ ၄**
မောင်တောဒေသအခြေအနေ ပုံမှန်ပြည်လည်ရရှိရေး အထူးအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ယခုဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ပျက်စီးဆုံးရှုံးမှုများ၊ သေဆုံးမှုများကို သက်ဆိုင်ရာဌာနများအနေဖြင့် မှန်မှန်ကန်ကန် စိစစ်သွားရန်၊ ရွှေ့ပြောင်းရောက်ရှိနေသောဒုက္ခသည်များ နေထိုင်စားသောက်ရေးကို ဌာနဆိုင်ရာများက ဖြေရှင်းကူညီဆောင်ရွက်ပေးရန်နှင့် ပြည်နယ်အစိုးရအဖွဲ့က စားနပ်ရိက္ခာအတွက် လက်လှမ်းမီသလောက် ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း၊ စားနပ်ရိက္ခာမှအစ စာရင်းဇယားများကို သေချာတိကျစွာ ကောက်ယူနိုင်ရေးအတွက် အဓိကကျသောအချက်မှာ လမ်းပန်းဆက်သွယ်ရေးပင်ဖြစ်ကြောင်း၊ အဓိကလမ်းကြောင်းကြီးများ ပြန်လည်ကောင်းမွန်ရေးမှာ အလွန်အရေးကြီးသော အခြေခံအချက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာများအနေဖြင့် မောင်တောဒေသအခြေအနေ ပုံမှန်ပြန်လည်ဖြစ်ပေါ်လာရေးကို ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းကာ



**ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု မောင်တောဒေသ ပုံမှန်အခြေအနေ ပြန်လည်ရရှိရေး ပူးပေါင်းဆောင်ရွက်ရန် ဌာနဆိုင်ရာတာဝန်ရှိသူများအား မှာကြားစဉ်။**

အချိန်နှင့်တစ်ပြေးညီ တက်ညီလက်ညီလုပ်ဆောင်နိုင်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် အသေးစိတ်ပြန်လည် ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ရုပ်သိမ်းခဲ့သည်။

အထူးအစည်းအဝေးတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုကြောင့် လမ်းပန်းဆက်သွယ်ရေး၊ ကယ်ဆယ်ရေးစခန်းများအခြေအနေနှင့် တယ်လီဖုန်း ဆက်သွယ်မှုလိုင်းများ အပြည့်အဝကောင်းမွန်စေရေးစသည့် ကဏ္ဍပေါင်းစုံ စိန်ခေါ်မှုအခက်အခဲပြဿနာများကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးနှင့် ဒေသအမြန်ဆုံးပြန်လည်တည်ငြိမ်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာကာ ကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေသော ဒေသခံတိုင်းရင်းသားများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်၊ အာလူး၊ ကျန်းမာရေး အထောက်အကူပြု ဆေးဝါးပစ္စည်းများ၊ ကွမ်း၊ ဆေးလိပ်တို့ကို ကယ်ဆယ်ရေးစခန်းတစ်ခုစီအလိုက် တပ်မတော် ရဟတ်ယာဉ်ဖြင့် လိုက်လံပို့ဆောင် ကူညီထောက်ပံ့ပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယနေ့ကူညီထောက်ပံ့ပေးခဲ့သော ကယ်ဆယ်ရေးစခန်းများမှာ ရခိုင်၊ မြို၊ သက်၊ ဒိုင်းနက်နှင့် ဗမာအများစုနေထိုင်သော မောင်တောဒေသမြောက်ပိုင်းရှိ တောင်ပြိုဝဲမြို့၊ မြို့နှင့် ဒေသခံတိုင်းရင်းသားရခိုင်အများစုနေထိုင်သော တရိန်းကျေးရွာနှင့် ခြံပြင်ကျေးရွာတို့ဖြစ်ပြီး ပြည်နယ်အစိုးအနေဖြင့် စားနပ်ရိက္ခာနှင့်ပတ်သက်၍ ဒေသခံတိုင်းရင်းသားများ လုံလောက်မှုရရှိသည်အထိ အဆက်မပြတ် ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်မြောက်ပိုင်း အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ထိခိုက်ခံစားရသူများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကူညီပံ့ပိုး

**ရန်ကုန် စက်တင်ဘာ ၄**
ရခိုင်ပြည်နယ်မြောက်ပိုင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် ထိခိုက်ခံစားရသူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းက လိုအပ်သော လူမှုကရုဏာအကူအညီများ ပံ့ပိုးပေးလျက်ရှိရာ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်လာသော ပြည်သူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကို ရှေးဦးပြုစုပေးခြင်းနှင့် ဆေးရုံသို့ညွှန်းပို့ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်းနှင့် လိုအပ်သော ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်းစသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ထို့အပြင် နေရပ်စွန့်ခွာတိမ်းရှောင်လာသော ပြည်သူများအတွက် အရေးပေါ်လိုအပ်လျက်ရှိသော ဆန်၊ ဓာတ်ဆား၊ တာပေါ်လင်များနှင့် ဆေးစိမ်ခြင်ထောင်များကို ထောက်ပံ့ပေးပြီး ယာယီကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းကာ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ဆက်လက်၍ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ငါးသေတ္တာများ၊ ခေါက်ဆွဲခြောက်နှင့် သောက်သုံးရေတို့ကို ထောက်ပံ့နိုင်ရေးအတွက်လည်း စီစဉ်ထားရှိကြောင်း သိရသည်။

သဘာဝ ဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ ပဋိပက္ခနှင့် အကြမ်းဖက်မှုများကြောင့်ဖြစ်စေ ထိခိုက်ခံစားရသူများကို လူမျိုးမရွေး၊ ဘာသာမရွေး၊ အသားအရောင်မရွေး ခွဲခြားမှုမရှိဘဲ ကြားနေကာ ကြက်ခြေနီ၏ အခြေခံမူဝါဒများနှင့်အညီ အမှန်တကယ်အကူအညီ လိုအပ်နေသူများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ **ရွှေ့ဖုံးမှ**

နိုင်ငံတော်အစိုးရသည် ကြက်ခြေနီလှုပ်ရှားမှု(Red Cross Movement)နှင့်အတူ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အစည်းအဝေးတစ်ရပ်ကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန နေပြည်တော်တွင် ယနေ့နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ဗြိတိန်၊ ဒိန်းမတ်၊ အမေရိကန်နိုင်ငံ သံရုံးများမှ သံအမတ်ကြီးများ၊ ဩစတြေးလျနိုင်ငံသံရုံးနှင့် ဥရောပသမဂ္ဂကိုယ်စားလှယ်ရုံးမှ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်၊ ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့တွင် ပါဝင်သော MRCS၊ ICRC၊ IFRC တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်၌ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်မှ စတင်ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ၍ တိမ်းရှောင်နေကြရသည့် ဒေသတွင်းနေထိုင်သူများအားလုံးအတွက် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံများမှ ပါဝင်ပူးပေါင်းပြီး ထောက်ပံ့မှုလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

**ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

### ❒ ရခိုင်ပြည်နယ်မှ

ဝက်အူချောင်း ပိဿာ ၅၀၀၊ ကြက်သွန်နီ ပိဿာ ၆၀၀၊ ပဲကတ္တီပါ အိတ်၄၀၊ ဘီစကစ်နှင့် ယမ်းယမ် ခေါက်ဆွဲခြောက် ၆၅ ဖာ၊ အကျီ အထည် ၅၀၀ တို့ကို ယနေ့ညနေပိုင်းတွင် တံတားဦးမြို့ရှိ နယ်မြေခံလေတပ်စခန်းမှ တပ်မတော်လေယာဉ်ဖြင့် စစ်တွေလေဆိပ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း။

အဆိုပါ ထောက်ပံ့ပစ္စည်းများကို နေရပ်စွန့်ခွာတိမ်းရှောင်ပြီး နေရာအသီးသီးသို့ ရွှေ့ပြောင်းရောက်ရှိနေသည့် တိုင်းရင်းသားပြည်သူများ လက်ဝယ်သို့ တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံထောက်ပံ့ပေးအပ်လျက်ရှိရာ ရသေ့တောင်မြို့နယ် သဇင်မြိုင်ကျေးရွာ၊ ပိတောက်မြိုင်ကျေးရွာ၊ ပြင်ရှည်ကျေးရွာ၊ ချွတ်ပြင်ကျေးရွာနှင့် အောင်ဇေယျကျေးရွာများရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၁၃၈၃ ဦးတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

### ❖ ကျောဖုံးမှ

အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရှိရကြောင်း။

ထို့ပြင် ဇော်မတက်ကျေးရွာအုပ်စု ဒဂါးကျေးရွာတွင် နေအိမ် ၃၀၊ ဆော်ကီးနာမကျေးရွာတွင် နေအိမ် ၅၀၊ ဟသ်ာရကျေးရွာတွင် နေအိမ် ၁၀ လုံး စုစုပေါင်း နေအိမ် ၉၀ မီးလောင်ကျွမ်းနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ မွန်းတည့် ၁၂ နာရီခန့်တွင် မီးငြိမ်းသွားသည်ကို တွေ့ရှိရကြောင်း။

လုံခြုံရေး တပ်ဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် ချိန်ခါလီကျေးရွာအတွင်း နယ်မြေရှင်းလင်းစဉ် ကျေးရွာအစွန်ရှိ နေအိမ်တစ်လုံး မီးလောင်ကျွမ်းနေသည်ကို တွေ့ရှိရပြီး ၎င်းအိမ်မှ မိုင်း နှစ်လုံး ပေါက်ကွဲခဲ့ကြောင်း။

အခြားလုံခြုံရေးအဖွဲ့တစ်ဖွဲ့သည် မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် သဘော်ကွေ့ကျေးရွာတစ်ဝိုက် နယ်မြေရှင်းလင်းစဉ် ၎င်းရွာရှိ နေအိမ် ၄၀၀ ခန့်မှာ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် မီးလောင်ပျက်စီးခဲ့သည်ကို တွေ့ရှိရကြောင်း။

မောင်တောမြို့ အမှတ်(၅) ရပ်ကွက် MPT တာဝါတိုင်အနီးတွင် ယနေ့ညနေပိုင်းက မသင်္ကာသူတစ်ဦး တွေ့ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေစဉ် တာဝါတိုင်၏ အရှေ့ဘက် ခြံစည်းရိုးအနီး အချင်းနှစ်လက်မ၊ အရှည် ကိုးလက်မရှိ သံပိုက်လုံးဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်းတစ်လုံးအား အဖြူရောင်ဝါယာကြိုး အရှည်ပေ ၁၀၀ ခန့် တစ်ချောင်းနှင့် အနီ၊ အနက် နှစ်ပင်လိမ် ဝါယာကြိုးအရှည် ၄၅ ပေခန့်တို့အား လက်လုပ်မိုင်းနှင့် ဆက်သွယ်ထားသည်ကို တွေ့ရှိသဖြင့် လက်လုပ်မိုင်းအား ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများက နယ်မြေလုံခြုံရေးကင်းစခန်းအား လာရောက်ပစ်ခတ်

**နေပြည်တော် စက်တင်ဘာ ၄**

ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် ယမန်နေ့ညပိုင်းက မောင်တောမြို့နယ်အတွင်း လုံခြုံရေးကင်းစခန်းအား လာရောက်ပစ်ခတ်သကဲ့သို့ ယနေ့နံနက်ပိုင်းကလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် မီးတိုက်ရွာကင်းစခန်းကို ယမန်နေ့ည ၁၀ နာရီခန့်တွင် ARSA အစွန်းရောက်အကြမ်းဖက်သမား ၂၀ ခန့်က စခန်းအနောက်ဘက် ကိုက် ၅၀ ခန့်မှ လုပ်သေနတ်များဖြင့် လာရောက်ပစ်ခတ်သဖြင့် ပြန်လည်ပစ်ခတ်ရာ နာရီဝက်ခန့်အကြာတွင် အကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာသွားသည်။ ၎င်းဖြစ်စဉ်တွင် အစွန်းရောက်အကြမ်းဖက်သမားအလောင်း တစ်လောင်း၊ တူမီးသေနတ် တစ်လက်၊ ခဲသီးများ၊ ယမ်းဘူး နှစ်ဘူး၊ ဓားကောက် တစ်ချောင်းနှင့် ဓာတ်မီး တစ်လက်တို့ သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီခန့်က မောင်တောမြို့နယ် သဘော်ကွေ့ကျေးရွာအတွင်း နယ်မြေရှင်းလင်းစဉ် ARSA အစွန်းရောက်အကြမ်းဖက်သမား ၃၀ ခန့်နှင့် ထိတွေ့မှုဖြစ်ပွားပြီး ၎င်းဖြစ်စဉ်တွင် အကြမ်းဖက်သမားအလောင်းတစ်လောင်း၊ လုပ်သေနတ်တစ်လက်ရရှိခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

**မောင်တောမြို့နယ် သဘော်ကွေ့ကျေးရွာ၌ ထိတွေ့မှုဖြစ်ပွားသည့် နေရာပြမြေပုံ**



**မောင်တောမြို့နယ် မီးတိုက်ရွာကင်းစခန်းအား ARSA အစွန်းရောက် အကြမ်းဖက်သမားများ လာရောက်ပစ်ခတ်သဖြင့် ထိတွေ့မှုဖြစ်ပွားသည့် နေရာပြမြေပုံ**



# အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာလာသူ ၃၀၀၀ ခန့် စစ်တွေမြို့ရှိ ယာယီစခန်း ၁၇ ခုတွင် နေရာချထားပေး

**စစ်တွေ စက်တင်ဘာ ၄**

ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် မောတောဒေသမှ စစ်တွေမြို့သို့ ခေတ္တနေရပ်စွန့်ခွာလာသူဦးရေ ၃၀၀၀ ခန့်ရှိနေပြီး ၎င်းတို့ကို မြို့ပေါ်ရှိ ယာယီစခန်း ၁၇ ခုတွင် ယာယီနေရာချထားပေးကြောင်း သိရသည်။

အဆိုပါ နေရပ်စွန့်ခွာလာသူများကို စက်တင်ဘာ ၃ ရက်အထိ သက်ဆိုင်ရာမှ ကောက်ယူရရှိသော စာရင်းအရ စစ်တွေမြို့ရှိ ဓမ္မာရာမကျောင်းတိုက်၊ အဓိဋ္ဌာန်ကျောင်းတိုက်၊ မဟာဇေယျသိဒ္ဓိပဋ္ဌာန်းကျောင်း၊ သရက်တောကျောင်း၊ ပြည်ကြီးမဏ္ဍိုင်ကျောင်း၊ ဓမ္မပါလကျောင်း၊ ရတနာ့ဗိမာန်ကျောင်း၊ ရေပိုက်ဆုံကျောင်းတိုက်၊ အလိုတော်ပြည့်ကျောင်း၊ သိဒ္ဓိကာရုံကျောင်း၊ လရောင်ဝန်းကျောင်း၊ လမ္ဘတော်မြောက်ကျောင်း၊ မဏိရတနာကျောင်း၊ ဆုတောင်းပြည့်ကျောင်း၊ ဗုဒ္ဓေါမော်ကျောင်းနှင့် ဟိန္ဒူဘုရားကျောင်း နှစ်ကျောင်း စသည့်နေရာ ၁၇ နေရာတွင် အိမ်ထောင်စု ၉၁၄ စုမှ အမျိုးသား ၁၂၈၂ ဦး၊ အမျိုးသမီး ၁၇၁၆ ဦး စုစုပေါင်း ၂၉၉၈ ဦးတို့ကို ယာယီနေရာချထားပေးထားကြောင်း သိရသည်။

နေရပ်စွန့်ခွာတိမ်းရှောင်လာကြသူများအတွက် လတ်တလော စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ပြည်နယ်အစိုးရဖွဲ့က ဆန်နှင့်ဆီအပြင် လူတစ်ဦးလျှင် ငွေကျပ် ၁၅၀၀ နှုန်းကို နေ့စဉ်ထောက်ပံ့ပေးနေကြောင်း စစ်တွေမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းက ပြောသည်။

"စစ်တွေမြို့ကို ရောက်ရှိလာတဲ့ နေရပ်စွန့်ခွာလာသူတွေကို ကျွန်တော်တို့ နေ့စဉ် ဝင်ထွက်စာရင်းကောက်ယူပြီး ဘုန်းတော်ကြီးကျောင်းအသီးသီးမှာ နေရာထိုင်ခင်းတွေ စီစဉ်ပေးတယ်။ စခန်းတစ်ခုစီမှာလည်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ ကျွန်တော်တို့ဆီက စာရေးဝန်ထမ်းတစ်ဦးစီအပြင် ပြည်နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူတစ်ဦးစီကိုလည်း တာဝန်ချထားပါတယ်။ သူတို့ကနေ ကျွန်တော်တို့ဆီကို သတင်းပို့ပြီးရင် ကျွန်တော်တို့က ပြည်နယ်အစိုးရအဖွဲ့ဆီ နေ့စဉ် ပြန်လည်တင်ပြပေးပါတယ်" ၎င်းက ပြောသည်။

နေရပ်စွန့်ခွာလာသူဦးရေ များပြားခြင်းတို့ကြောင့် နေရာချထားသည့် ဘုန်းတော်ကြီးကျောင်းတချို့တွင် ယာယီခိုလှုံနေထိုင်သူများ၏ စားရေးသောက်ရေးအတွက် အိုးခွက်ပန်းကန်များနှင့် လိုအပ်မှုတချို့ကို ပြည်နယ်အစိုးရဖွဲ့က ဝယ်ယူဖြည့်ဆည်းပေးထားသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ယာယီစခန်း တစ်ခုစီတွင် ကျန်းမာရေးဝန်ထမ်းများကိုလည်း တာဝန်ချထားကြောင်း သိရသည်။

နေရပ်စွန့်ခွာလာသူများအား လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုနှင့် ပတ်သက်ပြီး ဦးမင်းသိန်းက "လူဦးရေများတဲ့အတွက် လိုအပ်တာတချို့ရှိပေမယ့် တတ်နိုင်သလောက် ဆောင်ရွက်ပေးနေပါတယ်။ ကျန်းမာရေးအတွက်လည်း သူနာပြုတွေကို စခန်းအသီးသီးမှာ တာဝန်ချထားပြီး ဆရာဝန်တွေကတော့ Mobile Team အဖွဲ့တွေနဲ့ လိုက်လံဆောင်ရွက်ပေးနေတယ်။ အရေးပေါ်ဆေးရုံတင်ရမယ့် လူနာရှိနေရင်လည်း ကျွန်တော်တို့က ဆေးရုံတင်ပေးပြီး ကုသပေးပါတယ်။ လောလောဆယ် အဓိကအခက်အခဲဖြစ်နေတာက ဘုန်းကြီးကျောင်းတွေမှာ အိမ်သာတွေ မလုံလောက်ဘဲဖြစ်နေတယ်။ ဒါကြောင့် ယင်လုံအိမ်သာတွေအတွက် ပြည်နယ်တာဝန်ရှိသူတွေက ကုမ္ပဏီတွေနဲ့ ဆောက်လုပ်သွားဖို့ စီစဉ်နေပါတယ်"ဟု ပြောသည်။

မဟာဇေယျသိဒ္ဓိပဋ္ဌာန်းကျောင်းတွင် ကူညီဆောင်ရွက်ပေးနေသည့် ဒေသခံတစ်ဦးဖြစ်သူ ဦးသန်းထွန်းကလည်း "မဟာဇေယျသိဒ္ဓိကျောင်းမှာ နေရပ်စွန့်ခွာလာသူ ၃၀၀ ကျော်ရှိတယ်။ ကျွန်တော်တို့ ဒေသခံတွေအနေနဲ့ ဆောင်ရွက်ပေးနိုင်တာကတော့ ဒီနေရပ်စွန့်ခွာလာသူတွေကို စားသောက်ဖို့ကိစ္စနဲ့ သာမန်လူသုံးကုန်ပစ္စည်းတွေကိုပဲ ကူညီပံ့ပိုးပေးနိုင်ပါတယ်။ အစိုးရတာဝန်ရှိသူတွေအနေနဲ့ ဖိဖိစီးစီးဆောင်ရွက်ပေးဖို့ လိုပါတယ်" ဟု ပြောသည်။



မဟာဇေယျသိဒ္ဓိပဋ္ဌာန်းကျောင်းတွင် ယာယီထားရှိသော နေရပ်စွန့်ခွာလာကြသူများကို တွေ့ရစဉ်။

**သတင်း-တင်မောင်လွင်**
**မင်းထက်အောင်**
**ဓာတ်ပုံ-မောင်မွေး**

### ✪ အာဆီယံမှ

နောက်ခံလူ လက်ထိခဲ့၍ ပင်နယ်တီကန်ခွင့်ရခဲ့ပြီး နာတာဝပ်က သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရခဲ့သည်။ ထိုင်းအသင်းအတွက် တတိယဂိုးကို ပွဲပြီးခါနီးနာကျင်အချိန်ပိုတွင် ချိုင်ဝပ်က အဝေးမှ ကန်သွင်းယူခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် မလေးရှားအသင်းက လာအိုအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် စင်ကာပူအသင်းက ကမ္ဘောဒီးယားအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(ခ)ပွဲစဉ်များကို စက်တင်ဘာ ၅ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် ဖိလစ်ပိုင်နှင့် ဘရူနိုင်း၊ ညနေ ၆ နာရီတွင် အိမ်ရှင်မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည် **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# အလုပ်သမားရေးရာအမြဲတမ်းအတွင်းဝန်နှင့် အလုပ်သမားအဖွဲ့အစည်းများ တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၄**

အလုပ်သမားရေးရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင် ဦးဆောင်သည့်အဖွဲ့နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ယမန်နေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းတွင်တွေ့ဆုံ၍ အလုပ်သမားရေးရာကိစ္စရပ်များကို ဆွေးနွေးကြသည်။



လှိုင်သာယာမြို့နယ်တွင် ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက အလုပ်သမားအင်အား ၁၅၀၀ ခန့်က အနည်းဆုံးအခကြေးငွေကျပ် ၅၆၀၀ အမြန်ဆုံးသတ်မှတ်ပေးရေး၊ လူမှုဖူလုံရေးအိမ်ရာစီမံကိန်းအကောင်အထည်ဖော်ဆောင်ပေးရေး၊ ခုံသမာဓိကောင်စီ၏ဆုံးဖြတ်ချက်ကို မလိုက်နာလျှင် မည်သူ့ကိုမဆို ထောင်ဒဏ်ချမှတ်ရန် ဥပဒေပြင်ဆင်ပေးရေး၊ အလုပ်သမားအဖွဲ့အစည်း မှတ်ပုံတင်ရာတွင် အလုပ်ရှင်၏လက်မှတ်တောင်းဆိုခြင်းအား ပယ်ဖျက်ပေးရေး၊ အနည်းဆုံးအခကြေးငွေထုတ်ပြန်သည့် ၂၀၁၅ ခုနှစ် ဩဂုတ် ၂၈ ရက်မှ နှစ်နှစ်အတွင်း ပြင်ဆင်သတ်မှတ်ပေးရေး စသည့် အချက်ငါးချက်ကို ကြွေးကြော်ကာ ဆန္ဒထုတ်ဖော်ခြင်းနှင့်ပတ်သက်၍တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်သည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများကွန်ရက်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တောင်သူလယ်သမား စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်နှင့် အနာဂတ်အလင်းတန်းဆုံမှတ်တို့ မျိုးဆက်ကွန်ရက်စသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**(ဇာနည်မောင်)**

# တန့်ယန်းမြို့နယ် နမ့်ပါမွန်းကျေးရွာ၌ အခမဲ့ကွင်းဆင်းဆေးကုသ

**တန့်ယန်း စက်တင်ဘာ ၄**

တန့်ယန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ကျေးရွာအရောက်ကွင်းဆင်းကာ ကျေးလက်နေပြည်သူများအား ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းများ အခါအားလျော်စွာ ဆောင်ရွက်ပေးနေပြီး ပြည်သူများ ကျန်းမာရေးအသိပညာဗဟုသုတများ တိုးပွားရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက တန့်ယန်းမြို့နယ် လုံမုံကျေးရွာအုပ်စု နမ့်ပါမွန်းကျေးရွာ၌



မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ဇော်ဦးနှင့် ဝန်ထမ်းများက အခမဲ့ကွင်းဆင်းဆေးကုသပေးခဲ့သည်။

ရှေးဦးစွာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ဇော်ဦးက အခမဲ့ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ကျန်းမာရေးဆိုင်ရာအသိပညာများ၊ ရာသီတုပ်ကွေး A(H1N1)နှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအကြောင်းတို့ကိုရှင်းလင်းပြီး ကျေးရွာပြည်သူများ၏ သိရှိလိုသည်များကို ရှင်းလင်းဟောပြောသည်။

ယင်းနောက် မြို့နယ်ဆရာဝန်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုများက နမ့်ပါမွန်းကျေးရွာရှိ ပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်း၊ ဆေးဝါးများပေးအပ်ခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းအပြင် ကျေးရွာအတွင်း ခြင်ဆေးမှုတ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များနှင့် ကြက်ခြေနီအဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**ကျောင်းကုန်း စက်တင်ဘာ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျောင်းကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၉) စက်မှုလယ်ယာစခန်း၌ ဖွင့်လှစ်သော လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက စက်မှုလယ်ယာဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းသို့ ကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၁၂ ရက်ဖြစ်ကြောင်း သိရသည်။ သင်တန်းတွင် မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးရဲထွန်းက အဆင့်မြင့်လယ်ယာဖော်ထုတ်ရေးနှင့် လယ်ယာသုံးစက်ကိရိယာသုံးစွဲရေးအကြောင်း၊ ဒု-ဦးစီးမှူးများဖြစ်သည့် ဦးကျော်ကျော်မြင့်က အင်ဂျင်နှင့် ဂီယာဘောက်အကြောင်း၊ ဦးသန်းဦးက အဆင့်မြင့်ထွန်စက်ကြီးများ မောင်းနှင်ထိန်းသိမ်းမှု စာတွေ့၊ လက်တွေ့များ၊ ဦးကျော်လွင်က လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအကြောင်းတို့ကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အချက်အပြုတ်သရုပ်ပြပွဲနှင့် ကျန်းမာရေးအသိပညာပေးခြင်းများ ပြုလုပ်

**သထုံ စက်တင်ဘာ ၄**

ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရပြည့်ဝမျှတသည့်အစားအစာများကို သိရှိနားလည်နိုင်စေနိုင်ရန်အတွက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းကာ အာဟာရ ဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အချက်အပြုတ်သရုပ်ပြပွဲနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများကို ယနေ့ နံနက် ၉ နာရီက သထုံမြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းယုနှင့် မြို့နယ်အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ခင်စိုးလှိုင်တို့က အာဟာရအုပ်စုသုံးစုကိုအခြေခံသည့် ကျန်းမာရေးဆိုင်ရာ စားသောက်နေထိုင်ခြင်းများအကြောင်းတို့ကိုလည်းကောင်း၊ မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်ဇင်မာဦးက အိုင်အိုဒင်းဆားသုံးစွဲမှုနှင့် ပတ်သက်သည့် သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က ကိုယ်ဝန်ဆောင်မိခင်များအတွက် အာဟာရနှင့် စာဖတ်ရှိန်မြင့်မားရေးအတွက်လည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် သထုံမြို့နယ်အတွင်းရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ခဲ့ကြပြီး ကျန်းမာရေးဌာနမှ ဝန်ထမ်းများက အာဟာရပြည့်ဝမျှတသည့် အစားအစာများကို ချက်ပြုတ်သရုပ်ပြသပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကိုယ်ဝန်ဆောင်မိခင်များအတွက် ဖြည့်စွက်အာဟာရများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

❑

# သီလ

'သီလ'ကို သူ့နည်းသူ့ဟန် နားလည်သိမြင်ကျင့်သုံးနေမှုများကို လေးစားရှိသေဦးခိုက်ရင်း အနီးရှိအဘိဓာန်တို့မှ အဓိပ္ပာယ်ဖွင့်ဆိုမှုများမှစလျက် တွေးမြင်ခံစားရသမျှကို အကျဉ်း၊ ပွင့်လင်း၊ အရှင်း တင်ပြရလျှင် -

"သီလ = သိက္ခာပုဒ်ကို ဆောက်တည်စောင့်သုံးခြင်း။ ကိုယ်ကျင့်တရား" ဟု ပါဠိသက်ဝေါဟာရအဘိဓာန်(ဦးထွန်းမြင့်)၌ ဖွင့်ဆိုထားပါသည်။

"သီလ = moral; precepts(which are five, eight and ten in number).[သီလ Pali]"ဟု မြန်မာ-အင်္ဂလိပ်အဘိဓာန် (မြန်မာစာအဖွဲ့ဦးစီးဌာန)၌ ပြထားပါသည်။

သာမန်အားဖြင့် ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူပြည်သားတို့သည်-

"(၁) ပါဏာတိပါတာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၃) ကာမေသု မိစ္ဆာစာရာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၄) မုသာဝါဒါ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ" ဆိုသည့် ငါးပါးသီလတို့ကို "အာမဘန္တေပါ အရှင်ဘုရား"ဟု သီလခံယူကြသည်။

ထိုမှတစ်ဆင့် -

(၃) ကာမေသု မိစ္ဆာစာရာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိကို

(၃) အဗြဟ္မ စရိယာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိဟု ပြောင်းလှမ်းလျက်-

"(၆) ဝိကာလဘောဇနာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာန ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၈) ဥစ္စာသယန မဟာသယနာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ" စသဖြင့် သုံးပါးတိုးလျက် ရှစ်ပါးသီလ -

(၉) မေတ္တာ သဟဂတေန စေတသာ သဗ္ဗပါဏ ဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ စသဖြင့် ဖြည့်လျက် ကိုးပါးသီလ -

ထို့အပြင် -

(၈) မာလာဂန္ဓ ဝိလေပန ဓရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၉) ဥစ္စာသယန မဟာသယနာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၁၀) ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ" စသဖြင့် မြှင့်လျက် ဆယ်ပါးသီလတို့ကို အခါအားသင့်သလို "အာမဘန္တေပါ အရှင်ဘုရား"ဟု ဖြည့်လျက် သီလခံယူကျင့်သုံးကြသည်။

အထက်ပါ ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါး စသဖြင့် သီလခံယူကျင့်သုံးသူများကို ရိုသေဦးခိုက်ပါသည်။ ထိုသီလတို့သည် ပါဠိဘာသာဖြစ်သော်လည်း သာမန်အားဖြင့် အများနားလည်သိထားခံယူကျင့်ကြံကြသူဖြစ်၍ မြန်မာအဓိပ္ပာယ်ဖွင့်ဆိုရေးသားခြင်း မပြုသည်ကို နားလည်ခွင့်လွှတ်စေလိုပါသည်။

မြန်မာအဓိပ္ပာယ်အကျဉ်းဖွင့်ဆိုတွေးမြင်ခံစားလိုသော သီလ ၁၀ ပါးမှာ-

" (၁) ပါဏာတိပါတာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။
(သတ်မှုမလုပ်ခြင်း)

(၂) အဒိန္နာဒါနာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။
(ခိုးမှုမလုပ်ခြင်း)

(၃) ကာမေသု မိစ္ဆာစာရာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။
(ကာမကျူးမှုမလုပ်ခြင်း)

(၄) မုသာဝါဒါ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။
(လိမ်လည်မှုမလုပ်ခြင်း)

(၅) ပိသုဏဝါစာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။
(ကုန်းချောစကား မပြောခြင်း)

(၆) ဖရုသဝါစာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။
(ကြမ်းတမ်းစကား မပြောခြင်း)

(၇) သမ္ဖပ္ပလာပဝါစာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။
(ပေါ့တီးပေါ့ပျက် မပြောခြင်း)

(၈) အဘိဇ္ဈာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။
(ရယူသိမ်းပိုက်လိုစိတ် မရှိခြင်း)

(၉) ဗျာပါဒ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။
(ပျက်စီးဆုံးရှုံးစေစိတ် မရှိခြင်း)

(၁၀) မိစ္ဆာဒိဋ္ဌိ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။
(လွဲမှားအယူအဆ မရှိခြင်း)"တို့ ဖြစ်ပါသည်။

(၁)၊ (၂)၊ (၃)နှင့် (၄)မှာ ကိုယ်မှုသီလ၊ (၅)၊ (၆)နှင့် (၇)မှာ နှုတ်မှုသီလ၊ (၈)၊ (၉)နှင့် (၁၀)မှာ စိတ်ထားသီလတို့ဖြစ်ပါသည်။ ထိုသီလတို့သည် ဒုစရိုက်(မကောင်းမှု)ဆယ်ပါးတို့ကို ရှောင်ကြဉ်ခြင်းပင် ဖြစ်ပါသည်။

လက်ရှိ ဆက်ဆံရင်ဆိုင်နေရသော မိသားစု၊ မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်၊ အသင်းအဖွဲ့၊ လူ့အဖွဲ့အစည်း --- ဖတ်ရှုမိသော မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းနှင့် စာပေ--- လှမ်းမျှော်ငေးမိသော မနီးမဝေးနှင့်မျက်မှောက်---ဟိုဟိုဒီဒီ--- စသည်များ ငဲ့စောင်းလှည့်ကြည့်မိလျက် ထိုကိုယ်မှုသီလ၊ နှုတ်မှုသီလ၊ စိတ်ထားသီလများ စောင့်ထိန်းလိုက်နာကျင့်သုံးကြလျှင် အားလုံး "ကောင်း" ဟု ခေါင်းထဲ ဝဲ၊ ရင်ထဲ စွဲရင်း တိုင်းပြည်၊ ကမ္ဘာနှင့်လောက တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိုသီလ ဆယ်ပါးကိုပင် ယုံကြည်သဒ္ဓါပွား ဦးခိုက်ရှိသေမျှဝေမိပါသည်။

**(မိုးထွန်း)**

## စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီသို့ တိုင်ကြားစာ ၁၃၄၀ တွင် ၉၂၈ မှုအား ဖြေရှင်းပေးပြီးဖြစ်

**မုံရွာ စက်တင်ဘာ ၄**

မြေယာပြဿနာများနှင့် ပတ်သက်ပြီး နှစ်နှစ်တာကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီသို့ တိုင်ကြားစာ ၁၃၄၀ ရှိခဲ့ပြီး ထိုအထဲမှ ၉၂၈ မှုအား ဖြေရှင်းပေးနိုင်ခဲ့သည်။ ဖြေရှင်းရန် ၄၁၂ မှု ကျန်ရှိသေးကြောင်း တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီမှ သိရသည်။

ဖြေရှင်းပြီးသည့် အမှု ၉၂၈ မှုတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အသုံးပြုရန်လိုအပ်ချက်အရ မစွန့်လွှတ် အမှုပေါင်း ၂၄၁ မှု၊ သက်ဆိုင်ရာ တင်ပြတိုင်ကြားသူနှင့် မြေရယူထားသည့် အဖွဲ့အစည်းများဖြင့် အချင်းချင်းညှိနှိုင်းပြေလည်သွားသည့် အမှု ၆၅ မှု၊ ဝန်ကြီးဌာနများအရသော်လည်းကောင်း၊ ဌာနဆိုင်ရာများအရသော်လည်းကောင်း အသုံးပြုရန် လိုအပ်ချက်ထက် ပိုနေသောမြေများကို ပြန်လည်စွန့်လွှတ်သည့် အမှုပေါင်း ၁၁ မှု၊ ဝန်ကြီးဌာနများအနေဖြင့် အသုံးပြုရန် လုံးဝလိုအပ်မှု မရှိတော့သဖြင့် ပြန်လည်အပ်နှံသည့် အမှုပေါင်း ၂၇ မှု၊ အကြောင်းအရာတူ၊ တိုင်စာတူ တင်ပြတိုင်ကြားသည့် ပုဂ္ဂိုလ်မှ လိုအင်ဆန္ဒမပြည့်ဝသဖြင့် အကြိမ်ကြိမ် တင်ပြတိုင်ကြားနေသည့်အမှု ၃၁၀ မှု၊ ပုဂ္ဂလိက အချင်းချင်း တရားရင်ဆိုင်ရသည့် အမှုများတွင် လယ်ယာမြေ စီမံခန့်ခွဲမှု ကော်မတီတွင် လည်းကောင်း၊ တရားရုံးတွင် လည်းကောင်း တရားရင်ဆိုင်၍ ဖြေရှင်းနေသည့် အမှုပေါင်း ၂၄၉ မှု၊ အမည်လွှဲများဖြင့် တိုင်ကြားသည့် မှားယွင်းတိုင်ကြားစာ အမှုပေါင်း ၂၅ မှု စုစုပေါင်း ၉၂၈ မှုကို ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ခရိုင် ၁၀ ခုမှာ မြေယာပြဿနာအများဆုံးဖြစ်တဲ့ ကန့်ဘလူခရိုင်က အမှုပေါင်း ၁၈၄ မှုနဲ့ အများဆုံးပါ။ မော်လိုက်ခရိုင်က ခုနစ်မှုနဲ့ အနည်းဆုံးဖြစ်ပါတယ်။ လယ်ယာမြေအမှုတွေကို ဖြေရှင်းရတဲ့အခါမှာ အခက်ကြုံတွေ့ရတဲ့ အခက်အခဲတွေကတော့ တချို့က တင်ပြတိုင်ကြားလိုက်တဲ့အခါမှာ ဦးဖြူပါ ငါးဦး လက်မှတ်ပဲထိုးလိုက်ရတယ်။ တိုင်စာအပေါ်မှာလည်း မသိလိုက်ဘူး။ မြင်လည်း မမြင်လိုက်ရဘူး။ အဲဒီခါကျတော့ ခေါ်ယူစစ်တဲ့အခါမှာ သူတို့ကတော့ မတိုင်ဘူးဆိုတဲ့ အမှုတွေရှိသလို လူလာရောက်ခြင်းလည်း မရှိဘူး။ သက်ဆိုင်ရာ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့တွေကနေ ခေါ်ယူစိစစ်တဲ့အခါမှာ ပြည်သူတွေအနေနဲ့ လွတ်လွတ်လပ်လပ် သွားရောက် တင်ပြစေချင်တယ်။ အဲဒါမှ အမှုတွေက မြန်မြန်ဆန်ဆန် ပြီးစီးမယ်။ တချို့ဆိုအမှုက ချိန်းလိုက်ပြီးတော့ မလာတာတွေရှိတယ်။ အဲဒီ အခက်အခဲတွေရှိတဲ့အတွက် ဖြေရှင်းဖို့ အမှုတွေကျန်နေတာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီမှ ရုံးအဖွဲ့မှူး ဦးမင်းလွင်က ပြောသည်။

ဖြေရှင်းပေးရန် ကျန်ရှိနေသော အမှုပေါင်း ၄၁၂ မှုတွင် ၁၉၈၈ ခုနှစ် မတိုင်မီတိုင်ကြားစာအမှု ၁၉ မှု ရှိ၍ အလားတူ ဥပဒေကြောင်းအရ ရင်ဆိုင်ပြီး ဖြေရှင်းရမည့် အမှုများပိုများကြောင်း သိရသည်။ သက်ဆိုင်ရာ ကာကွယ်ရေးဝန်ကြီးဌာနမှသော် လည်းကောင်း၊ အသုံးမပြုလိုသဖြင့် ပြန်လည်စွန့်လွှတ်သည့် ဝန်ကြီးဌာနမှသော် လည်းကောင်း ပြန်လည်စွန့်လွှတ်သည့်အပေါ်တွင် လယ်ယာမြေ လုပ်ကိုင်ခွင့်ပြု ယာယီပုံစံ(၃) ပေးအပ်ရာတွင် သက်ဆိုင်ရာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်၏ စိစစ်ချက်ဖြင့် ပေးအပ်ခြင်းဖြစ်သော်လည်း ပြည်သူများသည် မိမိလုပ်ကိုင်ခွင့်ရရှိလိုသည့် ဆန္ဒမပြည့်မှုအပေါ်တွင် ထပ်ခါတင်ပြတိုင်ကြားသည့်အမှုများရှိနေသဖြင့် ဖြေရှင်းရန် ကျန်ရှိနေခြင်း ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



## နတ်တလင်းမြို့နယ် ရေမွှေးကျေးရွာနေပြည်သူများအား ဆေးဝါးကုသပေး

**နတ်တလင်း စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်(အနောက်ခြမ်း) ဇရာဝတီမြစ် ရေဝင်ရောက်လျက်ရှိသော ရေမွှေးကျေးရွာအုပ်စု ရေမွှေးရွာဘုန်းကြီးကျောင်းဓမ္မာရုံ၌ စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက CNG U45 (Colourless Nattlin Group under45)စေတနာ့ဝန်ထမ်း နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဒေါက်တာနေဝင်း ဦးဆောင်၍ ကုသပေးလျက်ရှိသည်။ ဒေါက်တာနေဝင်းနှင့်အတူ နတ်တလင်းမြို့နယ် တာပွန်မြို့ ပရဟိတသာရေးနာရေး ကူညီမှုအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်ဦး၊ ဦးတင့်လွင်တို့ လိုက်ပါကူညီဆောင်ရွက်ပေးသော အဖွဲ့ဝင် ၂၀ သည် ရေမွှေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ ပြည်သူများအား ကျန်းမာရေးကူညီစောင့်ရှောက်မှုပေးရာ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ရေမွှေးရွာ ကရုဏာတွဲလက် (ကျန်းမာရေး ကူညီစောင့်ရှောက်မှုအသင်း)ခေါင်းဆောင် ဦးမင်းကျော်က "ရွာအတွင်းမှာရှိတဲ့ လမ်းမပေါ်နဲ့ အိမ်အောက်တွေမှာ ရေဝင်ရောက်မှုတွေရှိနေလို့ ကလေးတွေ၊ သက်ကြီးရွယ်အိုတွေရဲ့ ကျန်းမာရေးအတွက် CNG U45 အဖွဲ့နှင့် ပူးပေါင်းပြီး လုပ်ဆောင်ပေးတာပါ။ ကျွန်တော်တို့အဖွဲ့ဝင်လူငယ်တွေက နေထိုင်မကောင်းတဲ့ သက်ကြီးရွယ်အိုတွေကို လှေနဲ့ အိမ်အရောက်သွားခေါ်ပြီး ဆေးကုသပြီးရင် အိမ်ပြန်ပို့ကြတယ်။ တချို့ ဆေးကုမှု ခံယူကြတဲ့သူတွေလည်း ကိုယ့်ဘာသာကိုယ် လာကြပါတယ်။ မလာနိုင်တဲ့သူကိုသာ သွားရောက်ခေါ်ယူပေးရတယ်" ဟု ပြောသည်။ ကျေးရွာနေ ပြည်သူ ၃၅၀ ကို ရောဂါအလိုက် ဆေးခဲ့ကုသပေးခဲ့ကြောင်း သိရသည်။

**(၀၇၁)**

## ကောင်းသောအတိတ်နိမိတ်နှင့် ကောင်းခြင်းမင်္ဂလာအဖြာဖြာရရှိစေရန် စကောကရင်တို့၏ ရိုးရာလက်ချည်ပွဲ ပေါင်မြို့နယ်၌ ကျင်းပ

**ပေါင် စက်တင်ဘာ ၄**

သုံးမိုင်အရှည်ရှိသည့် မညီညာမဖြောင့်ဖြူးသော လမ်းလေးက တိမ်ခမောက်ဆောင်းထားသည့် တောင်ကမ်းပါးယံကို ဦးတည်လျက်ရှိသည်။ သစ်လွင်သော ရိုးရာဝတ်စုံများဝတ်ဆင်ထားသည့် ပရိသတ်များက တောင်ကမ်းပါးကြီးတစ်ဖက်ကမ်းသို့ ဦးတည်လျှောက်လှမ်းလျက်ရှိကြသည်။ ထိုတောင်ကိုလွန်လျှင်တော့ ကရင်ရိုးရာလက်ချည်ပွဲကျင်းပမည့် ဘုန်းတော်ကြီးကျောင်းသို့ ရောက်သည်။ မိုးစက်မှုန်များသယ်ဆောင်လာသော လေလှိုင်းအတွင်း၌ ရိုးရာတေးသီချင်းသံများ လွင့်ပျံ့လျက်ရှိနေသည်။ ကောင်းသောအတိတ်နိမိတ်နှင့် ကောင်းခြင်းမင်္ဂလာအဖြာဖြာရရှိမည်ဟု ယုံကြည်လျက် ရိုးရာလက်ချည်ပွဲဆီသို့ ခရီးဆက်နေကြခြင်းဖြစ်သည်။

ကရင်တိုင်းရင်းသားညီအစ်ကိုတို့၏ သမိုင်းနှင့်အမျှ ရှည်ကြာခဲ့သော ရိုးရာပွဲများတွင် လက်ချည်ပွဲလည်း ပါဝင်သည်။ ၂၀၁၀ ခုနှစ်မတိုင်မီက မိသားစု ဆွေမျိုးစုအလိုက်သာ ကျင်းပခဲ့ရာမှ ယင်းနောက်ပိုင်းတွင် နိုင်ငံတော်က တရားဝင်အသိအမှတ်ပြု ထောက်ပံ့အားပေးခဲ့ရာ ခရိုင်/မြို့နယ်အဆင့်အထိ စုပေါင်းကျင်းပနိုင်ခဲ့ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ လမ်းညွှန်ကူညီမှုများလည်း ရရှိခဲ့သည်။

ကရင်တိုင်းရင်းသားရိုးရာ လိပ်ပြာခေါ်ပွဲများတွင် ကလေးငယ်များ အန္တရာယ်ကင်းစေရန် ပြုလုပ်သောပွဲ၊ ထိမ်းမြားမင်္ဂလာပြုရာတွင် ပြုလုပ်သောပွဲ၊ လက်ချည်ပွဲစသည်ဖြင့် ပွဲတော်များရှိပြီး အချိန်အကန့်အသတ်ဖြင့် ကျင်းပလေ့ရှိရာ ဝါခေါင်လဆန်း ၁ ရက်မှ လပြည့်နေ့အထိ ကျင်းပသော ပိုးကရင်တိုင်းရင်းသားတို့၏ လက်ချည်ပွဲ၊ တော်သလင်းလဆန်း ၁ ရက်မှ လပြည့်နေ့အထိ ကျင်းပသော စကောကရင်တိုင်းရင်းသားတို့၏ လက်ချည်ပွဲတို့မှာ



စည်ကားလှသည်။

မွန်ပြည်နယ် ပေါင်မြို့နယ် ကော့ကဒိုက်ကျေးရွာအုပ်စု ကျုံဝကျေးရွာဘုန်းတော်ကြီးကျောင်းတွင် စကောကရင် ရိုးရာလက်ချည်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။ နံနက်စောစောမှစ၍ ရိုးရာဝတ်စုံများဆင်ယင်လျက် ပရိသတ်များ စုရုံးရောက်ရှိနေကြသည်။ တောလမ်းတောင်စွယ်ကိုဖြတ်ကျော်လာရောက်ကြသည့် ပရိသတ်များလည်း ဝင်လာမစဲရှိနေသည်။ ပွဲတော်မင်္ဂလာအချိန်တွင် လိပ်ပြာခေါ် ပစ္စည်းခုနစ်မျိုးပါဝင်သော နှီးလင်ဗန်းကို လုလင်ပျိုနှင့် လုံမပျိုတို့ နှစ်ယောက်တစ်တွဲ ကိုင်ဆောင်လျက် အခမ်းအနားကျင်းပရာသို့ စီတန်း၍ ဝင်လာကြသည်။ နှီးလင်ဗန်းထဲတွင် ကောက်ညှင်းထုပ်၊ ခွက်ပြင်၊ ငှက်ပျောသီး၊ ကြံ၊ ထမင်းဆုပ်၊ နတ်ပန်းညို၊ ချည်ဖြူ အစရှိသည့် လိပ်ပြာခေါ် ပစ္စည်း ခုနစ်မျိုးပါဝင်ပြီး တစ်မျိုးချင်းစီတွင် ကောင်းသော အတိတ်နိမိတ်နှင့် မင်္ဂလာရှိကြသည်ဟု ဆိုသည်။

အခမ်းအနားစတင်ချိန်တွင် ဂုဏ်သရေရှိ သက်ကြီးဖနီးမောင်နှံတို့က နှီးလင်ဗန်းကို ယောက်မနှင့်ခေါက်၍ ကောင်းသောလိပ်ပြာကို ခေါ်ယူကြသည်။ လက်ချည်ခံမည့် လုလင်ပျို၊ လုံမပျိုနှင့် ဧည့်ပရိသတ်များကို ချည်ဖြူကြိုးဖြင့် လက်ချည်ပေးကြသည်။ ထိုသို့မချည်ခင် ချည်ဖြူကြိုးဖြင့် လက်အပေါ်မှသပ်ချ၍ မကောင်းသောအညံ့များ ထုတ်ပယ်စေသည်။ ထို့နောက် လက်၏အပေါ်သို့ သပ်တင်၍ ကောင်းခြင်းများကို ရယူစေသည်။ တက်ရောက်လာကြသော လူမျိုးဘာသာစုံလင်လှသည့် ဧည့်ပရိသတ်များကိုလည်း ကံကောင်းအောင်မြင်ကျန်းမာစေကြောင်း လက်ချည်ပေးကြသည်။ ကျေးရွာအုပ်စုအလိုက် ယူဆောင်လာသော လှူဖွယ်ဝတ္ထုများအား သံဃာတော်ထံ ကပ်လှူ၍ ပရိသတ်များကိုလည်း စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ထိုအချိန်တွင် ကရင်ဒုံးယိမ်းအဖွဲ့များကလည်း တက်ကြွမြိုင်ဆိုင်စွာ တီးမှုတ်ကခုန်ဖျော်ဖြေကြသည်။ အနယ်နယ်အရပ်ရပ်သို့ ပျံ့နှံ့ရောက်ရှိနေသော မိသားစု ဆွေမျိုးမိတ်သင်္ဂဟများ ပြန်လည်ဆုံတွေ့ကြရသဖြင့် ၎င်းတို့၏ မျက်နှာများတွင် ပြုံးပျော်နေမှုများကို မြင်တွေ့ရသည်။

မိမိဇာတိမြေနှင့် အဆက်မပြတ်ရှိစေရန်၊ မိမိအမျိုးကို စောင့်ရှောက်ဂုဏ်ယူထိန်းသိမ်းရန်၊ ဝေးကွာနေသောသူများ ပြန်လည်ဆုံတွေ့ရန်၊ ရိုးရာအမွေကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းထိန်းသိမ်းရန် ရည်ရွယ်သလို ကရင်အမျိုးသားတို့သာမက ကျန်သည့်တိုင်းရင်းသားညီအစ်ကိုမောင်နှမများပါ ဘေးကင်းကျန်းမာသုခဝေစေကြောင်း အစဉ်ဆုတောင်းလျက် ကြွရောက်လေ့လာဆင်နွှဲနိုင်စေရန် ဖိတ်ခေါ်ပါကြောင်း ပွဲတော်ကျင်းပမှုနှင့်ပတ်သက်၍ ပေါင်မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် ကျုံဝကျေးရွာ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစောပုံးလုံးတို့က ရှင်းလင်းပြောကြားခဲ့သည်။

**သတင်း-နေသန်၊ ဓာတ်ပုံ-ခွန်ဆက်နေ**

**ဥတုရာသီ တောကိုမှီ၍**

# တောင်ကြီးမြို့၌ ရွှေ၊ ငွေနှင့် ဆိုင်ကယ်ခိုးမှု ကျူးလွန်သူအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၄**
ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ဖြစ်ပွားခဲ့သည့် မီးခံသေတ္တာအတွင်းမှ ရွှေထည်၊ မြန်မာငွေများ၊ နိုင်ငံခြားငွေများနှင့် ဆိုင်ကယ်တစ်စီး စုစုပေါင်းတန်ဖိုး ငွေကျပ် ၃၂၁၆၉၀၀ ခိုးမှုအား တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရဲမြင့်နှင့် တောင်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်နိုင်တို့ပါဝင်သောအဖွဲ့က စုံစမ်းဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂ ရက် ညနေ ၆ နာရီ ၅ မိနစ်က တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက် မြတ်လေးလမ်းရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံသိန်းသည် နေပြည်တော်မှ လွှတ်တော်အစည်းအဝေး တက်ရောက်၍ နေအိမ်သို့ ပြန်ရောက်စဉ် စစ်ဆေးခဲ့ရာ နေအိမ်မီးခံသေတ္တာအတွင်းမှ ရွှေထည်၊ မြန်မာငွေစက္ကူရောရာ၊ နိုင်ငံခြားငွေများနှင့် ဆိုင်ကယ်တစ်စီး စုစုပေါင်းတန်ဖိုးငွေကျပ် ၃၂၁၆၉၀၀ မှာ ပျောက်ဆုံးနေသဖြင့် အရေးယူပေးပါရန် တိုင်တန်းရာ ခိုးမှုကျူးလွန်ခဲ့သည့် တောင်ကြီးမြို့ ရွှေတောင်ရပ်ကွက်နေ ကျော်ဇင်ဝင်း(ခ)ကတုံး (၂၇)နှစ်၏ ကျူးလွန်ပုံများနှင့် တူနေသဖြင့် စုံစမ်းရာ တောင်ကြီးမြို့မရဲစခန်းတွင် ခိုးမှုဖြင့် ဖမ်းဆီးထားကြောင်း သိရ၍ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ၎င်းသည် ဇူလိုင်လအတွင်းက ဦးစိုင်းစံသိန်း၏နေအိမ်အတွင်းသို့ ဝင်ရောက်ပြီး မီးခံသေတ္တာကို ဖျက်ဆီးကာ ရွှေထည်၊ မြန်မာငွေကျပ်၊ နိုင်ငံခြားငွေများနှင့် လော်ဂျား-110 ဆိုင်ကယ်တစ်စီးတို့အား ခိုးယူခဲ့ကြောင်းစစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများအား လိုက်လံသိမ်းဆည်းပြီး အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ရဲပြန်ကြား)**





# စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် စပါးစိုက်ခင်းများ ရေဝင်နစ်မြုပ်

**ရေတာရှည် စက်တင်ဘာ ၄**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ယခုရက်ပိုင်း စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ဧပြီ ၄ ရက် ညနေပိုင်းအထိ စပါးစိုက်ဧက ၂၃၀၀ ကျော်နစ်မြုပ်လျက်ရှိပြီး ရေတာရှည်မြို့အရှေ့ဘက် ခြောက်မိုင်ခန့်အကွာရှိ ကျွဲရိုင်းပြင်ကျေးရွာတွင် အိမ်ထောင်စုရှစ်စု၊ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၅ ဦးတို့အား ရေလွတ်သည့်နေရာသို့အရေးပေါ်ရွှေ့ပြောင်းပေးခဲ့ရကြောင်း ကျွဲရိုင်းပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ပြောသည်။

"မြစ်နဲ့နီးတဲ့အိမ်တွေမှာနေထိုင်ကြသူတွေကို ဆွေမျိုးတွေအိမ် မနေ့ကရွှေ့ပြောင်းပေးလိုက်ရတယ်။ လက်ရှိတော့မြစ်ရေပြန်ကျနေပါပြီ။ နယ်မြေခံတပ်မတော်သားတွေနဲ့ မြို့နယ်မီးသတ်တပ်ဖွဲ့တွေ၊ ပရဟိတအဖွဲ့တွေက ထမင်းထုပ်တွေနဲ့ ရေသန့်ဘူးတွေကို မနေ့ကလာရောက်ပေးပို့ခဲ့ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။ စစ်တောင်းမြစ်ရေသည် စက်တင်ဘာ ၃ ရက် ညနေပိုင်းအထိ ၆၂၇ စင်တီမီတာအထိမြင့်တက်ခဲ့ပြီး တောင်ငူမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀ အထက်တွင်ဆက်လက်တည်ရှိနေသည်ကို တွေ့ရသည်။ စစ်တောင်းမြစ်ရေဝင်ရောက်မှုကြောင့် ဒိုးတန်း၊ မိချောင်းအိုင်၊ ဝဲဒေါင့်၊ ဆင်ဝှေ၊ ကဲလင်းဆိပ်၊ ကွမ်းအုံ၊ ကျွဲရိုင်းပြင်၊ ကြာအင်းကုန်း၊ ကက္ကူကျေးရွာအုပ်စုတို့တွင် စပါးစိုက်ခင်း ၂၃၉၉ ဧကနစ်မြုပ်လျက်ရှိကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၏ မှတ်တမ်းများအရ သိရသည်။ **ကိုလွင်(ဆွာ)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၄**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၃၅ စီး၊ သွင်းကုန် ၃၈၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် အစီး ၄၀၊ သွင်းကုန် ၁၅၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။





အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၆၆၀ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄ ဒသမ ၈၈၉ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂ ဒသမ ၅၅၀ သန်းခန့်) အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားမှုအနေဖြင့် စက်တင်ဘာ ၃ ရက်တွင် ရန်ကုန်သို့ သွားရောက်မည့် (၁၂)ဘီးယာဉ် လေးစီးကို မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Rubber Pipe ပါ ပစ္စည်းရှစ်မျိုး၊ Cycle Tyre နှင့် ဆက်စပ်ပစ္စည်း ၂၆ မျိုး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၂ ဒသမ ၃၄၉ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကချင်ပြည်နယ်အတွင်း ရထားဖြင့်တိုက်မိကာ လူသေဆုံးမှု ကိုးမှုနှင့် ဒဏ်ရာရရှိမှုတစ်မှုရှိ

**မိုးညှင်း စက်တင်ဘာ ၄**
ကချင်ပြည်နယ်အတွင်း မြန်မာ့မီးရထားသံလမ်းပေါ်တွင် ရထားဖြင့်တိုက်မိကာ လူသေဆုံးမှု ကိုးမှုနှင့် လက်ကျိုးဒဏ်ရာရရှိမှု တစ်မှုတို့ဖြစ်ပွားခဲ့ကြောင်း မိုးညှင်း တိုင်းအမှတ်(၁) မြန်မာ့မီးရထားကြီးကြပ်ရေးမှူးရုံးမှသိရသည်။

အဆိုပါ သေဆုံးမှုသည် ယခုနှစ် မတ်လမှ စက်တင်ဘာ ၂ ရက်အထိ မီးရထားသံလမ်းပေါ်တွင် သာမန်မဟုတ်သော မူးယစ်ဆေးသုံးစွဲသူများသာ သေဆုံးနေကြောင်း မိုးညှင်းမြို့မရဲစခန်း ဒုတိယစခန်းမှူး ရဲအုပ်ညွန့်လှိုင်က သုံးသပ်ပြောကြားသည်။

"မီးရထားသံလမ်းပေါ်မှာ အများအားဖြင့် သေဆုံးမှုက မူးယစ်ဆေးအလွန်အကျွံသုံးပြီး သေဆုံးနေတာရှိသလို စိတ်ကျန်းမာရေး အခြေအနေအရနဲ့ အရက်သေစာသောက်စားပြီး သံလမ်းပေါ်မှာနေလို့ ရထားကြိတ်သေဆုံးနေကြတာတွေတွေ့ရပါတယ်။ အမှုအရေအတွက်ထဲမှာ မူးယစ်ဆေးသုံးစွဲပြီး ဆေးကြောင်လို့သေဆုံးတာက ပိုများပါတယ်"ဟု ရဲအုပ်ညွန့်လှိုင်က ပြောသည်။

အများအားဖြင့် ရထားကြိတ်သဖြင့် သေဆုံးသူများသည် မနက်ပိုင်းထွက်သည့် မန္တလေး-မြစ်ကြီးနား ရထားနှင့် ညအချိန်ထွက်သည့် မြစ်ကြီးနား-မန္တလေး ရထားများဖြင့် ကြိတ်မိခဲ့ကြကြောင်း သိရသည်။ **(မင်းမင်းဦး)**

# ဧရာဝတီမြစ်ဘေးတွင် တရားမဝင်တမလန်းသစ်ခွဲသား ဆိုဒ်စုံ ၉၈ တုံး ပိုင်ရှင်မဲ့သိမ်းဆည်းရမိ



**ဗန်းမော် စက်တင်ဘာ ၄**
ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီးရှိ ဧရာဝတီမြစ်ဘေးတွင် တာဝန်ရှိသူများက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ဆာလာအိတ်အဖြူရောင်ဖြင့် ထုပ်ထားသော တရားမဝင်တမလန်းသစ်ခွဲသားဆိုဒ်စုံ ၉၈ တုံးကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဗန်းမော်မြို့နယ် စင်းခန်းနယ်မြေရဲစခန်းမှ ဒုရဲအုပ်ထွန်းသက်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ စင်းခန်းသစ်တောဘိနယ် တာဝန်ခံတောခေါင်း သန့်ဇင်အေးနှင့်ဝန်ထမ်းများ၊ နယ်မြေခံတပ်မတော်မှ ဗိုလ်ကြီးအောင်ကိုမင်းနှင့် တပ်မတော်သားများ ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂ ရက်တွင် နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် စင်းခန်းကျေးရွာ၏ အနောက်မြောက်ဘက်ဧရာဝတီမြစ်ဘေးတွင် ဆာလာအိတ်အဖြူရောင်ဖြင့် ထုပ်ထားသော အိတ် ၁၅ အိတ်အတွင်းမှ တရားမဝင်တမလန်းသစ်ခွဲသား ဆိုဒ်စုံ ၉၈ တုံး (သုည ဒသမ ၅၄၃၆ တန်)ကို စုပုံလျက်တွေ့ရှိ၍ ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ပိုင်ရှင်မဲ့သိမ်းဆည်းရမိသည့် တမလန်းသစ်များကို စင်းခန်းသစ်တောဘိနယ်သို့ လွှဲပြောင်းသိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**တစ် ပတ် အ တွင်း အား က စား သ တင်း**

# မြန်မာလူငယ်များရဲ့ခြေစွမ်းကို အကဲခတ်ခွင့်ရမယ့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲ၊ သောသောညံနေဆဲ အာဆင်နယ်၊ ပေါင်သန်း ၆၀၀ တန်တဲ့ ပြင်သစ်၊ စပိန်ကိုမီဖို့ လိုအပ်ချက်တွေများစွာရှိနေဆဲလို့ ဝန်ခံလိုက်တဲ့ ဆောက်ဂိတ်

*ဒီရက်သတ္တပတ်အတွင်းမှာတော့ လိဂ်ပွဲတွေရပ်နားပြီး နိုင်ငံတကာပွဲစဉ်တွေသာ ကစားရတဲ့အလှည့်ရောက်လာပေမယ့် ပြီးခဲ့တဲ့ ကြာသပတေးနေ့က ပိတ်သိမ်းသွားတဲ့ အပြောင်းအရွှေ့ဈေးကွက်ရဲ့ လှုပ်ခတ်မှုကြောင့် နောက်ဆက်တွဲ ဂယက်တွေကလည်း သောသောညံနေဆဲပါပဲ။ ဒီအထဲမှာမှ အာဆင်နယ်အသင်းရဲ့ ဂယက်ဟာ အကြီးဆုံးဖြစ်နေပြီး အာဆင်နယ်ရဲ့ သတင်းတွေက ဒီတစ်ပတ်ရဲ့ ထိပ်တန်းသတင်းတွေအဖြစ် ဆက်တိုက်အသားပေးဖော်ပြခံနေရပါတယ်။*

**မြန်မာပရိသတ်တွေအတွက် အားပေးစရာ နောက်ထပ်ပြိုင်ပွဲလာပါပြီ**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ အာဆီယံယူ-၁၈ ပြိုင်ပွဲကို သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းတို့မှာ စက်တင်ဘာ ၄ ရက်ကနေ ၁၇ ရက်အထိ ကျင်းပသွားမှာဖြစ်တာကြောင့် မြန်မာပွဲတွေ မျှော်နေတဲ့ ပရိသတ်တွေအတွက် နောက်ထပ်အကြိုက်တွေ့စရာပြိုင်ပွဲတစ်ခုလို့ ဆိုချင်ပါတယ်။ မြန်မာယူ-၁၈ အသင်းကို ပရိသတ်တွေ စတင်သတိထားမိတာကတော့ အင်တာမီလန် လူငယ်အသင်းနဲ့ ခြေစမ်းခဲ့တဲ့ ပွဲစဉ်။ အဲဒီနောက် ထိုင်းယူ-၁၈ အသင်းနဲ့ ခြေစမ်းပွဲအပြီးမှာတော့ ဒီလူငယ်ကစားသမားလေးတွေရဲ့ နာမည်ဟာ ပရိသတ်နှုတ်ဖျားရေပန်းစားကျန်ခဲ့ပါတယ်။ ဒီလူငယ်အသင်းက ထိုင်းလူငယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တဲ့ ခြေစမ်းပွဲကစားတဲ့အချိန်ဟာ ဆီးဂိမ်းယှဉ်ပြိုင်ချိန်နဲ့တိုက်နေတာကြောင့် အချို့ပရိသတ်တွေက အမှုမဲ့ အမှတ်မဲ့ဖြစ်နိုင်ပေမယ့် မြန်မာအသင်းရဲ့ အသက်အရွယ်အလိုက်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲတွေကို မလွတ်တမ်းအားပေးတဲ့ ပရိသတ်တွေကတော့ ယူ-၁၈ အကြောင်း ကောင်းကောင်းသိပါတယ်။

မြန်မာက အုပ်စု(ခ)မှာ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်းအသင်းတို့နဲ့ အတူတကွ ကျရောက်နေပါတယ်။ ဗီယက်နမ်နည်းပြကတော့ သူတို့အသင်းရဲ့ အနိမ့်ဆုံးရည်မှန်းချက်ကတောင် ဗိုလ်လုပွဲအဆင့်လို့ ဆိုထားသလို အင်ဒိုနီးရှားအသင်းနည်းပြကလည်း ရလဒ်ပိုင်းထက် ခြေစွမ်းပိုင်းစမ်းသပ်ခံဖို့ လာပြိုင်တာလို့ ဆိုထားတာကြောင့် မြန်မာအသင်းအနေနဲ့လည်း အသေအချာ ပြင်ဆင်ပြီး ယှဉ်ပြိုင်မှသာ လိုချင်တဲ့ အတိုင်းအတာအထိ ရောက်မှာဖြစ်ပါတယ်။ ဒါပေမယ့် ယူ-၁၈ အသင်းကို ကိုင်တွယ်နေတဲ့ ပြင်သစ်လူမျိုး မစ္စတာ ဘန်လာဘီဟာ တိုက်စစ်ပိုင်းဦးစားပေးနည်းဗျူဟာ ချမှတ်သူဖြစ်တာကြောင့် ယူ-၁၈ ရဲ့ ကစားပုံဟာ ပွဲအစ၊ အဆုံး ရသအပြည့်ပေးအောင် ကစားပြလေ့ရှိတာကို သတိပြုမိပါတယ်။

မြန်မာနည်းပြ ဘန်လာဘီကတော့ မြန်မာအသင်းရဲ့ ရည်မှန်းချက်က ချန်ပီယံဖြစ်ဖို့သာဖြစ်ပြီး ဒီအတွက်လည်း ကစားသမားတွေအားလုံး အသင့်ဖြစ်နေပြီလို့ ပွဲကြိုစကားဆိုခဲ့တာကြောင့် မြန်မာပရိသတ်တွေအတွက် ဘယ်လောက်အထိ ကတိအတိုင်းဆောင်ရွက်ပေးရမလဲ စောင့်ကြည့်ရအောင်ပါ။ MFF (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)ဖေ့စ်ဘွတ်စာမျက်နှာပေါ်မှာ ရေးသားကြတဲ့ မှတ်ချက်တွေကိုကြည့်ပြီး အဖြေထုတ်ရင်တောင် မြန်မာဘောလုံးပရိသတ်တွေအနေနဲ့ ဒီပြိုင်ပွဲအပေါ် စိတ်ဝင်စားမှု အတော်များတယ်ဆိုတာ အဖြေထုတ်လို့ရပါတယ်။ ပရိသတ်အများစုက ကွင်းလယ်ကစားသမား လွင်မိုးအောင်၊ တိုက်စစ်မှူး ဝင်းနိုင်ထွန်းတို့လို ကစားသမားလေးတွေအကြောင်း တခုတ်တရပြောနေကြပြီး တစ်သင်းလုံးကောင်းတဲ့ အသင်းဖြစ်တာကြောင့် ဗိုလ်စွဲဖို့အထိ ရည်မှန်းနေပါတယ်။ မြန်မာအသင်းက စက်တင်ဘာ ၅ ရက်မှာ အင်ဒိုနီးရှားအသင်းနဲ့ ပွဲဦးထွက်ကစားရမှာဖြစ်ပြီး ၉ ရက်မှာ ဘရူနိုင်း၊ ၁၁ ရက်မှာ ဖိလစ်ပိုင်၊ ၁၃ ရက်မှာ ဗီယက်နမ်နဲ့ ယှဉ်ပြိုင်ရဖို့ရှိပြီး မြန်မာအသင်းပွဲစဉ်တိုင်းက ညနေ ၄ နာရီမှာ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

မြန်မာ့လက်ရွေးစင်အသင်းကတော့ ကာဂျစ္စတန်နဲ့ စက်တင်ဘာ ၅ ရက်တွင် အာရှဖလားခြေစစ်ပွဲ(အဝေးကွင်းပွဲစဉ်)ကို ကစားဖို့ရှိနေပြီး အဲဒီပွဲရဲ့ ရလဒ်ကိုကြည့်ပြီး နည်းပြ ဂတ်ဇီဆီရဲ့အနာဂတ်ကို ဆုံးဖြတ်ချက်ချသွားမယ်လို့လည်း သိရပါတယ်။ ဒါ့အပြင် အာရှယူ-၁၆ ခြေစစ်ပွဲအတွက် လေ့ကျင့်မှုပြုလုပ်နေတဲ့ မြန်မာယူ-၁၅ အသင်းက လေ့ကျင့်မှုတွေပြုလုပ်ဖို့ ထိုင်းနိုင်ငံကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက ထွက်ခွာသွားပြီဖြစ်ပါတယ်။ ဒါကြောင့် ဩဂုတ်လကစပြီး အခု စက်တင်ဘာလလယ်လောက်အထိ မြန်မာအသင်းရဲ့ သက်တမ်းအလိုက် ပြိုင်ပွဲတွေ ဆက်တိုက်ယှဉ်ပြိုင်နေတာကို တွေ့ရပါတယ်။

**စပိန်ကိုမီဖို့ လိုအပ်ချက်တွေများစွာရှိနေဆဲလို့ ဝန်ခံလိုက်ရတဲ့ ဆောက်ဂိတ်**

ဒီတစ်ပတ်ကတော့ ကမ္ဘာ့ဖလား ခြေစစ်ပွဲတွေရှိနေပြီး အသင်းကြီးတိုင်းက တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့အတွက် နိုင်သင့်နိုင်ထိုက်တဲ့ပွဲတွေမှာ မီးကုန်ယမ်းကုန် အားထည့်ယှဉ်ပြိုင်ခဲ့တာကို တွေ့ရပါတယ်။ အချို့သော အသင်းကြီးအချင်းချင်း ထိပ်တိုက်တွေ့ဆုံတဲ့ ပွဲစဉ်တွေဟာ တကယ်ကို ရသဆန်ပြီး ဘောလုံးပရိသတ်တွေအတွက် ဘောလုံးအားကစားနည်းဆိုတာ ဒါပါပဲဆိုတာကို ဖြေပေးနေသလို ကောင်းမွန်ခဲ့တာကို တွေ့ရပါတယ်။

စပိန်က အီတလီအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရတဲ့ပွဲဟာ ကျန်အသင်းကြီးတွေကို စပိန်ခေတ် ပြန်လည်ရောက်လာပြီဆိုတာကို တပ်လှန့်နိုင်ခဲ့သလို အင်္ဂလန်နည်းပြ ဆောက်ဂိတ်ကတောင် “ကျွန်တော်တို့က ချန်ပီယံလိဂ် ချန်ပီယံအသင်းကို အခြေခံပြီး တည်ဆောက်ထားတဲ့အသင်းကို ဘယ်လိုလုပ်ပြီး ယှဉ်နိုင်မှာလဲ။ ပြီးတော့ ကမ္ဘာ့ဖလား တစ်ကြိမ်၊ ဥရောပချန်ပီယံ နှစ်ကြိမ် သူတို့ခါးမှာ အောင်မြင်မှု ပတ်ထားပြီးသားအသင်းပါ။ ဒါပေမယ့် ကျွန်တော်တို့ကတော့ တိုးတက်မှုရှိဖို့ ကြိုးစားနေတဲ့အသင်းဖြစ်ပါတယ်။ ကျွန်တော်တို့မှာ လူငယ်ကစားသမားကောင်းတွေ အများကြီးရှိပြီး ရှေ့ကို ကောင်းကောင်း တိုးတက်မယ်လို့ မျှော်လင့်ပါတယ်” လို့ ပြောခဲ့ပါတယ်။

အင်္ဂလန်အသင်းဟာ အောင်မြင်မှုရဖို့ နည်းပြအပြောင်းအလဲ အပြုဆုံးအသင်းဖြစ်ပြီး ပြိုင်ပွဲကြီး တစ်ခါ (သို့မဟုတ်) နှစ်ခါပြီးသွားရင် နည်းပြအပြောင်းအလဲ အမြဲပြုနေရတဲ့အသင်းဖြစ်ပါတယ်။ ပြိုင်ပွဲကြီးတွေမှာ အောင်မြင်မှုမရတဲ့အချိန် အင်္ဂလန်နည်းပြတွေက ဂျာမနီမှာ မွေးစားကစားသမားတွေ အများကြီးရှိနေတာ၊ ပြင်သစ်၊ ဘယ်လ်ဂျီယံတို့မှာလည်း ဒီလို မွေးစားနိုင်ငံသားတွေ အထောက်အကူပြုနေတယ်ဆိုတဲ့အချက်ကို ထောက်ပြပါတယ်။ ပြင်သစ်အသင်းဆို မွေးစားနိုင်ငံသားဖြစ်တဲ့ ဇီဒန်း၊ ဗီအဲရာ၊ မက်ခီလီလီတို့လို ကစားသမားတွေကြောင့် ၁၉၉၈ ကမ္ဘာ့ဖလားနဲ့ ယူရို-၂၀၀၀မှာ အောင်ပွဲဆင်ခဲ့တာဖြစ်တယ်လို့ အကြောင်းပြပေမယ့် အင်္ဂလန်ကရော မွေးစားနိုင်ငံသားမရှိလို့လားလို့ ပြန်မေးစရာ ရှိပါတယ်။

တစ်ခုသတိထားရမှာက အင်္ဂလန်မီဒီယာတွေရဲ့ အဖွကောင်းမှုကြောင့် ဟယ်ရီကိန်းဟာ စီရိုနယ်လ်ဒိုလောက်ကောင်းတဲ့ ကစားသမားဖြစ်နေသလို အယ်လီကလည်း မက်ဆီလောက်ကောင်းတဲ့ ကစားသမားဖြစ်နေတာပါ။ အမှန်တော့ အင်္ဂလန်ကစားသမားတွေဟာ ကောင်းသင့်သလောက်ကောင်းပေမယ့် သူတို့ ချီးကျူးနေသလောက် မကောင်းပါဘူး။ ဥပမာဆိုရရင် ရွန်းနီ ထွန်းတောက်နေတဲ့အချိန်က အင်္ဂလန်မီဒီယာတွေက ကမ္ဘာ့အကောင်းဆုံး ကစားသမားအဖြစ် အမွှန်းတင်နေချိန် သူနဲ့ တစ်နှစ်ကြီး တစ်နှစ်ငယ်အရွယ်ရှိတဲ့ စီရိုနယ်လ်ဒို၊ မက်ဆီတို့ဟာ ကမ္ဘာ့အကောင်းဆုံးဆန်ခါတင် သုံးဦး စာရင်းတောင် ဝင်နေကြပြီးပါပြီ။

လက်ရှိ ပစ္စုပ္ပန်ကာလကို ချိန်ထိုးကြည့်မယ်ဆိုလည်း ရွန်းနီခြေကျသွားပြီဖြစ်တဲ့အချိန်မှာတောင် သူ့ထက် တစ်နှစ်ခွဲလောက် အသက်ကြီးတဲ့ စီရိုနယ်လ်ဒိုက ကမ္ဘာ့ထိပ်တန်းအဆင့်ကနေ မကျဆင်းသေးပါဘူး။ ဒါကြောင့် တစ်ခါတလေတော့ အင်္ဂလန်မီဒီယာတွေ စွပ်စွဲကြတဲ့ ကလပ်အသင်းအတွက် အကောင်းဆုံးပုံစံရှိနေတဲ့ ကစားသမားတွေဟာ လက်ရွေးစင်အသင်းကြီးဆီ ရောက်ရင် ခြေစွမ်းကျသွားတယ်ဆိုတဲ့အချက်ဟာ အမှန်တရားနဲ့ အနည်းငယ် ကွဲလွဲတယ်ဆိုတာ သဘောပေါက်ရပါမယ်။ တကယ်တော့ ရွန်းနီ မန်ယူမှာ အောင်မြင်မှုရရှိခဲ့တာက စီရိုနယ်လ်ဒို၊ တီဗက်ဇ်၊ နစ္စတယ်ရွိုင်းတို့လို နိုင်ငံခြားသား ကစားသမားတွေနဲ့ရံပြီး ကစားနေရတာကြောင့် ဖြစ်ပါတယ်။ တစ်ခါတစ်ရံတော့ အလွန်အမင်း ချီးကျူးမှုတွေဟာ အားတက်စရာထက် တည့်ပြီးသား လမ်းကြောင်းကို တိမ်းစောင်းချွတ်ချော်မှုသာ ဖြစ်စေတယ်ဆိုတာ သတိပြုရပါမယ်။

**ပေါင်သန်း ၆၀၀ တန် ပြင်သစ်အသင်း**

ပြင်သစ်လူငယ် ကစားသမားလေးတွေရဲ့ ခြေစွမ်း တစ်ဟုန်ထိုးတိုးတက်လာမှုနဲ့အတူ ပြင်သစ်အသင်းဟာ အားလုံးစောင့်ကြည့်ခံအသင်းအဖြစ် ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။ ဇီဒန်းတို့ခေတ်နောက်ပိုင်း ပြင်သစ်အသင်းမှာ ကစားသမားကောင်းတွေ စဉ်ဆက်မပြတ် ထွက်ပေါ်ခဲ့ပေမယ့် နေရာအလိုက် တစ်ယောက်စ နှစ်ယောက်စသာ ပေါ်ထွက်ခဲ့ပြီး ယူရို-၂၀၁၆ နောက်ပိုင်းမှာတော့ ပြင်သစ်ရဲ့လူစာရင်းဟာ အသင်းနှစ်သင်းစာလောက်ဖြစ်လာတဲ့အထိ တောင့်တင်းလာတာဖြစ်ပါတယ်။ ပြင်သစ်လူငယ်ကစားသမားလေးတွေဖြစ်တဲ့ လီမာ၊ စီဒီဘီ၊ မက်ပီတို့လို ကစားသမားလေးတွေဟာ ပြိုင်ဘက်တိုင်း စောင့်ကြည့်ခံကစားသမားတွေဖြစ်နေသလို နဂိုရှိပြီးသား အင်အားဖြစ်တဲ့ ပေါ့ဘာ၊ ဂရစ်ဇ်မန်း၊ မာတီဒီတို့ဟာလည်း ကမ္ဘာ့အကောင်းဆုံးကစားသမားတွေဖြစ်ကာ သူတို့ရဲ့ တစ်ဦးချင်းစီတန်ဖိုးကလည်း ပေါင်သန်း ၁၀၀ နားကပ်နေတာကြောင့် ပြင်သစ်အသင်းရဲ့ ၁၁ ဦး ပွဲထွက်စာရင်းတန်ဖိုးဟာ ပေါင်သန်း ၆၀၀ လို့ ပြောတာ ဖြစ်ပါတယ်။

ပြင်သစ်အသင်းဟာ ပြီးခဲ့တဲ့ကြာသပတေးနေ့က ယှဉ်ပြိုင်ခဲ့တဲ့ပွဲမှာ နယ်သာလန်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရခဲ့ပေမယ့် တနင်္ဂနွေနေ့မနက်အစောပိုင်းက ယှဉ်ပြိုင်ခဲ့တဲ့ပွဲစဉ်မှာတော့ ကမ္ဘာ့အဆင့်(၁၃၆)မှာ ရပ်တည်နေတဲ့ လူဇင်ဘတ်ကို ဂိုးမရှိသရေသာ ကစားနိုင်ခဲ့တာကြောင့် ဝေဖန်မှုတွေ လျှံတက်လာပြန်ပါတယ်။ ပြင်သစ်အသင်းဟာ ယခုပွဲသာ အနိုင်ရရင် အုပ်စု (A)ကို လွတ်လွတ်လပ်လပ် ဦးဆောင်နိုင်မှာဖြစ်ပေမယ့် အိမ်ကွင်းမှာ အနိုင်ရအောင် မကစားနိုင်တာကတော့ စိတ်ပျက်စရာပါ။ နည်းပြ ဒီဒီယာယာဒက်ချွမ့်စ်က ခေတ်ဟောင်းစနစ်လို့ ပြောရမယ့် ၄-၄-၂ ကစားကွက်ကို ခင်းကျင်းခဲ့ပြီး တောင်ပံတိုက်စစ်နေရာအတွက် မက်ပီနဲ့ လီမာတို့ကို သုံးခဲ့သလို ဗဟိုတိုက်စစ်နေရာမှာ ဂျရူးနဲ့ ဂရစ်ဇ်မန်းတို့ကို အထိုင်ချခဲ့တာဖြစ်ပါတယ်။ ပြင်သစ်အသင်းဟာ ဘောလုံးပိုင်ဆိုင်မှု ၇၆ ရာခိုင်နှုန်းအထိ ရှိခဲ့သလို ဂိုးပေါက်ကန်သွင်းမှု ၃၆ ကြိမ်အထိ ရှိခဲ့ပေမယ့် ဂိုးအဖြစ် ပုံဖော်နိုင်ခြင်းမရှိတာကတော့ အဆုံးသတ်ပိုင်းအားနည်းမှုတွေကြောင့်လို့ ဆိုရမှာဖြစ်ပါတယ်။ တရစပ်ဖိအားပေးတိုက်စစ်ဆင်ပြီး သုံးမိနစ်ကို တစ်ကြိမ်လောက် ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့တာတောင် သွင်းဂိုးတစ်ဂိုးတောင်မသွင်းနိုင်တာကတော့ ပေါင်သန်း ၆၀၀ တန် အသင်းကြီးအတွက် ရှက်စရာပါ။

**မပြီးဆုံးနိုင်သေးတဲ့ အာဆင်နယ်ဂယက်**

နိုင်ငံတကာ ခြေစစ်ပွဲတွေ၊ ခြေစမ်းပွဲတွေကြောင့် ကလပ်အသင်းကစားပွဲတွေ ခေတ္တရပ်နားချိန်မှာတောင် အာဆင်နယ်ရဲ့ ဂယက်က လျှံတက်နေတုန်းပါပဲ။ ဒီအကြောင်းကို စခဲ့သူက အာဆင်နယ် ကစားသမားဟောင်းတွေဖြစ်ပြီး တုံ့ပြန်သူက အိုဖေးလ်။ ဒီတော့ အာဆင်နယ် ကစားသမားဟောင်း အီယန်ရိုက်က တစ်ခါပြန်လှောင်ပြောင်။ လက်ရှိကစားသမားတွေနဲ့ အရင်ဂန္ထဝင် ကစားသမားတွေအကြား စကားလုံးတိုက်ပွဲက အခုထိ မပြီးပြတ်သေးဘဲ ပြောင်းဆန်ဆဲလို့ ဆိုရမယ်။ အိုဖေးလ်က သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်ကတစ်ဆင့် “ပြောတာတွေရပ်ပြီး ထောက်ခံမှုပြုဖို့ အချိန်ရောက်ပြီ၊ ဂန္ထဝင်တွေက ဂန္ထဝင်တွေလို ပြုသင့်ပါတယ်”လို့ ရေးသားခဲ့တာဟာ ကမ္ဘာ့မီဒီယာစာမျက်နှာတွေထက် အတော်လေးနေရာယူခဲ့တဲ့ ထိပ်တန်းသတင်းဖြစ်ခဲ့ပါတယ်။

အာဆင်နယ်ဂန္ထဝင် ကစားသမား အီယန်ရိုက်က အိုဖေးလ်ရဲ့ ရေးသားချက်တွေဟာ အတော်လေး ရယ်စရာကောင်းပြီး သူကိုယ်တိုင် စာချုပ်သစ်မချုပ်ဆိုရဲတာက ဘာကြောင့်လဲဆိုတာကို အရင်ဆုံး ပြန်ဖြေရှင်းသင့်တယ်လို့ ချက်ချင်းဆိုသလို တုံ့ပြန်လိုက်ပြန်ပါတယ်။ အာဆင်နယ်အသင်းဟာ နှစ် ၂၀ အတွင်း ချန်ပီယံလိဂ်ဝင်ခွင့် ပထမဦးဆုံးအကြိမ် လွဲချော်ခဲ့ပြီးနောက် လိုချင်တဲ့ ကစားသမားတွေကို မဆွဲဆောင်နိုင်၊ ရှိပြီးသား ကစားသမားတွေကိုတောင် ဆက်ထိန်းနိုင်ဖို့ အခြေအနေက ခပ်ယဲ့ယဲ့။ ဒီလို အကျပ်အတည်းဆိုက်နေတဲ့ အသင်းဟာ အလက်ဆစ်ဆန်းချက်ဇ်ကို ဇန်နဝါရီဈေးကွက်အတွင်း သေချာပေါက် ထွက်ခွာခွင့်ပေးရမယ့် အခြေအနေ။ အိုဖေးလ်ကလည်း ဒီရာသီကုန်ရင် ဘာဖြစ်မလဲဆိုတာ စောင့်ကြည့်စေလိုကြောင်းသာ ဆိုခဲ့တာကြောင့် အာဆင်နယ် ဒီရာသီကို ဘယ်လိုအင်အားနဲ့ ရုန်းကန်တည်ဆောက်ပြီးမလဲဆိုတာ တကယ်ကို စိတ်ဝင်စားစရာဖြစ်နေတယ်လို့ ဆိုရမှာပါ။


မြန်မာယူ-၁၈ ကစားသမားများအား လေ့ကျင့်ရေးကွင်းအတွင်း တွေ့ရစဉ်။


၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲဝင် အင်္ဂလန်ကစားသမားများ လေ့ကျင့်ရေးဆင်းနေစဉ်။


လူဇင်ဘတ်နှင့် ပွဲစဉ်တွင် ဂိုးပေါက်ကန်သွင်းမှု လွဲချော်ပြီးနောက် တွေ့ရသည့် လာကာဇက်(ယာ)နှင့် ဂရစ်ဇ်မန်း(ဝဲ)။

> “မြန်မာနည်းပြ ဘန်လာဘီကတော့ မြန်မာအသင်းရဲ့ ရည်မှန်းချက်က ချန်ပီယံဖြစ်ဖို့သာဖြစ်ပြီး ဒီအတွက်လည်း ကစားသမားတွေအားလုံး အသင့်ဖြစ်နေပြီလို့ ပွဲကြိုစကားဆိုခဲ့တာကြောင့် မြန်မာပရိသတ်တွေအတွက် ဘယ်လောက်အထိ ကတိအတိုင်းဆောင်ရွက်ပေးရမလဲ စောင့်ကြည့်ရအောင်ပါ”

**မေလဲ့သင်း - ရေးသားသည်**

၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) (Association of Southeast Asian Nations -ASEAN) သည် ၂၀၁၇ ခုနှစ်တွင် နှစ်ပေါင်း (၅၀) ပြည့်မြောက်ခဲ့သည့်အတွက် အာဆီယံအဖွဲ့ကြီး၏ ရွှေရတုအခမ်းအနားကို ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။ ယခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌသည် ဖိလစ်ပိုင်နိုင်ငံဖြစ်သည့်အတွက် ဖိလစ်ပိုင်နိုင်ငံကဦးဆောင်ပြီး အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပသွားရန်ရှိပါသည်။ အဆိုပါအာဆီယံအဖွဲ့ကြီး၏အကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက အာဆီယံ နှစ်(၅၀) ခရီးအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။ (စာတည်း)



တက္ကသိုလ် ဟန်စိုးဦး

# အာဆီယံ နှစ်(၅၀)ခရီး

ASEAN 50
PHILIPPINES 2017
PARTNERING FOR CHANGE,
ENGAGING THE WORLD

ယမန်အပတ်မှအဆက်

**(၄) အာဆီယံအတွင်းရေးမှူးချုပ်ရုံး**

အာဆီယံရဲ့ လုပ်ငန်းတွေကို အထောက်အကူပြုနိုင်ဖို့အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ တည်ထောင်ထားရှိပါတယ်။ အာဆီယံအတွင်းရေးမှူးချုပ်ကို အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးရဲ့ထောက်ခံချက်အရ အာဆီယံခေါင်းဆောင်များက (၅)နှစ် သက်တမ်းအတွက် အတည်ပြုခန့်အပ်ထားပါတယ်။ အတွင်းရေးမှူးချုပ်ကို အထောက်အကူပြုနိုင်ဖို့ ဒုတိယအတွင်းရေးမှူးချုပ် လေးဦးကို ခန့်အပ်ထားရှိပါတယ်။ ဒုတိယအတွင်းရေးမှူးချုပ် နှစ်ဦးကို အက္ခရာစဉ်အလိုက် အဖွဲ့ဝင်နိုင်ငံများမှ အလှည့်ကျခန့်အပ်ပြီး ကျန်နှစ်ဦးကိုတော့ သုံးနှစ်သက်တမ်း (အများဆုံး-နှစ်ကြိမ်) အတွက် တတ်မြောက်ကျွမ်းကျင်မှုအရ လွတ်လပ်စွာ ရွေးချယ်ခန့်ထားပါတယ်။

ဒါ့အပြင် ပဋိညာဉ်စာတမ်းအရ အာဆီယံအတွင်းရေးမှူးချုပ်ရုံးတည်ရှိတဲ့ ဂျကာတာမြို့မှာ အာဆီယံ အဖွဲ့ဝင်(၁)နိုင်ငံစီက သံအမတ်ကြီးအဆင့် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ဝင် တစ်ဦးစီပါဝင်တဲ့ အာဆီယံအမြဲတမ်းကိုယ်စားလှယ်များကော်မတီ (Committee of Permanent Representatives-CPR) တစ်ရပ်ကိုလည်း ဖွဲ့စည်းထားရှိပါတယ်။ အာဆီယံအမြဲတမ်း ကိုယ်စားလှယ်များကော်မတီဟာ အာဆီယံအသိုက်အဝန်းကောင်စီနဲ့ အာဆီယံအခြားဝန်ကြီးများအဆင့်ဆိုင်ရာ လုပ်ငန်းရပ်တွေကို အထောက်အကူပြုခြင်း၊ အာဆီယံအမျိုးသား အတွင်းရေးမှူးရုံးများနဲ့ အာဆီယံအခြားဝန်ကြီးများဆိုင်ရာ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းနဲ့ အာဆီယံအတွင်းရေးမှူးချုပ်ရဲ့ လုပ်ငန်းတာဝန်တွေကို အထောက်အကူပြုခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အာဆီယံကို စတင်တည်ထောင်ပြီးကတည်းက အာဆီယံအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသူတွေကတော့ ၁၉၇၆ ခုနှစ် ဇွန်လကနေ ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလအထိ အင်ဒိုနီးရှားနိုင်ငံသား မစ္စတာဒါဆိုနို (Mr. H.R. Dharsono)၊ ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလကနေ ၁၉၇၈ ခုနှစ် ဇွန်လအထိ အင်ဒိုနီးရှားနိုင်ငံသား မစ္စတာ အူမာဂျာဒီ နိုတိုဝီဂျိုနို (Mr. Umarjadi Notowijono)၊ ၁၉၇၈ ခုနှစ် ဇူလိုင်လကနေ ၁၉၈၀ ပြည့်နှစ် ဇွန်လအထိ မလေးရှားနိုင်ငံသား မစ္စတာဒါတွတ်အလီဘင်အဗ္ဗဒူလာ (Mr. Datuk Ali Bin Abdullah)၊ ၁၉၈၀ ပြည့်နှစ် ဇူလိုင်လကနေ ၁၉၈၂ ခုနှစ် ဇူလိုင်လအထိ ဖိလစ်ပိုင်နိုင်ငံသား မစ္စတာ နာဆစ်ကိုရေးနစ် (Mr. Narciso G. Reyes)၊ ၁၉၈၂ ခုနှစ် ဇူလိုင်လကနေ ၁၉၈၄ ခုနှစ် ဇူလိုင်လအထိ စင်ကာပူနိုင်ငံသား မစ္စတာ ချန်ကိုင်ယော (Mr. Chan Kai Yau)၊ ၁၉၈၄ ခုနှစ် ဇူလိုင်လကနေ ၁၉၈၆ ခုနှစ် ဇူလိုင်လအထိ ထိုင်းနိုင်ငံသား မစ္စတာ ဖန် ဝန်နာမီသီး (Mr. Phan Wannamethee)၊ ၁၉၈၆ ခုနှစ် ဇူလိုင်လကနေ ၁၉၈၉ ခုနှစ် ဇူလိုင်လအထိ ဘရူနိုင်းနိုင်ငံသား မစ္စတာ ရိုဒရစ်ယွန် (Mr. Roderick Yong)၊ ၁၉၈၉ ခုနှစ် ဇူလိုင်လကနေ ၁၉၉၃ ခုနှစ် ဇန်နဝါရီလအထိ အင်ဒိုနီးရှားနိုင်ငံသား မစ္စတာ ရပ်စ်စလီနူး (Mr. Rusli Noor)၊ ၁၉၉၃ ခုနှစ် ဇန်နဝါရီလကနေ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလအထိ မလေးရှားနိုင်ငံသား မစ္စတာ ဒါတို အာဂျစ်ဆင်း (Mr. Dato Ajit Singh)၊ ၁၉၉၈ ခုနှစ် ဇန်နဝါရီလကနေ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလအထိ ဖိလစ်ပိုင်နိုင်ငံသား မစ္စတာ ရိုဒိုဖို ဆယ်ဗာရီနို (Mr. Rodolfo Severino)၊ ၂၀၀၃ ခုနှစ် ဇန်နဝါရီလကနေ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလအထိ စင်ကာပူနိုင်ငံသား မစ္စတာ အွန်ကန်ယွန်း (Mr. Ong Keng Yong)၊ ၂၀၀၈ ခုနှစ် ဇန်နဝါရီလကနေ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ ထိုင်းနိုင်ငံသား မစ္စတာဆူရင် ပစ်ဆူဝန် (Mr. Surin Pitsuwan) တို့ ဖြစ်ကြပါတယ်။

**(၅) အာဆီယံအဖွဲ့ကြီး၏ တူညီဆန္ဒဖြင့် ဆုံးဖြတ်မှု**

အာဆီယံရဲ့ ဆုံးဖြတ်ချက်တွေကို ဆွေးနွေးညှိနှိုင်းခြင်း (Consultation) နဲ့ တူညီဆန္ဒ (Consensus) တို့နဲ့ ချမှတ်တဲ့ အခြေခံမူဝါဒကို ကျင့်သုံးပါတယ်။ တူညီဆန္ဒရယူခြင်းဟာ အားလုံးက တညီတညွတ်တည်းထောက်ခံတဲ့ Unanimity သဘောမျိုးမဟုတ်ဘဲ အားလုံးသဘောတူလက်ခံနိုင်တဲ့ အနေအထားတစ်ခုအထိ ရောက်ရှိလာစေဖို့ အကြိမ်ကြိမ်ညှိနှိုင်း ဆွေးနွေးကြရတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ အာဆီယံအဖွဲ့ကြီးအတွင်း ကိစ္စရပ်တစ်ခုအပေါ် တူညီဆန္ဒ ရရှိနိုင်ဖို့အတွက် အဖွဲ့ဝင်နိုင်ငံတွေအကြား အပြန်ပြန်အလှန်လှန် ညှိနှိုင်းဆွေးနွေးမှု၊ အဖွဲ့ဝင်တစ်နိုင်ငံချင်းစီရဲ့ ဆန္ဒသဘောထားတွေကို ရယူပြီး ဆင်ခြင်တုံတရားနဲ့ ဆုံးဖြတ်ကြရတာဖြစ်ပါတယ်။ အဖွဲ့ကြီးအတွင်း နိုင်ငံကြီးတစ်နိုင်ငံရဲ့ဆန္ဒက နိုင်ငံငယ်တစ်နိုင်ငံရဲ့ဆန္ဒကို လျစ်လျူရှုခြင်းမပြုသလို အများစုဆန္ဒ၊ အနည်းစုဆန္ဒဆိုတဲ့ ခွဲခြားမှုတွေလည်း ကင်းရှင်းပါတယ်။ တူညီဆန္ဒချမှတ်ရာမှာ အဓိကကျတဲ့အချက်ကတော့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီရဲ့ အတွေးအမြင် အယူအဆ၊ စဉ်းစားဆင်ခြင် သုံးသပ်နိုင်စွမ်းတွေအပေါ်မှာ မူတည်နေပါတယ်။

အာဆီယံအဖွဲ့ကြီးရဲ့ နှစ်ပေါင်း ၅၀ သက်တမ်းအတွင်းမှာ တူညီဆန္ဒနဲ့ ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်အပေါ် ချီးကျူးပြောကြားမှုတွေရှိသလို ဝေဖန်ထောက်ပြမှုတွေလည်း ရှိလာခဲ့ပါတယ်။ အာဆီယံနည်းလမ်းရဲ့ သွင်ပြင်လက္ခဏာတစ်ခုလို့ပြောနိုင်တဲ့ တူညီဆန္ဒဟာ အာဆီယံအဖွဲ့ဝင်တွေအကြား နိုင်ငံကြီးငယ်မဟူ တူညီတဲ့အခွင့်အရေးကိုပေးအပ်ထားတဲ့အတွက် အဖွဲ့ကြီးရဲ့ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုတွေမှာ တူညီတဲ့ရပ်တည်ချက် သဘောထားတစ်ခုကို ရယူဆောင်ကြဉ်းပေးနိုင်ခဲ့ပါတယ်။ တူညီဆန္ဒရယူခြင်းဟာ အဖွဲ့ဝင်နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာနဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်မှုမပြုတဲ့ သဘောဆောင်တဲ့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြား အပြန်အလှန်ယုံကြည်မှုနဲ့ သက်သောင့်သက်သာရှိစေတဲ့ ပတ်ဝန်းကျင်တစ်ရပ်ကိုလည်း ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် တူညီဆန္ဒဟာ မတူကွဲပြားမှုများ၏ စည်းလုံးညီညွတ်မှုအပေါ် အခြေခံတဲ့ အာဆီယံရဲ့ ရပ်တည်ချက်အတွက် မရှိမဖြစ်လိုအပ်ချက်တစ်ရပ် ဖြစ်ပါတယ်။



အာဆီယံအဖွဲ့ကြီး၏အတွင်းရေးမှူးချုပ်အဖြစ် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ စတင်တာဝန်ထမ်းဆောင်လျက်ရှိသည့် Mr. Le Luong Minh

သို့သော်လည်း အာဆီယံအဖွဲ့ကြီးဟာ အဖွဲ့ဝင်နိုင်ငံတွေအကြား အသင်းအဖွဲ့ဖြစ်ရုံ မည်ကာမတ္တ လျော့တိလျော့ရဲအနေအထားကနေ အခုဆိုရင် ပိုမိုပေါင်းစည်းမှုရှိလာတဲ့ အသိုက်အဝန်းတစ်ခုအဖြစ် စတင်ပြောင်းလဲလာနေတဲ့အချိန်၊ ကမ္ဘာ့နိုင်ငံရေးအနေအထားအရ အရှေ့အုပ်စုနဲ့ အနောက်အုပ်စု အားပြိုင်ခဲ့တဲ့ စစ်အေးကာလကနေ လွန်မြောက်ပြီး ပိုမိုရှုပ်ထွေးပြီး အပြောင်းအလဲမြန်ဆန်တဲ့ အနေအထားကို ရောက်ရှိလာချိန်၊ အာရှ-ပစိဖိတ်ဒေသဟာ အင်အားပြိုင်ဆိုင်မှုရဲ့ ရှေ့တန်းမျက်နှာစာတစ်ရပ်အဖြစ် ရောက်ရှိလာနေချိန်မှာ တူညီဆန္ဒရယူခြင်းဟာ အရေးကြီးတဲ့ လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေနဲ့ အထိခိုက်မခံတဲ့ ကိစ္စရပ်တွေအတွက် ဆုံးဖြတ်ချက်ချမှတ်ရာမှာ အခက်အခဲတွေရှိလာနိုင်ပြီး အာဆီယံအဖွဲ့ကြီးရဲ့ စွမ်းဆောင်ရည်ကို ထိခိုက်လာစေနိုင်တယ်လို့ ဝေဖန်ထောက်ပြနေသူတွေလည်း ရှိလာပါတယ်။

တူညီဆန္ဒရဲ့ သဘောသဘာဝက အားလုံးဘုံသဘောတူညီနိုင်တဲ့ အနည်းဆုံးအနေအထားတစ်ရပ်ကိုသာ ရရှိနိုင်တယ်။ တူညီဆန္ဒဟာ အဖွဲ့ဝင်နိုင်ငံတွေအကြား တန်းတူညီမျှတဲ့ အခွင့်အရေးကိုပေးအပ်နိုင်သလို အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီကို ဗီတိုအာဏာပေးအပ်ထားတဲ့ သဘောလည်း သက်ရောက်နေတဲ့အတွက် အခုလိုပေါင်းစည်းတဲ့ အသိုက်အဝန်းတစ်ရပ်ကို တည်ဆောက်နေချိန်မှာ အာဆီယံအဖွဲ့ကြီးဟာ ပိုမိုထိရောက်ပြီး စွမ်းရည်ပြည့်ဝတဲ့ ဆုံးဖြတ်ချက်ချမှတ်တဲ့ လုပ်ငန်းစဉ်တစ်ရပ် လိုအပ်နေပြီလို့ ထောက်ပြကြပါတယ်။ နိုင်ငံရေး လေ့လာသုံးသပ်သူအချို့ကတော့ အာဆီယံအဖွဲ့ကြီးအနေနဲ့ ဆုံးဖြတ်ချက်ချမှတ်ရာမှာ တူညီဆန္ဒအစား မဲခွဲဆုံးဖြတ်ခြင်းစနစ် (Voting System) သို့ မဟုတ် အာဆီယံ-X နည်းလမ်း (ASEAN minus X mode) ကို ပြောင်းလဲအသုံးပြု သင့်တယ်လို့ ထောက်ပြကြပါတယ်။ သူတို့ရဲ့ အမြင်က အပြန်အလှန် သဘောတူညီထားတဲ့ ကိစ္စရပ်တွေကို အကောင်အထည်ဖော်ရာမှာ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံရဲ့ သဘောမတူညီမှုကြောင့် ရှေ့ဆက်မဆောင်ရွက်နိုင်တာမျိုး မဖြစ်သင့်ဘူးလို့ ယူဆကြပါတယ်။

သို့သော်လည်း အာဆီယံကျွမ်းကျင်သူပညာရှင်များကတော့ အာဆီယံအဖွဲ့ကြီးမှာ မဲခွဲ ဆုံးဖြတ်ခြင်းစနစ်ကိုသာ အသုံးပြုခဲ့မယ်ဆိုရင် အဖွဲ့ကြီးရဲ့စည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်တယ်လို့ ယူဆကြပါတယ်။ အာဆီယံရဲ့ မဟာဗျူဟာမြောက်မဏ္ဍိုင်ကြီးတစ်ခုဖြစ်တဲ့ နိုင်ငံရေးနဲ့ လုံခြုံရေးအသိုက်အဝန်းမှာပါဝင်တဲ့ ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်စတဲ့ကိစ္စရပ်တွေဟာ အာဆီယံအသိုက်အဝန်းစတင်တည်ထောင်စကာလမှာ အထိခိုက်မခံဘဲ ရှုပ်ထွေးပွေလီလှတဲ့ ကိစ္စရပ်တွေဖြစ်လို့ မဲခွဲဆုံးဖြတ်မှုစနစ်ကိုသာ ပြောင်းလဲကျင့်သုံးခဲ့မယ်ဆိုရင် အာဆီယံနိုင်ငံရေးနဲ့ လုံခြုံရေးအသိုက်အဝန်းတည်ဆောက်မှုဟာ အောင်မြင်မှု မရရှိနိုင်ဘူးလို့ ထောက်ပြကြပါတယ်။ တစ်ချိန်တည်းမှာပဲ နှစ်ပေါင်း ၅၀ ရပ်တည်လာခဲ့တဲ့ အာဆီယံဟာ ပြည့်ဝရင့်ကျက်တဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် မျက်မှောက်အခြေအနေတွေကို မှန်မှန်ကန်ကန် လေ့လာသုံးသပ်ပြီး ပြင်ဆင်သင့်တဲ့ကဏ္ဍတွေမှာ သုံးသပ်ဆင်ခြင်ပြင်ဆင်သွားဖို့ လိုအပ်ကြောင်း၊ ဒါကြောင့် အာဆီယံစည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပေးနိုင်တဲ့ တူညီဆန္ဒရယူတဲ့စနစ်ကို ဆက်လက်စွဲကိုင်သွားဖို့ လိုအပ်သလို တူညီဆန္ဒရယူတဲ့စနစ်အပေါ် ပိုမိုထိရောက်အောင် ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်သင့်သလဲဆိုတာတော့ စဉ်းစားသင့်ပြီ ဖြစ်ကြောင်း သုံးသပ်လျက်ရှိကြပါတယ်။

ဆက်လက်ဖော်ပြပါမည်။




ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး



# ၂၀၁၇ နိုင်ငံတကာခရီးသွားဝန်ဆောင်မှု လုပ်ငန်းပြပွဲ (မန္တလေး) ဖွင့်လှစ်

**မန္တလေး စက်တင်ဘာ ၄**
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းတို့၏ ကူညီအားပေးမှုဖြင့် မြန်မာနိုင်ငံတွင်အကြီးဆုံး ၂၀၁၇ နိုင်ငံတကာခရီးသွားပြပွဲ (မန္တလေး) ဖွင့်ပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမ ပြပွဲအဝင်မုခ်ဦး၌ကျင်းပရာ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးမြတ်သူ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း အထက်မြန်မာပြည် လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယု၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအုန်းမြင့်၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ သီဟသုမေမ္ဗမဏိဇောတရဦးကျော်ဝင်းတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုပြခန်းများအားကြည့်ရှုအားပေးကြသည်။

နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုပြပွဲ၌ ရန်ကုန်နှင့် မန္တလေးမြို့များရှိ ခရီးသွားကုမ္ပဏီများမှ ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ ခေတ်မီဖွံ့ဖြိုးနေသော ဟောင်ကောင်-မကာအိုခရီးစဉ်၊ ပျော်ရွှင်စရာ စင်ကာပူခရီးစဉ်၊ ဘာလီကျွန်းခရီးစဉ်၊ ရင်ခုန်စိတ်လှုပ်ရှားဖွယ် ဗီယက်နမ်ဟိုချီမင်းခရီးစဉ်၊ ဗန်ကောက်-ပတ္တရာခရီးစဉ်၊ သဘာဝအလှများဖြင့် ပျော်ရွှင်ဖွယ် ပင်လယ်အော်အပျော်စီး သင်္ဘောခရီးစဉ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပန်းဖြေခရီးစဉ်များ၊ ကူမင်းရေခဲတောင်ခရီးစဉ်၊ ကမ္ဘာ့အံ့ဖွယ်များနှင့် ပေကျင်း-ရှန်ဟိုင်းခရီးစဉ်၊ ထိုင်ဝမ်၊ မန္တလေး-ဟောင်ကောင်၊ မကာအိုခရီးစဉ်များအား လာရောက်သူများအား အထူးနှုန်းဖြင့် ဝန်ဆောင်မှုပေးခြင်း၊ Bangkok Airways၊ Asian Wings Airways၊ Mann Yadanar Pone Airlines တို့မှ ပြည်တွင်းပြည်ပခရီးစဉ်များကို အထူးနှုန်းဖြင့် ဝန်ဆောင်မှုပေးခြင်း၊ Columbus Health Care Service မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ဆမ်မိတဝေးဆေးရုံကြီးတွင် ကျန်းမာရေးစစ်ဆေးကုသမှု ဝန်ဆောင်မှုများ၊ မန္တလေး-ပုသိမ်-ငွေဆောင်၊ ကျိုက်ထီးရိုးခရီးစဉ်၊ မန္တလေး-ထားဝယ် မြိတ်ကျွန်းစု၊ ကော့သောင်း ပြည်တွင်းခရီးသွားဝန်ဆောင်မှုများ ဆောင်ရွက်ပေးကြသည်။

**မောင်ပြည်သူ**

## ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်

**စဉ့်ကိုင် စက်တင်ဘာ ၄**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စု ထန်းသုံးပင်ကျေးရွာရှိ မဂ္ဂင်ဓမ္မရိပ်သာ အခွန်လွတ်သာသနာ့မြေဂရန် ဆက်ကပ်လှူဒါန်းပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီခွဲက အရိယဝံသမိုးကုတ်ဝိပဿနာမဂ္ဂင်ဓမ္မရိပ်သာကျောင်းတိုက်၌ ကျင်းပခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများကမဂ္ဂင်ဓမ္မရိပ်သာ အခွန်လွတ်သာသနာ့မြေဂရန်အား ဆက်ကပ်လှူဒါန်းခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ဆက်လက်၍ မွန်းတည့် ၁၂ နာရီက ပလိပ်ကျေးရွာ ဗန်းမော်ကျောင်းတိုက်အတွင်းရှိ ဒေါ်ခင်ကြည်မေမှာရုံသို့ ရောက်ရှိကာ ပလိပ်၊ တဘက်ဆွဲ၊ မြောက်ကိုင်းကျေးရွာအုပ်စုများရှိ ရေဘေးရှောင်ပြည်သူများအား ဆန်၊ စားဆီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်ဆေးနှင့် တီရှပ်အင်္ကျီများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ရေဘေးသင့်အိမ်ထောင်စု ၃၅၇ စု၊ လူဦးရေ ၁၃၈၄ ဦးအား တီရှပ်အင်္ကျီ ၄၁၀၊ ဆန် ၁၅ အိတ်၊ စားဆီ ကိုးပုံး၊ ရေသန့်ဆေး ၂၈၈၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းဝင်းသန်း(မြို့နယ်ပြန်/ဆက်)**

## လမ်းအန္တရာယ်ကင်းရှင်းစေရေး မန္တလေး-ပြင်ဦးလွင်အတက်လမ်း တိုးချဲ့

**မန္တလေး စက်တင်ဘာ ၄**
မန္တလေး-ပြင်ဦးလွင် လမ်းသည် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းတွင်ပါဝင်ပြီး နေ့စဉ်လူစီးယာဉ်များ၊ အဝေးပြေး လေအိတ်ကားကြီးများ၊ ၂၂ ဘီး ကုန်တင်တွဲယာဉ်ကြီးများ ဖြတ်သန်း သွားလာလျက်ရှိသည်။ ယာဉ်အစီးရေများပြားလာမှုကြောင့် ယာဉ်ကြောပိတ်ဆို့ခြင်းများ မကြာခဏဖြစ်ပေါ်ခဲ့သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် Oriental Highway Co.,Ltd က မန္တလေး-ပြင်ဦးလွင် အတက်လမ်း လမ်းနယ်နိမိတ်ကျဉ်းသောနေရာများ၊ယာဉ်မတော်တဆမှု ဖြစ်ပွားတတ်သောနေရာများ၊ ၁၉ မိုင်မှ ၂၄ မိုင်အတွင်း လမ်းဧရိယာ တိုးချဲ့ခြင်း၊ ထပ်ပိုးလွှာခင်းခြင်းများ ဆောင်ရွက်ခဲ့သည်။

စက်တင်ဘာ ၁ ရက်တွင် မန္တလေး-ပြင်ဦးလွင်အတက်လမ်း မိုင်တိုင် ၁၆ မိုင် ၄ ဖာလုံမှ ၁၇ မိုင်၄ ဖာလုံကြားတွင် စက်ယန္တရားကြီးများဖြင့် လမ်းချဲ့ခြင်း၊ ကျောက်တောင်များမိုင်းခွဲလမ်းချဲ့ခြင်းများ ဆောင်ရွက်နေသဖြင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် အတက်လမ်းအားခေတ္တပိတ်ထားပြီး အဆင်းလမ်းကို အတက်၊ အဆင်း တစ်လှည့်စီ အလှည့်ကျစနစ်ဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကြီးကြပ်စေလွှတ်ပေးလျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# တိုင်းဒေသကြီးနှင့် ပြည်နယ် ခြင်းလုံးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**
နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ်ထွက်ပေါ်လာစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ခြင်းလုံးအားကစားပြိုင်ပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ(B)၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူးအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးစိုးနိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်မှ ပြိုင်ပွဲဝင်အသင်း အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများတက်ရောက်ကြသည်။

ညွှန်ကြားရေးမှူးချုပ်က မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းအနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေရှစ်ခုဆွတ်ခူးနိုင်ခဲ့ပြီး ယခု ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် မလေးရှားနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် ရွှေနှစ်ခုကို ဆွတ်ခူးရရှိခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ခြင်းလုံးအားကစား မောင်/မယ်များသည် ခြင်းလုံးအားကစားပြိုင်ပွဲမှတစ်ဆင့် ချစ်ကြည်ပူးပေါင်းမှုရရှိပြီး ပြည်ထောင်စုစိတ်ဓာတ်တိုးတက်မြင့်မားရေး၊ အမျိုးသားရေးစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ မြန်မာ့ရိုးရာ အမွေအနှစ်အားကစားနည်းဖြစ်သည့် ခြင်းလုံးအားကစား ပိုမိုရှင်သန် ဖွံ့ဖြိုးတိုးတက်စေရေး၊ ခြင်းလုံးအားကစားသမား မောင်/မယ်သစ်လွင်များ ပေါ်ပေါက်စေရေးတို့အတွက် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြစေလိုကြောင်း ပြောကြားသည်။



ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အာရှခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ခြင်းလုံးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ အမျိုးသားအသင်း ၁၁ သင်း၊ အမျိုးသမီးအသင်း သုံးသင်းတို့မှ အားကစားသမား စုစုပေါင်း ၁၀၉ ဦးသည် စက်တင်ဘာ ၄ ရက်မှ ၇ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ(B)တွင် နေ့စဉ် နံနက် ၉ နာရီမှစတင်ပြီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်ဇော်**

## မိတ္ထီလာတွင် ပျက်စီးနေသည့် လမ်းများအား ကာလရှည်ကောင်းမွန်ရန် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်သွားမည်

**မိတ္ထီလာ စက်တင်ဘာ ၄**
မိတ္ထီလာမြို့ပေါ်ရပ်ကွက်များနှင့် မြို့တွင်းလမ်းပိုင်းများအနက် ပျက်စီးနေသည့်လမ်းအများစုအား လမ်းများကာလရှည်ကောင်းမွန်ရန် ရည်ရွယ်ပြီး ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လမ်းအများစု ပျက်စီးတာက ကတ္တရာလမ်းဖြစ်ပြီး ကတ္တရာလမ်းသဘောက ရေဝပ်ရင် ပျက်တာမို့ ရေဝပ်နိုင်တဲ့လမ်းတွေကို လမ်းတွေကာလရှည်ကောင်းမွန်ဖို့ ရည်ရွယ်ပြီး ကွန်ကရစ်လမ်းအဖြစ်ခင်းသွားမှာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထဲမှာ ရန်မျိုးလမ်းမကြီး၊ ဈေးအရှေ့ပြင်ရပ်ကွက် ဘူတာပတ်လမ်း၊ အောင်ဆန်းရပ်ကွက် ဓမ္မာရုံလမ်း၊ ဝန်ဇင်းရပ်ကွက် စိတ္တသုခလမ်း၊ မိတ္ထီလာမြောက်ကန် ကန်ပတ်လမ်းစတဲ့လမ်းတွေကို ပြုပြင်ဆောင်ရွက်သွားမှာဖြစ်တဲ့အပြင် ပေါက်ချောင်းရပ်ကွက် ဈေးအနီးကလမ်းကိုလည်း ဘဏ္ဍာနှစ်ခွင့်ပြုငွေထဲမှာ မပါဝင်ပေမယ့် ဖြည့်စွက်ခွင့်ပြုငွေနဲ့ ပြုပြင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီမှ (အတတ်ပညာရှင်) ကော်မတီဝင်ဖြစ်သူ ဦးတင်သန်းက ပြောသည်။

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက်လမ်းများနှင့် မြို့အတွင်းလမ်းများကို ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုငွေကျပ်သန်းပေါင်း ၂၁၆ ဒသမ ၄၃၉၁ ဖြင့် ကျပ်သိန်း ၁၀၀ အထက် အကုန်ကျခံ ပြုပြင်ဆောင်ရွက်မည့်လမ်းများမှာ အောင်ဆန်းရပ်ကွက် ဓမ္မာရုံလမ်း လမ်းမြေမှ ကတ္တရာလမ်းခင်းခြင်း ငွေကျပ် ၁၁ ဒသမ ၀၇၂၂သန်း၊ အောင်ဆန်းရပ်ကွက် အမက ကျောင်းလမ်းမြေမှ ကတ္တရာလမ်း ငွေကျပ် ၁၁ ဒသမ ၀၇၂၂ သန်း၊ ပြည်သာယာ(တ)ရပ်ကွက် (၅) လမ်း ကတ္တရာလမ်းကို ၁၁ ဒသမ ၀၇၂၂ သန်း၊ ဝန်ဇင်းရပ်ကွက် စိတ္တသုခလမ်း ကွန်ကရစ်လမ်းခင်းခြင်း ငွေကျပ် ၁၈ ဒသမ ၀၁၁၀ သန်း၊ အောင်ဇေယျာရပ်ကွက် ကိုးနဝင်းကျောင်းတိုက်ရှေ့လမ်း မြေသားလမ်းမှ ကတ္တရာလမ်းခင်းခြင်း ငွေကျပ် ၁၃ ဒသမ ၂၈၈၃သန်း၊ ကျီတော်ကုန်းရပ်ကွက် ကံဦးနယ်မြေ ရွှေနှင်းဆီလမ်း မြေသားလမ်းကို ကတ္တရာလမ်းခင်းခြင်း ငွေကျပ် ၂၀ ဒသမ ၇၅၈၃ သန်း၊ ဈေးအရှေ့ပြင်ရပ်ကွက် ဘူတာပတ်လမ်း ကွန်ကရစ်လမ်းခင်းခြင်းကို ငွေကျပ် ၂၈ ဒသမ ၄၁၉၂ သန်း၊ ရန်မျိုးအောင်လမ်းမကြီး ကွန်ကရစ်လမ်းခင်းခြင်း ငွေကျပ် ၃၄ ဒသမ ၁၄၆၃ သန်း၊ မြို့မရပ်ကွက် ရိပ်သာအဝင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ငွေကျပ် ၁၀ ဒသမ ၃၉၉၉ သန်း၊ မိတ္ထီလာမြောက်ကန် ကန်ပတ်လမ်း ကွန်ကရစ်လမ်းခင်းခြင်း ငွေကျပ် ၅၈ ဒသမ ၁၉၉၅ သန်းတို့ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## အထက်မြန်မာပြည်

## ဥပဒေချုပ်ရုံးတည်ဆောက်ရန် ပန္နက်တင်မင်္ဂလာကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၄**

ကချင်ပြည်နယ် ဥပဒေချုပ်ရုံးတည်ဆောက်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ ပြည်နယ်ဥပဒေချုပ်ရုံးဝင်းအတွင်း အဆောက်အအုံဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပရာ သိက္ခာတော်ရ ဆရာတော် ဒေါက်တာဟာရီးက အဖွင့်ဆက်ကပ်ဆုတောင်းခဲ့သည်။

ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တင်မင်္ဂလာကျင်းပကာ ပန္နက်တိုင်များတွင် အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

အဆိုပါ ပြည်နယ်ဥပဒေချုပ်ရုံးအဆောက်အအုံကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၄၀ အကုန်အကျခံကာ အလျား ၇၆ ပေ၊ အနံ ၆၆ ပေရှိ RC အမျိုးအစား အဆောက်အအုံအဖြစ် တည်ဆောက်သွားမည်ဖြစ်ကာ အဆောက်အအုံအတွင်း ပြည်နယ်ဥပဒေချုပ်ရုံးခန်း၊ ကိုယ်ရေးအရာရှိရုံးခန်း၊ အစည်းအဝေးခန်းမကျယ်တစ်ခန်း၊ အရာထမ်း၊ အမှုထမ်းများရုံးခန်း၊ ဧည့်တွေ့ခန်းနှင့် အခြားအစည်းအဝေးခန်းမငယ်တို့ပါဝင်မည်ဖြစ်ကာ ဘဏ္ဍာရေးနှစ်အတွင်း စံချိန်စံညွှန်းပြည့်မီစွာ အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း 'မြမိုရ်စံ' ဆောက်လုပ်ရေးကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မြင့်မြတ်ထံမှ သိရသည်။ **သူရိန်စိုး(ကချင်မြေ)**

## ဟားခါးမြို့ရှိ ပြည်နယ်လွှတ်တော်ရုံးသစ် စတင်ဆောက်လုပ်

**ဟားခါး စက်တင်ဘာ ၄**

ချင်းပြည်နယ်ဟားခါးမြို့တွင် ပြည်ထောင်စုလွှတ်တော်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေချပေးထားခြင်းဖြင့်တည်ဆောက်မည့်ပြည်နယ်လွှတ်တော်ရုံးသစ်ကို ယခုဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည့်အတွက် ယခုအခါအဆောက်အအုံဆောက်လုပ်မှုလုပ်ငန်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလွှတ်တော်ရုံးသစ်ကို ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိအဆောက်အအုံမြေနေရာ၌ စတင်တည်ဆောက်နေခြင်းဖြစ်ပြီး ပြည်နယ်လွှတ်တော်ရုံးပုံစံကို တစ်နိုင်ငံလုံးရှိ လွှတ်တော်များနှင့်မတူ ထူးခြားအောင် ထိပ်ပိုင်းနှင့် အခြားအစိတ်အပိုင်းများကို အမေရိကန်နိုင်ငံရှိ လွှတ်တော်ပုံစံအတိုင်း ပထမဆုံးအကြိမ်အဖြစ် ဒီဇိုင်းထုတ်ကာ တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် ဆောက်လုပ်ရေးပိုင်းကို ပြည်တွင်းရှိပညာရှင်များဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့ကပြောကြားသည်။

"ဒီလွှတ်တော်ရုံးသစ်တည်ဆောက်ပြီးရင် မြန်မာနိုင်ငံမှာရှိတဲ့ တခြားလွှတ်တော်အဆောက်အအုံတွေထက်ပိုပြီး တစ်မူထူးခြားတဲ့အဆောက်အအုံ တစ်ခုအဖြစ်နဲ့ မြင်တွေ့ရမှာပါ။ အခုလက်ရှိအသုံးပြုတဲ့ပြည်နယ်လွှတ်တော်ရုံးနေရာက လွှတ်တော်ရုံးနဲ့ ပြည်နယ်အစိုးရအဖွဲ့ရုံး တွဲလျက်အဆောက်အအုံဖြစ်နေတော့ ချင်းပြည်နယ်လွှတ်တော်ရုံးကို အခုလိုသီးသန့်ထားရှိနိုင်ဖို့ တည်ဆောက်ခြင်းဖြစ်ပါတယ်" ဟု ချင်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

အဆိုပါလွှတ်တော်အဆောက်အအုံကို Aroma Rose Co.,Ltd က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၅၅၀၈ ဒသမ ၇၂၀ သန်းအကုန်အကျခံကာ ကြမ်းခင်းဧရိယာ စတုရန်းပေ ၇၅၀၀၀ ရှိမြေနေရာပေါ်တွင် သံကူကွန်ကရစ်အမျိုးအစား သုံးထပ်အဆောက်အအုံ ဆောက်လုပ်သွားမည်ဖြစ်သည့်အပြင် လွှတ်တော်ကိုယ်စားလှယ်များနေထိုင်မည့် လွှတ်တော်ရိပ်သာကိုလည်း တည်ဆောက်သွားမည်ဖြစ်သည်။ **နိုဟေဆာ**

# ဆီးသီးပန်းပွင့်ရာသီ ပျားရည်ထုတ်လုပ်ငန်းများစတင်



**ကနီ စက်တင်ဘာ ၄**

ဆီးသီးပင်ပန်းပွင့်ရာသီ ပျားရည်ထုတ်လုပ်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းနှင့် အခြား တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပျားမွေးမြူရေးလုပ်ငန်းရှင်များ ဝင်ရောက်ကာပျားရည်ထုတ်လုပ်ငန်းများ စတင်လုပ်ကိုင်လျက်ရှိကြောင်း ကနီမြို့နယ် ပျားလုပ်ငန်းဦးစီးဌာနရုံးမှ သိရသည်။

ကနီမြို့နယ်အတွင်း ဆီးသီးပျားရည်ထုတ်လုပ်ရန်အတွက် ယခုနှစ်လုပ်ငန်းရာသီအထိ လုပ်ငန်းရှင် ၂၂၄ ဦး ရှိပြီး လုပ်ငန်းများစတင်လုပ်ကိုင်လျက်ရှိကြောင်းနှင့် ၂၀၁၆ ခုနှစ် ပျားရည်ထုတ်ရာသီတွင် လုပ်ငန်းရှင် ၃၀၀ ကျော်မှ ပျားပုံး ၁၂၀၀၀ ကျော် ချထားခဲ့ကြောင်း သိရသည်။

"ဒီနှစ်မှာတော့ ပျားပုံးချထားမှု အခက်အခဲမရှိစေရေးအတွက် ရာသီမတိုင်မီမှာ ကြိုတင်ပြီး ကျေးရွာတွေကိုသွားပြီးတော့ ဟောပြောစည်းရုံးခဲ့တဲ့အတွက် အခုနှစ်မှာ အခက်အခဲသိပ်မရှိပါဘူး။ ပျားလုပ်ငန်းရှင်တွေ ပျားပုံးတွေချရာမှ စိုက်ခင်းကအလုပ်သမားတွေ၊ လမ်းသွားလမ်းလာတွေကို အန္တရာယ်မဖြစ်စေဖို့ သတ်မှတ်နေရာများမှာသာ ချထားဖို့ မှာကြားရပါတယ်။ ပျားမွေးမြူရေးလုပ်ငန်းဆိုတာကို တစ်နေရာတည်းမှာ အခြေချပြီးတော့ လုပ်ရတဲ့ လုပ်ငန်းမဟုတ်ဘူး။ နေရာ ရွှေ့ပြောင်း မွေးမြူရတဲ့လုပ်ငန်းဆိုတော့ အဆင်ပြေသလိုလုပ်ရတဲ့အခါမှာ စိုက်ခင်းပိုင်ရှင်တွေနဲ့ လုပ်ငန်းရှင်တွေ အခက်အခဲအနည်းအကျဉ်းတော့ ရှိပေမယ့် ခါတိုင်းနှစ်တွေနဲ့စာရင် အဆင်ပြေပါတယ်။ ပိုပြီးစနစ်တကျရှိစေဖို့အတွက် ပျားပုံးချထားမှုအခြေအနေတွေကို ပျားလုပ်ငန်းဦးစီးဌာနရုံးကို သတင်းပို့စေပါတယ်။ ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့၊ မြောက်ပိုင်း နောင်ချိုမြို့ဘက်က လုပ်ငန်းရှင်တွေကတော့ ပန်းနှမ်းရာသီစတာနဲ့ အချိန်ကိုက်ဆိုတော့ အောက်တိုဘာလကုန်ပြီဆိုတာနဲ့ သူတို့ဒေသကိုပြန်ကြတယ်။ ကလေးဒေသက လုပ်ငန်းရှင်တွေကတော့ နိုဝင်ဘာလကုန်ခါနီးမှ ပြန်ကြတယ်" ဟု ကနီမြို့နယ် ပျားလုပ်ငန်းဦးစီးဌာနမှ တာဝန်ခံ ဦးကျော်ဌေးက ပြောသည်။

ယခုနှစ်ဆီးသီးပျားရည်ထုတ်ရာသီတွင် ဒေသခံပြည်သူများနှင့်ခရီးသွားပြည်သူများ အန္တရာယ်မဖြစ်စေရေးအတွက် ပျားပုံးများကို လမ်းတစ်ဖက်ကို ပေ ၅၀ အကွာတွင် ပျားပုံးတွေချရန်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ချမှတ်ပေးထားသော စည်းကမ်းချက် ၁၃ ချက်နဲ့အညီကြိုးကြပ်ပြီး ဆောင်ရွက်ရန်၊ ပျားရာသီမစမီက မြို့နယ်ပျားလုပ်ငန်းဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ပျားရည်ထုတ်လုပ်ငန်း လုပ်ကိုင်မည့် ကျေးရွာများသို့ ကွင်းဆင်းပြီး အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆီးပျားရည်ထုတ်လုပ်ငန်းကို ကနီ၊ ယင်းမာပင်၊ ဘုတလင်နှင့် ဒီပဲယင်းမြို့နယ်တို့တွင် အများဆုံး လုပ်ကိုင်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များသာမက ရှမ်းပြည်တောင်ပိုင်း တောင်ကြီး၊ ရှမ်းပြည်မြောက်ပိုင်း နောင်ချို၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှလည်း ဆီးသီးပင် ပန်းပွင့်ရာသီဖြစ်သော ဩဂုတ်လမှ အောက်တိုဘာလအထိ လာရောက် မွေးမြူကြကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး ဆွေးမြည့်ဓာတ်တိုင်များကို အစားထိုးပြုပြင်ဆောင်ရွက်

**ခင်ဦး စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရွှေဘိုခရိုင် ခင်ဦးမြို့ပေါ် ရပ်ကွက်များရှိ ဆွေးမြည့်နေသည့် သစ်သားဓာတ်တိုင်များ၊ သံတိုင်များကို လျှပ်စစ်အန္တရာယ်ကင်းစေရေးအတွက် ကွန်ကရစ်တိုင်များ၊ သံလက်တန်းများဖြင့် အစားထိုးလဲလှယ်ပြုပြင်ခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းအောင်နှင့် ဝန်ထမ်းများက စက်တင်ဘာ ၃ ရက်က ဆောင်ရွက်ခဲ့သည်။

အောင်ချမ်းသာရပ်ကွက်တွင် ကွန်ကရစ်တိုင် ၁၇ တိုင်နှင့် မြကန်သာရပ်ကွက်တွင် ကွန်ကရစ်တိုင် ၁၀ တိုင် စုစုပေါင်း ၂၇ တိုင်နှင့် သံလက်တန်းများကိုလည်းကောင်း၊ လျှပ်စစ်ဓာတ်ကြိုးနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများကို ရှင်းလင်းခြင်းလုပ်ငန်းတို့ကိုလည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းအောင်က ပြောသည်။ **(ခင်ဦးစိုးဝေ)**



## လားရှိုး၌ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးဆိုင်ရာ အတတ်ပညာရရှိနိုင်ရေးသင်တန်းဖွင့်

**လားရှိုး စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ဆင်နှစ်ကောင် ဟိုတယ်ခန်းမ၌ စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဂျာမန်ဖောင်ဒေးရှင်း (Konard Adenauer Stiftung & Panna)တို့ ပူးပေါင်းကျင်းပသော (Civil Service Training) ပြည်သူ့ရေးရာစီမံခန့်ခွဲရေးဆိုင်ရာ အတတ်ပညာများရရှိနိုင်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က အဖွင့်အမှာစကားပြောကြားရာတွင် အဓိကအားဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲခြင်း၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲခြင်းများတွင် လိုက်နာရမည့်ကျင့်ဝတ်များ၊ ပြည်သူ့ရေးရာမူဝါဒရေးရာ၊ ပြည်သူ့ဆက်ဆံရေးဆိုင်ရာ သင်ခန်းစာများ၊ နိုင်ငံတော် စီးပွားရေးတိုးတက်မှုဆိုင်ရာများနှင့် ပြည်သူ့စီမံကိန်းများ စီမံခန့်ခွဲခြင်းဆိုင်ရာ ပို့ချချက်များ ပါဝင်သင်ကြားပို့ချမည်ဖြစ်သည်။ ဆက်လက်၍ သင်တန်းဖွင့်လှစ်ရခြင်းအပေါ် ရည်ရွယ်ချက်များကို ဒေါက်တာတင်မောင်မောင်သန်းက လည်းကောင်း၊ Konard-Adenauer-Stiftung မှ ဒေါ်ခင်သူဇာထွန်းက ကူညီထောက်ပံ့ခြင်း အကြောင်းအရာများကို ဆွေးနွေး ပြောကြားသည်။

ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးဆိုင်ရာအတတ်ပညာရရှိနိုင်ရေးသင်တန်းကို စက်တင်ဘာ ၄ ရက်မှ စက်တင်ဘာ ၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး လားရှိုးမြို့ရှိ တွဲဖက်ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင်ဦးစီးမှူးများ စုစုပေါင်း သင်တန်းသား ၅၀ တက်ရောက်ကြပြီး ယခုလို သင်တန်းများကို ၂၀၁၃ ခုနှစ်မှ စတင်ပြီး နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ မော်လမြိုင်၊ ပြည်၊မုံရွာ၊ မကွေး၊ ပဲခူး၊ ဘားအံ၊ တောင်ကြီး၊ လွိုင်ကော်၊ မြစ်ကြီးနား၊ ထားဝယ်၊ ဟားခါးနှင့် ဗန်းမော်မြို့ကြီးများတွင် စုစုပေါင်း (၂၉)ကြိမ် ဆောင်ရွက်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးများတိုးတက်လာအောင် ပို့ချဆွေးနွေးခဲ့ကြောင်းသိရပြီး သင်တန်းနည်းပြလေးဦးတို့က ပို့ချသွားမည်ဖြစ် ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

## ဝါကျွတ်ကာလမတိုင်မီ ဗျောက်အိုးဖောက်ခြင်းကြောင့် ဒေသခံပြည်သူများစိုးရိမ်ထိတ်လန့်မှုဖြစ်ပွား

**မြစ်ကြီးနား စက်တင်ဘာ ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်အတွင်း ဗုဒ္ဓဘာသာဝင်တို့၏ဝါတွင်းကာလကျော်လွန်ချိန်မတိုင်မီ ဗျောက်အိုးနှင့် မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းများကြောင့် ပြည်သူများမှာစိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

ကချင်ပြည်နယ်အတွင်း နယ်မြေမတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့ရာမှ ယခုအခါတွင်တည်ငြိမ်အေးချမ်းစပြုလာပြီဖြစ်သဖြင့် ဒေသခံပြည်သူများမှာ ရောင်းဝယ်ဖောက်ကားမှုများဖြင့် ပုံမှန်လည်ပတ်လျက်ရှိပြီး စက်တင်ဘာ ၃ ရက် ညပိုင်းက မြို့ပေါ်ရပ်ကွက်အချို့တွင် ဗျောက်အိုးနှင့် မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းကြောင့် ဒေသခံပြည်သူအချို့ ထိတ်လန့်မှုများဖြစ်ပွား၍ "ဝါမကျွတ်သေးပါဘူး ဗျောက်အိုးကစဖောက်နေပြီ၊ သေနတ်သံလားလို့ တောင်ထင်ရတယ်။ အသံတော်တော်ကျယ်တယ်။ စိတ်ထဲမှာဇဝေဇဝါနဲ့ သို့လောသို့လောဖြစ်ပြီး စိုးရိမ်ထိတ်လန့်မှုတွေဖြစ်ရပါတယ်" ဟုမြို့သစ်ကြီးရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

ဗျောက်အိုးနှင့် မီးရှူးမီးပန်းများကို တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်အချို့က တရားမဝင်တင်သွင်းကာ မြစ်ကြီးနားမြို့ မြို့မဈေးအပါအဝင် မြို့ပေါ်ရပ်ကွက်ကျေးရွာများရှိ နံနက်ခင်းဈေးများနှင့် မင်းရပ်ရပ်ကွက်ရှိ ညဈေးတန်းများတွင် ပေါ်ပေါ်ထင်ထင် ရောင်းချလျက်ရှိပြီး ထိုသို့ရောင်းချမှုများကို ဒေသခံပြည်သူအချို့က တာဝန်ရှိသူများမှ ဖမ်းဆီးသိမ်းဆည်းရန် လိုလားလျက်ရှိကြောင်း သိရသည်။

**ဦးလေးကြီး**

# obm0ab;'PfEHkifonf taqmufttHk;(Resilient Structure)

**ကျော်လင်း(ဆောက်လုပ်ရေး)**

မြန်မာနိုင်ငံသည် ဇွန်လဆန်းမှစတင်၍ အနောက်တောင် မုတ်သုံလေ ဝင်ရောက်၍ စက်တင်ဘာလကုန်တွင် မုတ်သုံလေ ပြန်လည်ဆုတ်ခွာသည့် ရာသီဥတုဒဏ်ခံရသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မုတ်သုံရာသီကာလ အတွင်းဆိုင်ကလုန်းမုန်တိုင်းများသည် မြန်မာနိုင်ငံ၏ ဒေသအချို့ကို သဘာဝ ဘေးဒဏ် (Disaster) အဖြစ် ဖြစ်ပေါ်စေသည်။ မြန်မာနိုင်ငံတွင် မုတ်သုံ ရာသီဥတုကြောင့် အများဆုံးကြုံတွေ့ရသော သဘာဝဘေးဒဏ်များမှာ -

၁။ ရေကြီးခြင်း၊

၂။ မြေပြိုခြင်း၊

၃။ လေပြင်းမုန်တိုင်းဒဏ်ကြောင့် လူနေအိမ်၊ ကျောင်း၊ ဆေးရုံ၊ လမ်း၊ တံတားများပျက်စီးခြင်းတို့ ဖြစ်သည်။

ၚင်းဖြစ်စဉ်များမှာ ယခုကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှု များ ဖြစ်ပေါ်ပြီးနောက်ပိုင်း နှစ်စဉ်ကြုံတွေ့နေရသော ဖြစ်စဉ်များဖြစ်၍ "မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်" (Unexpected Natural Disaster Effect) မဟုတ်တော့ဘဲ နှစ်စဉ်မျှော်မှန်း၍ရသော (Expected Disaster Effect) များ ဖြစ်လာပါသည်။ သို့ဖြစ်ရာ သဘာဝဘေးဒဏ်ခံရ၍ အသစ်ပြန်လည်တည်ဆောက်မည့် အဆောက်အအုံများသည် နောင်နှစ်စဉ် ကြုံတွေ့ရမည့် သဘာဝဘေးဒဏ်ခံနိုင်သော အဆောက်အအုံများResilient Structure ဖြစ်ရပါမည်။ သို့ဖြစ်ရာ နှစ်စဉ်ကြုံတွေ့နေရသော သဘာဝ ဘေးဒဏ်ခံရသည့် မြို့ပြအင်ဂျင်နီယာဆိုင်ရာ ကြိုတင်စီမံဆောင်ရွက်ရမည့် အချက်အချို့ကိုတင်ပြလိုက်ပါသည်။

**၁။ Foundation**

လေမုန်တိုင်း၏ Up Lift Forceသည် အဆောက်အအုံကိုပင့်၍ ဆွဲနုတ် နိုင်သည့် အခြေအနေရှိ၍ ကွန်ကရစ်ဖိနပ်တိုင်ခံ၍ တည်ဆောက်သည့် အဆောက်အအုံများသည် ထုထည်ရှိသောကွန်ကရစ်ဖိနပ်များကိုမြေကြီး ထဲသို့ ၂/၃ မြှုပ်သွင်းပြီးမှသာ တည်ဆောက်သင့်ပါသည်။ အပေါ်ပိုင်း အဆောက်အအုံ Light Structure ဖြစ်သောအဆောက်အအုံသည် ပိုမို လေးလံသော Footing လိုအပ်မည် ဖြစ်သည်။



ကွန်ကရစ်ဖိနပ်တိုင်ခံတည်ဆောက်ပုံအမှားအမှန်ကို တွေ့ရစဉ်။



ဖောင်ဒေးရှင်းမခိုင်မြဲမှုကြောင့် လေမုန်တိုင်းတိုက်၍ လွင့်ထွက်သွားပုံ

**၂။ စတီးဖရိန် အဆောက်အအုံများ** (Steel Frame)

လူအများလွဲမှားစွာနားလည်နေကြသည်မှာ Steel Frame အဆောက်အအုံ သည် လေမုန်တိုင်းဒဏ်ခံနိုင်သည်ဟုထင်နေကြသည်။ အမှန်တော့ Steel Frame Structure များတွင် ဂျိုင့် (Joint) နေရာအားနည်းမှုကြောင့် လည်းကောင်း၊ တပ်ဆင်ထားသောဘို့တူ (Bolts & Nuts) များအားနည်းမှု ကြောင့်လည်းကောင်း၊ လေဒဏ်ခံဘားတန်းများ (Wind Ties) မပါရှိမှုတို့ ကြောင့်လည်းကောင်း လေမုန်တိုင်းတိုက်လျှင် အလွယ်တကူလွင့်ထွက် သွားနိုင်သည်။ ထို့ကြောင့် Steel Structure များတည်ဆောက်ရာတွင် Foundation နှင့် ခိုင်မြဲစွာဆက်တွဲနိုင်မှု၊ ဂျိုင့် (Joint) နေရာများ၏ တောင့် တင်းခိုင်မာမှု၊ ဘို့တူ (Bolts & Nuts) များ၏ တောင့်တင်းခိုင်မာမှု၊ ဂျိုင်းဆက် သံပြား (Fish Plate) များ၏ တောင့်တင်းခိုင်မာမှု၊ အမိုးဒိုင်း(Rafter) နှင့် မျှားတန်း (Purlins) တို့ ခိုင်မာစွာချိတ်တွဲနိုင်မှု၊ ဒိုင်းတစ်ခုနှင့်တစ်ခုကြား လေဒဏ်ခံတန်း (Wind Ties) များထည့်သွင်းထားမှု၊ အမိုးနှင့် မြားတန်းတို့ သေချာစွာ ဝက်အူစုပ်တပ်ဆင်နိုင်မှုတို့သည် အထူးအရေးကြီးလှပါသည်။




Steel Structure ပုံစံပြထားမှုကို တွေ့ရစဉ်။

**၃။ သစ်သားအဆောက်အအုံများ** (Timber Houses)

သစ်သားအဆောက်အအုံများ၏ လေမုန်တိုင်းဒဏ်ခံ အဓိက သော့ချက်မှာ Foundation သေချာစွာချိတ်တွဲထားနိုင်မှုနှင့် သစ်သားတိုင်နှင့် ထုပ်၊ လျောက်တန်းများ၊ ဒိုင်းမြားတို့ ခိုင်မြဲစွာချိတ်ဆွဲထားနိုင်မှုက အဓိကကျသည်။ စရွေးဖြင့် တွဲဆက်ခြင်းသည် သံရိုက်၍ ဆက်တွဲခြင်းထက် များစွာပိုမို ခိုင်ခံ့ သည်။ သစ်သားအဆောက်အအုံ၏ ထောင့်စွန်းလိုင်းတစ်လျှောက်တွင် တွဲဆက် ပစ္စည်းများဖြစ်သော မူလီ၊ သံမှိုတို့အား ပုံတွင်ပြထားသည့်အတိုင်းအခြား နေရာများထက် ပို၍စိပ်စိပ်ထည့်ရန် လိုအပ်ပါသည်။




သစ်သားအဆောက်အအုံအား မူလီ၊ သံမှိုတို့ စိတ်စိတ်ထည့်၍ မုန်တိုင်းဒဏ်ခံအောင် တည်ဆောက်ထားပုံ

အဆောက်အအုံအသစ်ဆောက်လုပ်ပါက လေဒဏ်ခံရမှုသက်သာစေရန် အဆောက်အအုံ၏ တိုသောအနားအားလေပြင်းလာရာဘက်သို့ မျက်နှာမူ၍ ဆောက်ရပါမည်။ မြင့်မိုရ်ပိတ်ဖြင့် အဆုံးသတ်သော နှစ်ဖက်ချ ဂေဘယ်လ် အမိုးများသည် အမိုးပြန့်၊ လေးဖက်ချ ဟစ်ပ် အမိုးများထက်ပို၍ လေပြင်း မုန်တိုင်းကျရောက်ချိန်တွင် ပျက်စီးနိုင်ခြေများပါသည်။ ဘေးနှစ်ဖက်တွင် အဆုံးသတ်ထားသော ကြီးမားကျယ်ပြန့်စွာတည်ရှိသည့် မြင့်မိုရ်ပိတ်မှ လေ သွားလမ်းကြောင်းအားအခုအခံတစ်ခုသဖွယ် ဖြစ်စေကာတိုက်ခတ်လာသော လေပြင်းအားအပြည့်ဖြင့် အမိုးကိုတွန်းလှန်ပင့်ထုတ်စေသောကြောင့် ဖြစ်ပါ သည်။



မြင့်မိုရ်ပိတ်ထားရှိမှုအခြေအနေအမှားအမှန်ကို တွေ့ရစဉ်။

**၄။ အုတ်စီအဆောက်အအုံနှင့် သံကူကွန်ကရစ်အဆောက်အအုံ**

သံကူကွန်ကရစ်အဆောက်အအုံသည် ယေဘုယျအားဖြင့် မုန်တိုင်းဒဏ်ခံ နိုင်သော်လည်း အမိုးပိုင်းအားနည်းလျှင် အမိုးလန်ခြင်းသည် အများဆုံး ပျက်စီးမှုဖြစ်သည်။ သို့ဖြစ်ရာသစ်သားအဆောက်အအုံ၊ အုတ်စီအဆောက် အအုံနှင့် သံကူကွန်ကရစ်အဆောက်အအုံများတွင် အမိုးပိုင်းကို သွပ်ပြားနှင့် မိုးရာတွင် လေလန်နိုင်သောအစွန်ဆုံးမြားတန်းနှင့် သွပ်ပြားကို 2" x 1" x ¼" သံပြားဖြင့် ဖိ၍ Hook and Eyes ဖြင့် မြားတန်းကိုချိတ်တွဲထားခြင်း ဖြင့် လေမုန်တိုင်းဒဏ်ကို ခံနိုင်ရည်ရှိမည်ဖြစ်သည်။




အဆောက်အအုံများတွင် အမိုးများလေမလှန်နိုင်အောင် တည်ဆောက်ထားမှုကို တွေ့ရစဉ်။




အဆောက်အအုံတစ်ခုတွင် လေမုန်တိုင်းဒဏ်ကာကွယ်နိုင်ရန် လေဝင်လေထွက်ပေါက်များထားရှိပုံ

**၅။ ဂိုဒေါင်ကဲ့သို့ အဆောက်အအုံများ**

ဂိုဒေါင်ကဲ့သို့ အဆောက်အအုံကြီးများသည် လေ၏လားရာကို ကြည့်၍ သဘာဝ လေဝင်လေထွက်ပေါက်များ ထားရှိပေးခြင်းဖြင့် လေမုန်တိုင်း ဒဏ်ကို ကာကွယ်နိုင်မည်ဖြစ်သည်။

**၆။ သဘာဝ၏ အကာအကွယ်များ**

သစ်ပင်များ၊ သဘာဝတောင်ကုန်းများကိုကွယ်၍ အဆောက်အအုံ ဆောက်ထားလျှင်လည်း လေမုန်တိုင်းဒဏ်ကိုကာကွယ်ပြီးဖြစ်ပါသည်။ သို့သော် သစ်ပင်များအမြစ်ကျွတ်၍ အိမ်ပေါ်ပိကျလာခြင်းအန္တရာယ်တော့ ရှိနိုင်ပါသေးသည်။




လေမုန်တိုင်းဒဏ်ကာကွယ်ရန် သစ်ပင်ကို ကွယ်၍ အဆောက်အအုံဆောက်လုပ်ထားပုံ




တောင်ကုန်းကိုကွယ်၍အဆောက်အအုံဆောက်လုပ်ထားပုံ

စာမျက်နှာ ၂၂ သို့

# အမေရိကန်ကို အတူထွက်ခွာသွားတဲ့ ဆောင်ဂျွန်ကီ နဲ့ ဆောင်းဟေကို



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အနုပညာကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသားဆောင်ဂျွန်ကီနဲ့ မင်းသမီးဆောင်းဟေကိုတို့ဟာ လတ်တလောမှာတော့ အမေရိကန်နိုင်ငံ လော့စ်အန်ဂျလိစ်မြို့ကို ထွက်ခွာသွားခဲ့ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာ ၃ ရက်က သူတို့နှစ်ဦးအတူတကွ အမေရိကန်ကို ထွက်ခွာသွားတဲ့ပုံရိပ်တွေဟာ လူမှုကွန်ရက်မီဒီယာပေါ်မှာ ပျံ့နှံ့ခဲ့တာဖြစ်တယ်လို့လည်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

သူတို့နှစ်ဦး လေယာဉ်ပေါ်မှာရှိနေစဉ်ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေဟာ ယခုလို လူမှုကွန်ရက်မီဒီယာပေါ်မှာ ပျံ့နှံ့လာခဲ့ပြီးနောက် ဆောင်းဟေကိုရဲ့ ဖျော်ဖြေရေးအေဂျင်စီက အဆိုပါကိစ္စနဲ့ပတ်သက်ပြီး တရားဝင်တုံ့ပြန်ပြောကြားခဲ့တာကိုလည်း တွေ့ရပါတယ်။ ဆောင်းဟေကိုရဲ့ အေဂျင်စီက "သူတို့နှစ်ဦး အတူထွက်ခွာခဲ့တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် သူတို့နှစ်ဦးစလုံးမှာ သီးခြားအနုပညာလှုပ်ရှားမှုအစီအစဉ်တွေရှိနေတာလည်း ဖြစ်ပါတယ်"လို့ ကောလာဟလတွေပေါ်ထွက်လာပြီးတဲ့နောက် စက်တင်ဘာ ၄ ရက်က တုံ့ပြန်ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။

ဆောင်ဂျွန်ကီနဲ့ ဆောင်းဟေကိုတို့ဟာ ယခုနှစ်အစပိုင်းမှာ ချစ်သူတွေအဖြစ် လက်တွဲလိုက်ပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့ကာ တစ်ဆက်တည်းမှာပဲ လာမယ့်အောက်တိုဘာလအတွင်း မင်္ဂလာပွဲဆင်နွှဲသွားမှာဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ လာမယ့် အောက်တိုဘာ ၃၁ ရက်မှာ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မှာရှိတဲ့ ထိပ်တန်းဟိုတယ်တစ်ခုဖြစ်တဲ့ ရှီလာဟိုတယ်မှာ မင်္ဂလာပွဲကျင်းပသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

## တစ်ကိုယ်တည်းသမားဘဝကို မနှစ်သက်ကြောင်း အန်ဂျလီနာဂျိုလီ ဖွင့်ဟ



ဆယ်စုနှစ်တစ်ခုကြာလက်တွဲလာခဲ့ပြီးနောက် လမ်းခွဲလိုက်ကြတဲ့ ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ အန်ဂျလီနာဂျိုလီနဲ့ ဘရက်ပစ်တို့ဟာ လတ်တလောမှာတော့ တရားဝင်ကွာရှင်းပြတ်စဲဖို့ ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ဒီလို ခင်ပွန်းဖြစ်သူ ဘရက်ပစ်နဲ့လမ်းခွဲပြီးနောက် တစ်ကိုယ်တည်းသမားဘဝနဲ့ ရပ်တည်နေတဲ့ မင်းသမီး အန်ဂျလီနာဂျိုလီက တစ်ကိုယ်တည်းသမားဘဝနဲ့ ယခုလိုရပ်တည်နေရခြင်းကို သူ့အနေနဲ့မနှစ်သက်ကြောင်းနဲ့ အဲဒီလိုဘဝမျိုးဟာ သူလိုချင်တဲ့ဘဝမျိုးလည်း မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် (၄၂)နှစ်အရွယ်ရှိပြီဖြစ်တဲ့ အန်ဂျလီနာဂျိုလီဟာ ဘရက်ပစ်နဲ့ လမ်းခွဲပြီးနောက် ကလေးခြောက်ဦးနဲ့အတူ နေထိုင်နေတာလည်း ဖြစ်ပါတယ်။ လက်တွဲဖော်မရှိဘဲ နေထိုင်နေတာ လအတော်ကြာခဲ့ပြီဖြစ်ပြီး ပြီးခဲ့တဲ့တနင်္ဂနွေနေ့မှာတော့ အန်ဂျလီနာဂျိုလီက လက်ရှိဘဝနဲ့ပတ်သက်ပြီး အင်တာဗျူးတစ်ခုမှာ ဖွင့်ဟခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ခင်ပွန်းဖြစ်သူဟာ ကလေးတွေအပေါ် ကျူးလွန်ခဲ့တာတွေရှိတယ်ဆိုတဲ့အကြောင်းပြချက်နဲ့ လမ်းခွဲဖို့တောင်းဆိုခဲ့ကာ တရားဝင်ကွာရှင်းဖို့ လုပ်ဆောင်ခဲ့တဲ့ အန်ဂျလီနာဂျိုလီဟာ ဘရက်ပစ်နဲ့လမ်းခွဲပြီးနောက်ပိုင်းမှာ သူ့ရဲ့နေ့ရက်တွေဟာ ခက်ခဲခဲ့ကြောင်းနဲ့ ကျန်းမာရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရကြောင်းလည်း ပြောကြားခဲ့ပါတယ်။ လက်ရှိမှာတော့ အန်ဂျလီနာဂျိုလီဟာ ရင်သွေးလေးခြောက်ဦးနဲ့အတူ နေထိုင်နေတာလည်း ဖြစ်ပါတယ်။



## ယွန်နရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ် ယခုသီတင်းပတ်အတွင်း ထွက်ရှိမည်

တေးသံရှင်တစ်ဦးအနေနဲ့ အနုပညာလောကအတွင်း စတင်ဝင်ရောက်ခဲ့ပြီး လတ်တလောမှာတော့ ခေါင်းဆောင်မင်းသမီးတစ်ဦးအဖြစ်ပါ အောင်မြင်မှုတွေရရှိနေပြီဖြစ်တဲ့ တောင်ကိုရီးယားအနုပညာကြယ်ပွင့်တစ်ဦးဖြစ်သူ ယွန်နဟာ ယခုသီတင်းပတ်အတွင်း သူ့ရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ်ကို စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်အမ်အန်တာတိန်းမန့်က လတ်တလောမှာ ထုတ်ဖော်ပြောကြားခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

စက်တင်ဘာ ၄ ရက်မှာ အက်စ်အမ်အန်တာတိန်းမန့်က ယွန်နရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ်ကို ယခုသီတင်းပတ်အတွင်းမှာ အက်စ်အမ်လိုင်းမှတစ်ဆင့် ထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး ဒေသတွင်းမှာသာမက တရုတ်နိုင်ငံမှာပါ ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ယွန်နရဲ့ တေးသီချင်းသစ်ကိုတော့ "You Are My Star"လို့အမည်ပေးထားပြီး အွန်လိုင်းကနေတစ်ဆင့် ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။ အွန်လိုင်းပေါ်မှာကတော့ စက်တင်ဘာ ၈ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး ညပိုင်းမှာ ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ ယင်းတေးသီချင်းကိုတော့ ကိုရီးယားဗားရှင်းနဲ့သာမက တရုတ်ဗားရှင်းနဲ့ပါ နှစ်မျိုးထုတ်လွှင့်သွားဖို့လည်း စီစဉ်ထားတာဖြစ်ပါတယ်။ ယင်းတေးသီချင်း သစ်ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် မတ်လအတွင်း ထုတ်လွှင့်ခဲ့တဲ့ ယွန်နရဲ့ တစ်ကိုယ်တော်တေးသီချင်း "Deoksugung Stonewall Walkway"ပြီးနောက် ဒုတိယမြောက်ထုတ်လွှင့်ခဲ့တဲ့ တစ်ကိုယ်တော်တေးသီချင်းလည်းဖြစ်ပါတယ်။

၂၀၀၇ ခုနှစ်အတွင်းက တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ "Girls' Generation"ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် အနုပညာလောကအတွင်း စတင်ဝင်ရောက်ခဲ့တဲ့ ယွန်နဟာ သူ့ရဲ့တေးဂီတအဖွဲ့နဲ့အတူ အဖွဲ့တည်ထောင်ခြင်း ဆယ်နှစ်ပြည့်အထိမ်းအမှတ်ကို ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ အဖွဲ့လိုက်တေးသီချင်းသစ်တွေကို ထုတ်လွှင့်ခဲ့ပြီးနောက် ယခုလို တစ်ကိုယ်တော်တေးသီချင်းတွေကို ထုတ်လွှင့်လာခဲ့တာလည်း တွေ့ရပါတယ်။

ဒါ့အပြင် လတ်တလောမှာ ယွန်နဟာ အမ်ဘီစီရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်လျက်ရှိတဲ့ ရုပ်သံဇာတ်လမ်းတွဲ "The King Loves"မှာလည်း ပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်လမ်းမှာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ထားတာလည်း ဖြစ်ပါတယ်။

အေးပြည့်
စုစည်းသည်




## အချစ်တေးသီချင်းတွေနဲ့ ပြန်လည်အသက်ဝင်လာခဲ့ပြီဖြစ်တဲ့ တေလာဆွစ်

ဂီတလမ်းကြောင်းပေါ် စတင်လျှောက်လှမ်းစဉ်က အချစ်တေးသီချင်းချိုချိုလေးတွေနဲ့အတူ ပရိသတ်တွေရင်ထဲ စတင်ဝင်ရောက်လာခဲ့တဲ့ တေလာဆွစ်ဟာ ကာလအတော်ကြာ အချစ်တေးသီချင်းတွေနဲ့ ဝေးကွာနေတာဖြစ်ပါတယ်။ လတ်တလောမှာတော့ တေလာဆွစ်ရဲ့ တေးသီချင်းသစ်တစ်ပုဒ်ကို စတင်ထုတ်လွှင့်ခဲ့ပြီး ယင်းတေးသီချင်းကတော့ ဟိုအရင်တစ်ချိန်က တေလာဆွစ်ကို ပြန်လည်မြင်တွေ့ရသလို ခံစားစေခဲ့တာလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၂ ရက်မှာ တေလာဆွစ်က ယခုနှစ် နှစ်ကုန်ပိုင်းမှာ ထုတ်လွှင့်သွားမယ့် သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းသစ်တစ်ပုဒ်ကို စမ်းသပ်ထုတ်လွှင့်ခဲ့ပြီး စက်တင်ဘာ ၃ ရက်မှာတော့ ယင်းတေးသီချင်းအပြည့်အစုံကို ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ လတ်တလောထုတ်လွှင့်ခဲ့တဲ့တေးသီချင်းဟာ တေလာရဲ့ တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်းတွေအနက် ဒုတိယမြောက်တေးသီချင်းလည်း ဖြစ်ပါတယ်။

နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းကိုတော့ တေလာက "Ready For It"လို့ အမည်ပေးထားပြီး အချစ်တေးသီချင်းအမျိုးအစားဖြစ်ကာ တေးသီချင်းမှာ အမျိုးသားတစ်ဦးအပေါ်ထားရှိတဲ့ ချစ်ခြင်းမေတ္တာတွေကို ရေးဖွဲ့ထားခြင်းဖြစ်ပါတယ်။ ဒီတေးသီချင်းကို ထုတ်လွှင့်ခဲ့ပြီးတဲ့နောက်မှာတော့ အဆိုပါတေးသီချင်းမှာ တေလာဆွစ်ရည်ရွယ်ရေးသားခဲ့တဲ့ အမျိုးသားဟာ တစ်ချိန်က သူနဲ့ချစ်သူအဖြစ် လက်တွဲခဲ့ဖူးသူ ဗြိတိန်အမျိုးသားတေးဂီတအဖွဲ့ "One Direction"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဟယ်ရီစတိုင်ဖြစ်တယ်လို့လည်း ဝေဖန်သံတွေ ပေါ်ထွက်လာတာကိုလည်း တွေ့ရပါတယ်။

တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် ဒုတိယမြောက်တေးသီချင်း "Ready For It"ကို အမေရိကန်ပြည်ထောင်စု အယ်လ်ဘားမားပြည်နယ်နဲ့ ဖလော်ရီဒါပြည်နယ်တို့ယှဉ်ပြိုင်ကစားကြတဲ့ ကောလိပ်ကျောင်းသားတွေရဲ့ ဘောလုံးပွဲကျင်းပစဉ် စမ်းသပ်ထုတ်လွှင့်ပေးခဲ့ကာ ဘောလုံးပွဲမစတင်မီ အကြိုပြသတဲ့အချိန်မှာ တစ်မိနစ်သာကြာမြင့်တဲ့ဗီဒီယိုကို အမြည်းသဘောထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ယင်းဗီဒီယိုမှာတော့ ဘောလုံးပွဲကျင်းပရာကွင်းအတွင်း ဝင်ရောက်လာကြတဲ့ ကောလိပ်ကျောင်းသားဘောလုံးသမားအသင်းနှစ်သင်းစလုံးဟာ အပြေးလေးဝင်ရောက်ခဲ့ကြပြီး အဲဒီအချိန်အတွင်းမှာ တေလာဆွစ်ရဲ့ တေးသီချင်းသစ်ကို နောက်ခံထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ ဒီလိုစမ်းသပ်ထုတ်လွှင့်ခဲ့ပြီးနောက် ၂၄ နာရီမပြည့်မီမှာဘဲ တေလာဆွစ်က တေးသီချင်းတစ်ပုဒ်လုံးကို ထုတ်လွှင့်ပေးခဲ့တာလည်း ဖြစ်ပါတယ်။

တေလာဆွစ်ဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်းထုတ်လွှင့်ခဲ့တဲ့ တစ်ကိုယ်တော်တေးသီချင်းတွေဟာ အမုန်းတရားတွေ၊ လက်စားချေမှုတွေကို အခြေခံတဲ့ တေးသီချင်းတွေဖြစ်ပြီး တေးအယ်လ်မ်သစ်မှာပါဝင်မယ့် ပထမဆုံးထုတ်လွှင့်ခဲ့တဲ့တေးသီချင်း "Look What You Made Me Do" ဟာလည်း ပူလောင်တဲ့ခံစားချက်တွေနဲ့ ဖွဲ့သီထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တာတွေ့ရပါတယ်။ လတ်တလောထုတ်လွှင့်ခဲ့တဲ့ ဒုတိယမြောက်တေးသီချင်းမှာတော့ အေးချမ်းတဲ့ ချစ်ခြင်းအကြောင်းရေးသီထားတာဖြစ်တဲ့အတွက် ယခင်တစ်ချိန်က အချစ်သီချင်းချိုချိုလေးတွေကို သီဆိုခဲ့တဲ့ တေလာဆွစ်ကို ပြန်လည်ယူဆောင်လာတဲ့ တေးသီချင်းတစ်ပုဒ်လို့ ဆိုရမှာလည်း ဖြစ်ပါတယ်။

တေးအယ်လ်ဘမ်သစ်တစ်ခုလုံးကိုတော့ လာမယ့် နိုဝင်ဘာ ၁၀ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်သစ် "Reputation" ဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ "1989"တေးအယ်လ်ဘမ်ပြီးနောက် ပထမဆုံးပြန်လည်ထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်ဖြစ်ကာ တေလာဆွစ်ရဲ့ ခြောက်ခုမြောက်တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။

# မြစ်ကျောက်စရစ်ထုတ်လုပ်ရာ၌ သဘာဝပတ်ဝန်းကျင် မြစ်ချောင်းအင်းအိုင်များ ထိခိုက်မှုမရှိအောင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီထုတ်လုပ်



**ပဲခူး စက်တင်ဘာ ၄**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပြည်ခရိုင်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ မြစ်ကျောက်စရစ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းက အမှာစကားပြောကြားရာတွင်မြစ်ကျောက်စရစ်ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင် မြစ်၊ ချောင်းအင်းအိုင်များကို ထိခိုက်မှုမရှိအောင်သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထုတ်လုပ်ကြရန်၊ လုပ်ငန်းလိုင်စင်ထုတ်ပေးရာတွင်လည်း သက်ဆိုင်ရာဌာနများက သေချာစွာလေ့လာစိစစ်ပြီး သတ်မှတ်ထားသောဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများအတိုင်းထုတ်ပေးရန်၊ လုပ်ငန်းရှင်များအနေဖြင့်မိမိတို့တွေ့ရှိရသည့်လုပ်ငန်းအခက်အခဲများကိုတင်ပြပေးရန်ပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေရန် ထုတ်ယူခွင့် သတ်မှတ်ထားသော အရေအတွက်အတိုင်း နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာရရှိအောင် မှန်ကန်စွာထုတ်ယူစေရန်၊ ကျောက်လုပ်ကွက်လိုင်စင်ထုတ်ပေးရာတွင် မျှတမှုရှိအောင်ပွင့်လင်းမြင်သာစွာလုပ်ဆောင်ပေးရန်၊ လုပ်ကိုင်ခွင့်မရရှိသေးခင် လုပ်ငန်းရှင်များအနေဖြင့် ငွေကြေးကုန်ကျမှုများရှိနေခြင်းကြောင့် မည်သည့်အတွက်ကုန်ကျမှုရှိနေသည်ကို သက်ဆိုင်ရာဌာနများက ရှင်းလင်းပေးရန်၊ လုပ်ငန်းချိန်သတ်မှတ်ပေးရန်၊ စောင့်ကြည့်အဖွဲ့များဖွဲ့စည်းထားရှိရန်၊ လုပ်ငန်းတစ်ခုဆောင်ရွက်ရာတွင် ဗဟိုဦးစီးစနစ်ဖြင့်ဆောင်ရွက်ခြင်း မပြုစေဘဲ ပွင့်လင်းမြင်သာစွာဖြင့် ဒေသခံပြည်သူများပေါင်းစပ်ညှိနှိုင်းပြီးမှသာ ဆောင်ရွက်ကြရန် ဆွေးနွေးတင်ပြရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဦးစီးမှူးဦးမင်းသိန်း၊ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးညဏ်ဇော်နှင့် သက်ဆိုင်ရာဌာန တာဝန်ရှိသူများက မြစ်ကျောက်စရစ်ထုတ်လုပ်ခွင့်ပြုရန် လုပ်ငန်းအဆင့်ဆင့်နှင့် ပတ်သက်၍ပြန်လည်ဆွေးနွေးတင်ပြသည်။

ယင်းနောက် မြစ်ကျောက်စရစ်ထုတ်လုပ်ရေး လုပ်ငန်းရှင်များက လုပ်ငန်းလိုင်စင်ပြုလုပ်ရန် သတ်မှတ်ထားရှိသော လိုအပ်သည့်စာရွက်စာတမ်းထောက်ခံချက်များပြုလုပ်ရာတွင် မလိုလားအပ်သောကြန့်ကြာနေမှုကို မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးတင်ပြရာ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းက ပြည်ခရိုင်အတွင်း မြစ်ကျောက်စရစ်ထုတ်မှုကဏ္ဍနှင့် လုပ်ကိုင်ခွင့်ပြုထားမှု၊ သက်ဆိုင်ရာဌာနအဆင့်ဆင့်၏လုပ်ဆောင်ချက်၊ ကြီးကြပ်မှုအပိုင်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးပြီး ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ ပြည်ခရိုင်အတွင်းရှိ လျှပ်စစ်မီးနှင့်ဝေးကွာနေသောဒေသများအတွက်ဆိုလာမီးအစုံ ၃၀ အား ဝန်ကြီးချုပ်မှ ပြည်ခရိုင်အုပ်ချုပ်ရေးမှူးထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

ပြည်ခရိုင်အတွင်းရှိ ပြည်၊ ပန်းတောင်း၊ ရွှေတောင်မြို့နယ်တို့တွင် ၂၀၁၇-၂၀၁၈ခုနှစ်အတွက်မြစ်သဲ/ကျောက်စရစ်ထုတ်လုပ်ရန်လုပ်ငန်းရှင် ၆၈ ဦး လျှောက်ထားခဲ့ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ သဘောထားရရှိသည့် လုပ်ကွက်လျှောက်ထားသူ ၁၉ ဦးအား လုပ်ငန်းလုပ်ဆောင်ခွင့်ပြုပေးထားပြီးဖြစ်သည်။

ဆက်လက်၍ဝန်ကြီးချုပ်နှင့်အဖွဲ့သည်ပြည်မြို့အားကစားကွင်း၌ ကျင်းပသော ဝန်ကြီးချုပ်ဖလားလေး ခရိုင် အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲနှင့် တည်ဆောက်ရေး (၂) ဆည်မြောင်းခန်းမ၌ Myanmar Engineering Society မှ ဖွင့်လှစ်သော Technical Course(၃/၂၀၁၇)သင်တန်းဖွင့်ပွဲသို့ တက်ရောက်ခဲ့သည့်အပြင် မြို့သန့်ရှင်းသာယာလှပရေး၊ ရေနုတ်မြောင်းများရေစီးရေလာကောင်းမွန်စီးဆင်းစေရေးအတွက် ကြည့်ရှုစစ်ဆေးခြင်း၊ ဓမ္မရက္ခိတဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ စွန့်လွှတ်မြေပြန်လည်ပေးအပ်သည့်ကိစ္စနှင့် ပတ်သက်၍ ထမ္မကောက်ကျေးရွာ၊ ပန်းတင်ကျေးရွာ၊ စံပြရွာ၊ ညောင်ဝန်းကျေးရွာ၊ တီတွဒ်မြရတနာကျေးရွာစသည့်ကျေးရွာများရှိ ပြည်သူများနှင့် တွေ့ဆုံခြင်း၊ ဝက်ထီးကန်မြို့အခြေခံပညာအထက်တန်းကျောင်းတွင် ဝက်ထီးကန်မြို့ပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ပြည်သူများ၏ ဒေသအတွက် လိုအပ်ချက်များ တင်ပြမှုကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဝန်ကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ခရိုင်မြို့နယ် ဌာနဆိုင်ရာများ၊ မြစ်ကျောက်စရစ်လုပ်ငန်းရှင်များ တက်ရောက်ကြကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

# ကျိုက်ထီးရိုးစေတီတော်တောင်ပေါ်တွင် ဘုရားဖူးပြည်သူများအတွက် လိုအပ်နေသော ရေအိမ်နှင့် ရေသန့်ရှင်းရေးကိစ္စများ ဆောင်ရွက်နိုင်ရန်လှူဒါန်း

**မော်လမြိုင် စက်တင်ဘာ ၄**
မွန်ပြည်နယ် မော်လမြိုင်မြို့တွင် Super Search Co.,Ltd မှ ကျိုက်ထီးရိုးစေတီတော်တောင်ပေါ်တွင် ဘုရားဖူးပြည်သူများအတွက် လိုအပ်နေသော ရေအိမ်နှင့် ရေသန့်ရှင်းရေးကိစ္စများ ဆောင်ရွက်နိုင်ရန် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို စက်တင်ဘာ ၃ ရက်နံနက် ၉ နာရီခွဲက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ဝင်များအား ကျိုက်ထီးရိုးစေတီတော်တောင်ပေါ်တွင် ဘုရားဖူးပြည်သူများအတွက် လိုအပ်နေသော ရေအိမ်နှင့် ရေသန့်ရှင်းရေးကိစ္စများကို ဆောင်ရွက်နိုင်ရန် ဆောက်လုပ်မည့် မြေနေရာများသတ်မှတ်ပြီး ဆောက်လုပ်ကြရန် လမ်းညွှန်မှာကြား၍ Super Search Co.Ltd မှပေးအပ်လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လက်ခံကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ Super Search Co.,Ltd မှတာဝန်ရှိသူများ၊ ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ပြည်နယ် (ပြန်/ဆက်)**

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲကျင်းပ

**သာယာဝတီ စက်တင်ဘာ ၄**
ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် အထက( ၁ ) ပညာ့အားမာန်ခန်းမ၌ စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ၂၀၁၇ ခုနှစ် ပဥ္စမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် သာယာဝတီခရိုင် ရှစ် မြို့နယ်မှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၃၈ ဦး၊ အလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူ ၁၃၆ ဦး၊ မူလတန်းအဆင့်ကျောင်းသားကျောင်းသူ ၅၉ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၃၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး သာယာဝတီမြို့နယ်ပညာရေးမှူး ဦးရဲထွဋ်၊ သာယာဝတီခရိုင် ရှစ်မြို့နယ်မှ ဆရာ ဆရာမများက ပြိုင်ပွဲအား ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ ပြိုင်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်း၊ ခရိုင်ရဲမှူး ဒုရဲမှူးကြီးကျော်စိုးနှင့် ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများက လာရောက်အားပေးခဲ့ကြကြောင်း သိရသည်။

**သန့်ဇော် (ခရိုင် ပြန်/ဆက်)**

# သန်ကောင်အကြောင်းသိကောင်းစရာများ ဟောပြော

**ရန်ကုန် စက်တင်ဘာ ၄**
သန်ကောင်အကြောင်း သိကောင်းစရာများနှင့် စပ်လျဉ်း၍ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစာအိမ်အူလမ်းကြောင်းဌာနမှ ပါမောက္ခ/ဌာနမှူး ဦးသိန်းမြင့်က သန်ကောင်အကြောင်း သိကောင်းစရာများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပေးခဲ့သည်။

သန်ကောင်ရောဂါဆိုသည်မှာ လူ့ခန္ဓာကိုယ်တွင် နေထိုင်ပေါက်ပွားနိုင်သောကပ်ပါးကောင်များဖြစ်ကြောင်း၊ ၎င်းတို့အနက်မှ သန်လုံးကောင်၊ ကြာပွတ်သန်ကောင်၊ ချိတ်သန်ကောင်၊ အပ်သန်ကောင်၊ ပလွေသန်ကောင်နှင့် ကြိုးပြားသန်ကောင်တို့သည် လူ့ခန္ဓာကိုယ်ကိုဒုက္ခပေးနေသော သန်ကောင်များဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ၂၀၁၄ ခုနှစ်ထုတ်ပြန်ချက်အရ လူဦးရေ၏ ၅၀ ရာခိုင်နှုန်းသည် သန်ကောင်ရောဂါခံစားနေရကြောင်း၊ ၄၇ ရာခိုင်နှုန်းမှာ သန်လုံးကောင်ကြောင့်ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

သန်လုံးကောင်နှင့် ကြိုးပြားသန်ကောင်တို့သည် သန်ကောင်ဥများကပ်နေသော အစားအစာများကိုစားမိခြင်းအားဖြင့် လူ့ခန္ဓာကိုယ်အတွင်းဝင်ရောက်နိုင်ကြောင်း၊ ပလွေသန်ကောင်နှင့် ချိတ်သန်ကောင်တို့သည် လူ့အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်း ဝင်ရောက်နိုင်ကြောင်း ပါမောက္ခဦးသိန်းမြင့်က ပြောသည်။

ခြေဗလာဖြင့်လမ်းလျှောက်ခြင်းနှင့် ရောဂါပိုးရှိနေသောလူ့မစင်များမှတစ်ဆင့်ချိတ်သန်ကောင်များ ကူးစက်နိုင်ကြောင်း၊၎င်းတို့သည် လူ့ခန္ဓာကိုယ်ထဲတွင် ဆက်လက်ရှင်သန်ပေါက်ပွားနိုင်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ရောဂါလက္ခဏာများအဖြစ်စအိုတစ်ဝိုက်ယားယံခြင်း၊ ဗိုက်နာခြင်း၊ ဝမ်းပျက်ခြင်း၊ သွေးအားနည်းခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အင်ပြင်ထခြင်း၊ မကြာခဏဝမ်းဗိုက်မအီမသာဖြစ်ခြင်းတို့ဖြစ်သည်။

သန်ကောင်ကြောင့်နောက်ဆက်တွဲရောဂါများအဖြစ် ဦးနှောက်ဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ သွေးအားနည်းခြင်းရောဂါ၊ ဝမ်းဗိုက်နာကျင်ခြင်း၊ အစားအသောက်မမှန်ခြင်း၊ သည်းခြေပြွန်ပိတ်ဆို့ခြင်း၊ သရက်ရွက်ရောင်ခြင်း၊ အသည်းတွင်ပြည်တည်ခြင်း၊ အူပိတ်ခြင်း၊ အူအတက်ရောင်ခြင်းတို့ ဖြစ်ပွားနိုင်သည်။ သန်ကောင် ရောဂါလက္ခဏာစတင်ခံစားနေရလျှင် နီးစပ်ရာဆရာဝန်နှင့်ပြသသင့်ပါသည်။ အသက်(၂)နှစ်အထက် ကလေးတိုင်း ခြောက်လ တစ်ကြိမ်သန်ချပေးသင့်ကြောင်း သိရသည်။

**စောဝေယံ**

# ငွေတောင်ဆည်အတွင်း ငါးမြစ်ချင်းငါးမျိုး ကောင်ရေ နှစ်သိန်း စိုက်ထည့်



**ဒီးမော့ဆို စက်တင်ဘာ ၄**
ကယားပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ကျင်းပသည့် ငွေတောင်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို စက်တင်ဘာ ၄ ရက် နံနက် ၈ နာရီခွဲက လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ငွေတောင်ဆည်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်က အမှာစကားပြောကြားပြီး(JICA)မှ လှူဒါန်းသော ပညာပေးဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်သည်။ ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက ငါးမွေးတောင်သူကိုယ်စားလှယ် တစ်ဦးထံ ငါးသားဖောက်ထုတ်လုပ်ခြင်းလက်စွဲစာအုပ်များကို လည်းကောင်း၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်မြင့်မြင့်မော်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခွဲ(ငွေတောင်) ကျောင်းအုပ်ကြီးထံ ပညာပေးဗလာစာအုပ်များကိုလည်းကောင်း ပေးအပ်သည်။

ယင်းနောက် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်မြင့်မြင့်မော်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ရပ်မိ/ရပ်ဖများကငွေတောင်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ကြကြောင်း သိရသည်။

ငွေတောင်ဆည်သည် ကယားပြည်နယ်၏ အထင်ကရဆည်တစ်ခုဖြစ်ပြီး ရေပြင်ဧရိယာ ၆၂၀ ဧက၊ ဆည်ရေပေးဧရိယာ ၆၂၉၄ ဧကရှိကြောင်း၊ ဆည်ရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းဖြင့် မွေးမြူရေးငါး မျိုးကောင်းမျိုးသန့်များအား သဘာဝအနေအထားအတိုင်း ကြီးပြင်းခွင့်ရပြီး ရှင်သန်နှုန်း မြင့်မားခြင်း၊ ကြီးထွားနှုန်း ကောင်းမွန်ခြင်း၊ အထွက်နှုန်းကောင်းမွန်ခြင်းစသော အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း၊ ယခု ငွေတောင်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး ငါးမြစ်ချင်းကောင်ရေ နှစ်သိန်းကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျောင်းဝင်းအတွင်း မြက်ခုတ်ထွင်ရှင်းလင်းခြင်းဆောင်ရွက်

**တနင်္သာရီ စက်တင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း သဘာဝအလျောက်ပေါက်ရောက်နေသော မြက်ခင်းပြင်တွင် ခြင်ခိုအောင်းခြင်း မပြုနိုင်ရန်နှင့် ကျောင်းဥပမိရုပ်ကောင်းမွန်စေရေးအတွက် ခုတ်ထွင်ရှင်းလင်းခြင်း အကျိုးပြုလုပ်ငန်းကို မြို့နယ်မီးသတ်ဦးစီးဌာနတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီမှစ၍ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဒု-ဦးစီးမှူး ဦးမျိုးမျိုးနိုင်ဦးစီးလျက် မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က ကျောင်းဝင်းအတွင်းရှိ မြက်ခင်းပြင်တစ်ပြင်လုံး ရှင်းလင်းသည်အထိ မြက်ရိတ်စက်များဖြင့် ခုတ်ထွင်ရှင်းလင်းခြင်း ဆောင်ရွက်ရာ၌ အထက တနင်္သာရီမှ ရုံးအဖွဲ့ဝန်ထမ်းများက ပူးပေါင်းကူညီခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း (ပြန်ဆက်)**

# ဆင်ရှာရေတံခွန်အား သွားရောက်လည်ပတ်သူများလာ

**မွန်ပြည်နယ် စက်တင်ဘာ ၄**

မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များစွာရှိပြီး ခရီးသွား၍ အကောင်းဆုံးသော နိုင်ငံများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ဒေသအသီးသီးရှိ လှပသော တောတောင်သဘာဝများက လာရောက်လည်ပတ်သူများကို အထူးဆွဲဆောင်နေသည်။

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ ဆင်ရှာရေတံခွန်ကို ယခုနှစ်တွင် သွားရောက်လည်ပတ်မှုများပြားလာခဲ့သည်။ ဆင်ရှာအနီးရှိ လှပသော ရေတံခွန်ဖြစ်သည့်အတွက် ဆင်ရှာရေတံခွန်ဟုအလွယ် ခေါ်ကြသည်။ ဆင်ရှာမှာ ကရင်လူမျိုးများနေထိုင်သည့် ရွာကြီးတစ်ရွာပင်ဖြစ်သည်။

ဆင်ရှာရေတံခွန်မှာ မိုးရာသီတွင်ပိုမိုလှပပြီး လာရောက်လည်ပတ်သူများပြားလာခဲ့သည်။ များသောအားဖြင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ အများစုလာရောက်လည်ပတ်ကြသည်။ ရုံးပိတ်ရက်များတွင် လာရောက်လည်ပတ်မှုများပြားသည်။ ရေတံခွန်အနီးတွင် ဘုန်းတော်ကြီးကျောင်းရှိပြီး ကားနှင့် ဆိုင်ကယ်များကို ဘုန်းတော်ကြီးကျောင်းတွင်ထားခဲ့ကာ ရေတံခွန်သို့သွားရောက် လည်ပတ်ကြသည်။

အပေါ်ထိတက်နိုင်သူများမှာ တောင်ပေါ်အထိတက်ပြီး တောင်ပေါ်မတက်နိုင်သူများမှာ ရေတံခွန်အောက်ခြေနားတွင်ရှိသော စမ်းချောင်းအတွင်း ရေချိုးခြင်း၊ စမ်းချောင်းဘေးတွင် အပန်းဖြေခြင်းများပြုလုပ်ကြသည်။ ယခင်က လာရောက်အပန်းဖြေသူနည်းပါးသော်လည်း ယခုနှစ်ပိုင်းတွင်လူသိများလာကာ လာရောက်လည်ပတ်သူ များပြားလာကြောင်း ဒေသခံ ကိုစောအောင်မင်းဦးက ပြောသည်။

**နေနဒီ(မြစ်ငယ်)**



# မှော်ဘီမြို့နယ် မြောင်းတကာ သံရည်ကျိုစက်မှုဇုန် သစ်ပင်စိုက်ပျိုးပွဲ၌ ပျိုးပင် ၁၁၀၀ စုပေါင်းစိုက်ပျိုး

**ရန်ကုန် စက်တင်ဘာ ၄**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မြောင်းတကာ သံမဏိ သံရည်ကျိုစက်မှုဇုန်၌ စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက ကမ္ဘာ့ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကံ့ကော်၊ တမလန်း၊ သက်န်း၊ ပိတောက်၊ ခရေရုံး၊ ရေတမာ၊ ယူကလစ်၊ မဲဇလီ၊ ပျဉ်းမ စသည့် ပျိုးပင် ၁၃ မျိုး၊ အပင် ၁၁၀၀ အား သတ်မှတ်နေရာများ၌ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးမောင်မောင်စိုးက အမှာစကားပြောကြားပြီး တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းတိုးက မိုးရာသီ သစ်ပင်စုပေါင်းစိုက်ပျိုးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ စက်မှုဇုန်ဥက္ကဋ္ဌ ဦးရွှေထူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန်၊ တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး၊ တိုင်းစည်ပင်သာယာရေး ညွှန်ကြားရေးမှူး ဦးကြည်တင်၊ မှော်ဘီမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်းနှင့် ဦးသန်းအောင်၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စက်မှုဇုန်ဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ မြောင်းတကာစက်မှုဇုန်အတွင်းရှိ လုပ်ငန်းရှင်များ၊ အလုပ်သမားများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ၊ တိုင်းရင်းသာရိုးရာအဖွဲ့များ၊ ဖျော်ဖြေရေးအဖွဲ့များ၊ လူမှုရေး အဖွဲ့အစည်းများ စုစုပေါင်း ၇၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ညဏ်ဟိန်း**



## ရှေးဦးသူနာပြုစုခြင်း(အခြေခံ) ကျောင်းကြက်ခြေနီသင်တန်းဖွင့်

**ညောင်လေးပင် စက်တင်ဘာ ၄**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ညွှန်ကြားမှုဖြင့် ရှေးဦးပြုစုခြင်း(အခြေခံ) ကျောင်းကြက်ခြေနီ သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဝါးရုံကုန်း အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ၌ ပြုလုပ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲကို ဝါးရုံကုန်းကျေးရွာအုပ်ချုပ်ရေးမှူးက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြား၍ ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီ တိုင်းဒေသကြီးနည်းပြမှူး ဦးသိန်းအောင်က ကြက်ခြေနီအကြောင်း သိကောင်းစရာများကို ပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်အေးက ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်ကြက်ခြေနီအသင်း ဒု-ဥက္ကဋ္ဌ ဦးသိန်းနိုင်၊ ရပ်မိရပ်ဖများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးစိုးဝင်း ဦးဆောင်သည့် နည်းပြများ၊ သင်တန်းသား သင်တန်းသူ ၇၅ ဦး တက်ရောက်ကြပြီး သင်တန်းကို ငါးရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ကိုထွေး**

## လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရမည်းသင်း စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း ပထမစက်ဝန်းလုပ်ငန်းဆောင်ရွက်မှု အကောင်းဆုံးဆုရွေးချယ်ရန် ကျေးရွာအုပ်စု ၆၃ အုပ်စုမှ ကျေးရွာအုပ်စုခုနစ်အုပ်စုနှင့် ကျေးရွာ ၁၀ ရွာတို့အား ပဏာမရွေးချယ်ထားသော ရွာများသို့ မြို့နယ်စီမံကိန်းရေးဆွဲရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုကော်မတီအဖွဲ့ ဥက္ကဋ္ဌ ဦးထက်မြက်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင် ၁၅ ဦးတို့သည် စက်တင်ဘာ ၂ ရက် နံနက် ၉နာရီက တဘက္ကာကျေးရွာ ကွန်ကရစ်လမ်းခင်းထားမှုအား ကွင်းဆင်းစစ်ဆေးသည်။

နေပြည်တော် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းနှင့် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးသောင်းထိုက်တို့ လိုက်ပါ၍ ကျေးရွာလူထုဗဟိုပြုစီမံကိန်းကော်မတီအဖွဲ့များနှင့် တွေ့ဆုံကာ ကျေးရွာအတွင်း ပေအရှည် ၉၅၄ ပေ၊ အကျယ် ၁၄ ပေ၊ ဒု ခုနစ်လက်မ ကွန်ကရစ်လမ်းခင်းထားမှု အရည်အသွေးအား ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

**တင်ဦး (ရမည်းသင်း)**

## ကျေးလက်နေအမျိုးသမီးများအလုပ်အကိုင်ရရှိရေးအတွက် အခြေခံစက်ချုပ်သင်တန်းဖွင့်

**ပေါင် စက်တင်ဘာ ၄**

ကျေးလက်နေ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကို ရည်ရွယ်၍ အခြေခံစက်ချုပ်သင်တန်း ပေါင်မြို့နယ်က သင်တန်းသား ၂၁ ဦးကို စက်တင်ဘာ ၂ ရက်က ပေါင်မြို့ မိခင်ရင်သွေးကျန်းမာရေးရိပ်မြုံခန်းမ၌ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသများရှိ ပြည်သူများ ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်နှင့် မိမိတို့တတ်ကျွမ်းသည့် အတတ်ပညာများ၊ ကိုယ်ပိုင် အလုပ်အကိုင်များဖြင့် စတင်နိုင်ရန် လက်တွေ့ကျသော ကျွမ်းကျင်မှု အတတ်ပညာများကို ရရှိစေရန် ရည်ရွယ်ကြောင်း သင်တန်းဖွင့်လှစ်သည့် တွဲလက်စီမံကိန်းမှ သင်တန်းတာဝန်ခံ မိန္ဒန်သာက ပြောသည်။

"ဟိုးအရင်က ဖက်ရှင်နဲ့ပတ်သက်တာတွေဆိုရင်ရန်ကုန်မြို့ကြီးတွေမှာလို ငွေကြေးအကုန်ခံသင်နေကြရတယ်။ အဲလိုမျိုးတွေမဖြစ်အောင် ကျေးလက်မှာရှိတဲ့ လူငယ်လေးတွေ သူတို့စိတ်ဝင်စားရာကို အမျိုးအစားအလိုက် သင်ကြားပို့ချပေးမယ်။ အစပိုင်းတွေမှာဆိုရင်တော့ အခြေခံနဲ့ပတ်သက်တာတွေ အဓိကသင်ကြားပေးမှာပါ။ နောက်ပိုင်းဆိုရင် ကိုယ်စိတ်ဝင်စားတဲ့ ဒီဇိုင်းဆန်းဆန်းပြားပြားတွေကို ထွင်ပြီးတော့ သူတို့လုပ်နိုင်ပါတယ်။ သူတို့အတွက်လည်း အခြေခံ လက်ဆုပ်လက်ကိုင် ဘဝရဲ့ ရပ်တည်နိုင်မယ့် အလုပ်အကိုင်အခွင့်အလမ်းတစ်ခုလည်း ရလာမှာပါ" ဟုဎင်းကပြောသည်။ သင်တန်းကာလမှာ တစ်လဖြစ်ပြီး ထူးချွန်သင်တန်းသားများကို မွမ်းမံသင်တန်းဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

အဆိုပါ အခြေခံစက်ချုပ်နည်းသင်တန်းများကို မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်အပါအဝင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင်လည်း သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သင်တန်းတာဝန်ခံထံမှ သိရသည်။

**ကိုဟိန်း(ပေါင်)**



ကြေးမုံ



**စာမျက်နှာ ၁၈ မှ**

**၇။ အမိုးများ**

ကွန်ကရစ် Structure များတွင် Flat Roofကိုသုံး၍ လေမုန်တိုင်းဒဏ်ကို ကာကွယ်ရန် အကောင်းဆုံးဖြစ်သော်လည်း သွပ်မိုး၊ ကျောက်ပြားအမိုးများ တည်ဆောက်ပါက Roof Pitch သည် ၂၂ဒီဂရီထက် မငယ်သင့်ပါ။ ဖြစ်နိုင်လျှင် ၃၀ ဒီဂရီ၊ ၄၅ ဒီဂရီစသည်ဖြင့် high pitch gable roof ကို ရွေးချယ်သင့်ပါသည်။ လေးဘက် အုန်းလက် (Hip Roof)သည် လေမုန်တိုင်း ဒဏ်ခံရန် အကောင်းဆုံးဖြစ်သည်။




အမိုးအား Hip Roof ပုံစံဖြင့် ဆောက်လုပ်ထားပုံ




အမိုးအား Flat Roof ပုံစံဖြင့် ဆောက်လုပ်ထားပုံ

**၈။ ဝရန်တာများ**

မုန်တိုင်းကျရောက်နိုင်သောဒေသများတွင် အကာမပါရှိသောကျယ်ပြန့်သော Open Terraceကိုအမိုးမိုးထားခြင်းသည် လေမုန်တိုင်းတိုက်လျှင် အမိုးပွင့်ထွက်ရန် အဖြစ်နိုင်ဆုံးအခြေအနေဖြစ်၍ ရှည်လျားသော Over hang အမျိုးမျိုးကိုရှောင်ရှားသင့်သည်။ အကယ်၍ မဖြစ်မနေတည်ဆောက်ရမည်ဆိုပါက ပင်မအမိုးဘောင်ထက်နိမ့်သော၊ အဖီဆွဲထားသော ဝရန်တာမျိုးဖြစ်သင့်သည်။ သို့မှသာ လေတိုး၍လန်သွားလျှင် ပင်မအဆောက်အအုံအမိုးပါမသွားဘဲကျန်ခဲ့မည်ဖြစ်သည်။



u;,fyefon trjpkm;cif;aumifh avwkduf vif vif ufk



ကျယ်ပြန့်သောအမိုးမိုးထားခြင်းကြောင့် လေတိုက်လျှင်လွင့်ထွက်ပုံ

**၉။ ခေါင် (Ridge)**

ခေါင်ကိုသေချာစွာချုပ်ရန် အရေးကြီးပါသည်။ ဒိုင်းနှစ်ခုဆက်တွဲရာတွင် Gusset Plate အသုံးပြု၍ တွဲရုံသာမက ချုပ်တန်း(Collar) ပါ ထည့်ရပါမည်။



ဒိုင်းနှစ်ခုဆက်တွဲရာတွင်ချုပ်တန်းထည့်ထားပုံ

**၁၀။ အမိုးပြားနှင့် ဝက်အူ**

ကောင်းစွာသွပ်ရည်စိမ်ထားသော 24 gauge သွပ်ပြားကိုအနိမ့်ဆုံးအဆင့် အသုံးပြုရမည်ဖြစ်ပြီးသွပ်ရည်စိမ်ထားသော ဝက်အူကို အသုံးပြုရပါမည်။

**၁၁။ ရေကြီးရေလျှံဒေသရှိ အဆောက်အအုံများ**

နှစ်စဉ် ရေကြီးမှုဖြစ်သောဒေသများတွင် လမ်းများတည်ဆောက်ရာတွင် ရေလွတ်တာပေါင်ဖို့၍ တည်ဆောက်ရမည်ဖြစ်သလိုလူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများတည်ဆောက်ရာတွင် ခြေတံရှည်ဖြင့် တည်ဆောက်ရန် စီစဉ်ရပါမည်။ ထိုသို့စီစဉ်ရာတွင်လည်း High Flood အခြေအနေကိုစဉ်းစားရုံသာမက Abnormal Flood အခြေအနေအထိစဉ်းစား၍ မြှင့်ထားသင့်ပါသည်။

လူနေအိမ်ပုံစံ



စာသင်ကျောင်းပုံစံ



(၁၆) ခုတင်ဆံ့ ဆေးရုံပုံစံ



ဆေးပေးခန်းပုံစံ



ယခုစက်တင်ဘာလအတွင်း အနောက်တောင်မုတ်သုံလေသည် မြန်မာပြည်မြောက်ပိုင်းမှ စတင်ဆုတ်ခွာပြီး အောက်တိုဘာလဆန်းပိုင်းတွင် မုတ်သုံအပြီးဆုတ်ခွာမည်ဖြစ်ရာ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သောလမ်းတံတား၊ လူနေအိမ်၊ စာသင်ကျောင်း၊ ဆေးရုံဆေးခန်း၊ လျှပ်စစ်မီးတိုင်အစရှိသည့် အဆောက်အအုံများကို ပြန်လည်တည်ဆောက်ကြရမည်ဖြစ်ပါသည်။ ထိုသို့တည်ဆောက်ရာတွင် သဘာဝဘေးအန္တရာယ်ကိုခံနိုင်ရည်ရှိမည့်၊ သဘာဝဘေးအန္တရာယ်ကျရောက်လျှင်လည်းလူမှုကိစ္စရပ်များရပ်တန့် မသွားမည့် အဆောက်အအုံများ (Resilient Structure) တည်ဆောက်သွားနိုင်မှသာ နောင်လာမည့် မိုးရာသီများတွင် အချိန်ကုန်ခြင်း၊ ငွေကုန်ခြင်း၊ လူမှုဒုက္ခများခံစားရခြင်း၊ နောက်ဆက်တွဲဆိုးကျိုးများ ခံစားရခြင်းတို့မှ ကင်းဝေးမည် ဖြစ်ပါသည်။



လှည်းကူးမြို့နယ် ဖောင်ကြီးနယ်မြေရဲစခန်းမှူးရဲအုပ်နေစိုးနှင့်ဖောင်ကြီး အနောက်ကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ အမက(မူလွန်)ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်စန်းအဖွဲ့တို့ပူးပေါင်း၍စက်တင်ဘာ၄ရက်က အမက(မူလွန်)၌ ကျောင်းသားကျောင်းသူ ၁၅၀ အား သက်ငယ်မုဒိမ်းပပျောက်ရေးနှင့် မူခင်းအသိပညာပေးဟောပြောခြင်းနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ကြေးမုံ

# ဦးစီးအရာရှိ(မြို့ပြ)လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၄၃)ဖွင့်လှစ်

**ပဲခူး စက်တင်ဘာ ၄**

ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော ဆည်မြောင်း အင်ဂျင်နီယာဆိုင်ရာဘာသာရပ်များ ပို့ချပေးနိုင်ရန်နှင့် ဆည်ရေအသုံးပြုမှုစီမံခန့်ခွဲခြင်း လုပ်ငန်းစဉ်များ ပိုမိုအဆင့်မြင့်လုပ်ဆောင်လာနိုင်စေရန်ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရှိ အင်ဂျင်နီယာဝန်ထမ်းများအတွက် ဦးစီးအရာရှိ(မြို့ပြ) လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၄၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ၌ ကျင်းပခဲ့သည်။




အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်ထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းက သင်တန်းတွင် ပို့ချပေးမည့် ဆည်မြောင်းအင်ဂျင်နီယာဆိုင်ရာ ဘာသာရပ်များ၊ စီမံရေးရာ ဘာသာရပ်များ၊ ငွေစာရင်းပိုင်းဆိုင်ရာ ဘာသာရပ်များ၊ ရေအရင်းအမြစ်များဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်း၏ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသင်တန်းကို စက်တင်ဘာ ၄ ရက်မှ ၂၉ ရက်အထိ လေးပတ်ကြာဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၁ ဦး တက်ရောက်သင်ကြားကြောင်း သိရသည်။

**သူရအောင်(ပြည်)**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၁၈ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်ပါရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၇-၈-၂၀၁၇ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၈-၈-၂၀၁၇ ရက်နေ့မှ ၁၅-၉-၂၀၁၇ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၂၀၀၀၀ /-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၂၅၀၀၀/-ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) (အခြေခံလစာ- ၁၇၀၀၀၀ + အရည်အချင်းလစာ ၄၀၀၀ + **M.H.R.A** ၁၀၀၀၀= ၁၈၄၀၀၀) အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ရေ၊လေ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

BAYER
Supradyn®
No.1 Brand in Europe
EMP
Coenzyme Q10 ပါဝင်တဲ့
Supradyn New Formula


ဂျာမဏီ နိုင်ငံ၏ ကမ္ဘာ့ထိပ်တန်း ဆေးဝါးကုမ္ပဏီ Bayer မှ
ထုတ်လုပ်သည့် International brand ဖြစ်သော Supradyn
စွမ်းအင်ပြည့်တင်း ရုပ်ရာဒင်း
အားဆေး

MCC.p
TVET
(Technical and Vocational Education and Training)

ဒီခေတ်မှာ အသက်မွေးဝမ်းကျောင်းပညာတွေတတ်မှ
လစာကောင်းကောင်း အလုပ်အကိုင်
ကောင်းကောင်းရနိုင်သလို ကိုယ်ပိုင်လုပ်ငန်းများလည်း
ထူထောင်နိုင်မှာ ဖြစ်ပါတယ်။

အင်္ဂလန်နိုင်ငံရဲ့ အင်ဂျင်နီယာဒီပလိုမာတွေရနိုင်မယ့်
BTEC သင်တန်းကို ကုန်ကျစရိတ်အသက်သာဆုံးနဲ့
တက်ချင်ရင် MCC ကို ဆက်သွယ်လိုက်ပါ။

September 16

| | |
|---|---|
| MCC.i (ရန်ကုန်) | Tel : 01-652236, 652237 |
| MCC.i (မန္တလေး) | Tel : 09-402671562, 09-441034062 |
| MCC.i (ရတနာပုံ) | Tel : 09 - 960662744, 09 - 43104966 |
| MCC.i (နေပြည်တော်) | Tel: 09-31354842, 09-254148940, |
| MCC.p (မုံရွာ) | Tel: 09-965676777, 09-265333120 |
| MCC.p (ပုသိမ်) | Tel: 09-451888373, 09-773510899 |

MCC Franchise Center
မြစ်ကြီးနား၊ မိတ္ထီလာ၊ မကွေး၊ စစ်တွေ၊ မော်လမြိုင်၊ ဘားအံ၊ ထားဝယ်
လစဉ်တန်းခွဲများ ဖွင့်လှစ်လျက်ရှိပါသည်။
Hot Line No - 01-246634, 245762

## တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တံတားအသုံးပြုခကောက်ခံနေသော စစ်ကိုင်း(အင်းဝ)တံတား၏ ၁-၁၀-၂၀၁၇ရက်မှ ၃၀-၉-၂၀၂၀ရက်အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း(၃)နှစ် လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား | - စစ်ကိုင်း(အင်းဝ)တံတား |
| (ခ) | ဈေးနှုန်းတင်သွင်းလွှာနှင့်စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ | - မန်နေဂျာ(စီးပွားရေး/တိုင်း) တိုင်းအမှတ်(၂)ရုံး၊ ရွာထောင် |
| (ဂ) | အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေ့ရက်နှင့်အချိန် | - ၂၆-၉-၂၀၁၇ရက်(အင်္ဂါနေ့)၊ နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီထိ |
| (ဃ) | အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ | - စစ်ကိုင်းမြို့၊ မြို့တော်ခန်းမ |
| (င) | အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန် | - ၂၆-၉-၂၀၁၇ရက်(အင်္ဂါနေ့)၊ ၁၃း၀၀နာရီ |
| (စ) | အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ | - စစ်ကိုင်းမြို့၊ မြို့တော်ခန်းမ။ |

မှတ်ချက်။ ။(၁) အိတ်ဖွင့်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား(၁)စုံလျှင် (၁၀၀၀၀)ကျပ်နှုန်းဖြင့် ၅-၉-၂၀၁၇ရက်မှ ၂၅-၉-၂၀၁၇ရက် ၁၆း၀၀နာရီအထိ မန်နေဂျာ(စီးပွားရေး/တိုင်း) တိုင်းအမှတ်(၂)ရုံး၊ ရွာထောင်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(၂) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း တယ်လီဖုန်းအမှတ် ၀၇၂-၂၂၂၇၇၊ ၀၉-၂၆၃၃၄၄၄၉၄သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
စစ်ကိုင်းတိုင်းဒေသကြီး

မြင့်စေတနာဆေးတိုက်
ခရုသင်း (သမင်ဖြူ)
LEUCODERMA
ရေသင်း (သမင်ဖြူ) ၊ ဖြူနီနက်ကွက်များ ၊ အနာကြီးရောဂါ ၊ ယားနာ ၊
ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-510 1862

ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး
ရာဇာဇော်ဝင်း(LL.B)နှင့်သာဆက်သွယ်ပါ

ရှေးမူမပျက်ခေတ်မီလှပသောနာမည်လှလှလေးများကိုဖုန်းသာဆက်လိုက်ပါကင်ပွန်းတပ်ရက်/မင်္ဂလာဆောင်ကွန်း/စာတာ/ဂဏန်းဗေဒင်အဟောများ/နက္ခတ်အဟောများ/မိဘနာမည်တွဲသုံးပုံလမ်းညွှန်/တစ်သက်တာဟောစာတမ်းများ/နာမည်ပေးပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးခြွန်သော ကလေးဖြစ်စေရန်အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သောအကြားအမြင်ဟောစာတမ်းပါဦးမည်၊ကလေးအတွက်အစုံပါသည်နာမည်မျိုးစုံနယ်သို့စာတိုက်မှပို့မည်။လူကြီးများလိုရာမေး ကွန်ပြူတာဖြင့်နာမည်မပေးပါ။ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။
အမှတ်(၉၄) ပထပ်မန္တလေးလမ်း(လယ်)ရေမြောင်းကြီးအနီးမင်္ဂလာတောင်ညွန့်ရန်ကုန်
☎01-394727,01-399426,09-73009994,09-5152521

HTA Hteik Tan Aung
'ရွှေ' ပညာသင်တန်း
အိုင်းမျှင့်နိုင်းလျှင် သင်တန်းကြေးပြန်ပေးပါမည်
၁။ ရွှေဆိုင်ဖွင့်လိုသူများအတွက် အထူးသင်တန်းဖြစ်ပါသည်။
9.9.2017 စမည်။
8.9.17 နောက်ဆုံးထားအပ်ရန်
၂။ သင်ကြားမည့် ဘာသာရပ်များ -
- ရွှေ အတု အစစ် ခွဲနည်း၊ အပေါင်ခံနည်း
- ငရဲမီးခံ၊ မှတ်တိုက်ခံ၊ ရွှေအတုထည် စစ်ဆေးနည်း
- ရွှေထည်၊ စိန်ထည်၊ ကျောက်ထည် ရောင်းနည်း/ဝယ်နည်း
- ရွှေမှတ်ကျောက်ရည်ခွဲနည်း၊ ရွှေကောင်း/ရွှေညံ့။ (အသေးစိတ်)
- ရွှေဆိုင်ပိုင်ရှင်မှ ပန်းထိမ်ဆရာများအား ရွှေချပေးနည်း၊ ရွှေထည်လက်ခံနည်း၊ ပန်းထိမ်စာရင်းထားနည်း (ဒီဇိုင်း၊ ရွှေချ၊ စိုက်ရွှေ၊ ရွှေရည်မီမမီပြန်စစ်ဆေးလက်ခံ၊ အလျော့တွက်၊ ကျရွှေ ဂဟေ)
- ရွှေအခေါက်အဖြစ် သန့်စင်နည်း (သို့) ရွှေချွတ်နည်း
- ပလက်တီနမ်ထည်ရောင်းနည်း၊ အတုအစစ်ခွဲနည်း
- ခေတ်မီ ဒစ်ဂျစ်တယ်ချိန်စက်အမျိုးမျိုးဖြင့် ရွှေ ၊ စိန် ၊ ကျောက်ချိန်နည်း။ (အသေးစိတ်)
- ကွန်ပျူတာရွှေရည်တိုင်းစက်များဖြင့် ရွှေရည်စစ်နည်း
၃။ ရွှေဆိုင်ဖွင့်နိုင်သည်အထိ တာဝန်ယူသင်ကြားပေးသည်။
၄။ နောက်ဆုံးပေါ်ဒီဇိုင်းမျိုးစုံ ပန်းထိမ်နှုန်းထားအတိုင်း ပြုလုပ်ပေးသည်။
ထိပ်တန်းအောင် 'ရွှေ' ပညာသင်တန်း
အမှတ်(၂၀၃)၊ မြေညီထပ်၊ လမ်း-၄၀(အလယ်)၊ ကျောက်တံတား၊ ရန်ကုန်။ PH: 09-45000 5222, 09-515 8813

နေပြည်တော်မှာ မဖွင့်ဘူးလားလို့ မေးနေကြသူများအတွက် ဆရာ **လင်းသိုက်ညွန့် (မြန်မာ့မြေ)** ကိုယ်တိုင်သင်ကြားမည့်

## လူငယ်မန်နေဂျာသင်တန်း (Young Manager Training)

## နေပြည်တော်မှာ ဖွင့်ပြီ

စီးပွားရေးစီမံခန့်ခွဲမှုပညာကို စိတ်ဝင်စားသူ အောင်မြင်ချင်သည့် လူငယ်များနှင့် ကုမ္ပဏီများမှ မန်နေဂျာများ၊ ဝန်ထမ်းများ၊ ကိုယ်ပိုင်လုပ်ငန်းရှင်များ တက်ရောက်သင့်ပါသည်။ သင်ကြားပေးမည့် ဘာသာရပ်များမှာ...

- အခြေခံစီးပွားရေး စီမံခန့်ခွဲမှုပညာ
- Marketing
- HR အခြေခံများ
- Business Model ရေးဆွဲနည်း
- အပြုသဘောရှုမြင်မှု/ စကားပြောဆိုမှုပညာ
- Problem Solving Skill
- How to get Ideas?
- အထူးဘဝအောင်မြင်ရေးဟောပြောမှု

>>> ၅ ဦးနှင့်အထက် တက်ရောက်မည့် ကုမ္ပဏီများအတွက် ... 10% Discount

သင်ကြားမည့်နေ့ရက်/အချိန် - ၁၇-၉-၂၀၁၇ (တနင်္ဂနွေ) မနက် (၉း၀၀) နာရီမှ ညနေ (၅း၀၀) နာရီ။
သင်ကြားမည့်နေရာ - Mingalar Thiri Hotel (မင်္ဂလာသီရိဟိုတယ်) နေပြည်တော်။
သင်တန်းကြေး - ၁ သိန်းကျပ် (ကော်ဖီမုန့် ၁ ကြိမ်/နေ့လယ်စာ/စာရွက်စာတမ်း/Activity ဆုများပါဝင်ပါသည်)။

Limited Seats
Enroll Now !

01 503172, 09 43121060, 09 259290274, 09 5010014 တို့သို့လည်း ဆက်သွယ်ကျောင်းအပ်နိုင်ပါပြီ။




သင်ကြားမည့်သူ

ဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ)
CEO (Myanmar's Land Institute)
Doctor of Business Administration (Candidate)
Master of Political Management
(Aldersgate College)/B.Sc (Hons)
(London Metropolitan University)/LL.B
Top Paper Prize Winner (ABE, UK)



## UNIVERSITY OF MANCHESTER ၏

## ပထမနှစ်ကို မြန်မာပြည်တွင် ပထမဦးဆုံး တက်ရောက်နိုင်မည်



| First Year | Second Year + Final Year |
|---|---|
| CROWN EDUCATION + ROYAL ACADEMIC INSTITUTE | MANCHESTER 1824 The University of Manchester |

- BSc(Hons) Management (Innovation, Strategy & Entrepreneurship)
- BSc(Hons) Accounting & Finance
- BSc(Hons) International Business
- BSc(Hons) Supply Chain Management
- BA (Hons) Business and Public Relations
- BA (Hons) Tourism Management
- BSc(Hons) International Events Management and 60 more

၁၀၀% ပညာသင်ဆု

လျှောက်ထားနိုင်သူများ

- GCE'A', International Baccalaureate ဖြေဆိုအောင်မြင်ထားသူများ
- NCC, HND, ABE Level (4) ဖြေဆိုအောင်မြင်ထားသူများ
- မြန်မာအစိုးရတက္ကသိုလ်များမှ ''ပထမနှစ်''ပြီးဆုံးထားသူများ

NCUK THE UNIVERSITY CONSORTIUM

အမှတ် ၂၇၀၊ ပထမထပ်၊ အခန်း ၁၁၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း။ ဖုန်း – ၀၁ ၅၂၇ ၇၁၀၊ ၀၉ ၉၆၅ ၀၀၅ ၁၀၅၊ ၀၉ ၂၆၀၀၀ ၄၀ ၅၀၊ ၀၉ ၂၆၀၀၀ ၆၀ ၅၀


## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါပစ္စည်းများကို **မြန်မာကျပ်ငွေဖြင့်** ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံရောင်းချမည့် နေ့ရက်/အချိန် | တင်ဒါပိတ်မည့် နေ့ရက်/အချိန် |
|---|---|---|---|
| 1. | Diesel Oil,Premium Diesel Oil &Octane-92 | ၄-၉-၂၀၁၇မှ ၂-၁၀-၂၀၁၇ထိ ရုံးဖွင့်ရက်(ရုံးချိန်အတွင်း) | ၃-၁၀-၂၀၁၇ (၁၃း၀၀)နာရီ |
| 2. | သံမှုတ်စက် Air Compressor ၏ Spare ပစ္စည်း(၈)မျိုး | ၄-၉-၂၀၁၇မှ ၁၈-၉-၂၀၁၇ထိ ရုံးဖွင့်ရက်(ရုံးချိန်အတွင်း) | ၁၉-၉-၂၀၁၇ (၁၃း၀၀)နာရီ |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်းသစ်(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ Toll Gate အနီး)၊ ဆိပ်ကမ်းမြို့နယ်တွင် အထက်ဖော်ပြပါ နေ့ရက်များတွင် ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသော အချက်များရှိပါက တယ်လီဖုန်းအမှတ်-၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၂၃၂တို့ကို စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**


**အမြန်ရောင်းမည်။**
**ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို၊**
**(၁၆၅၀)စတုရန်းပေ အမြန်ရောင်းမည်။**
**ဖုန်း 09967 999888, 0943 999888**



## ခြံရောင်းမည်
[ပိုင်ရှင်ကိုယ်တိုင်]
သုဝဏ္ဏ၊ ဗိုလ်ချုပ်ရွာ
ခြံခတ်ပြီး မြေသီးသန့် 60'× 92' 5600 L (ညှိနှိုင်း)
ဖုန်း 09 501 9938, 09 517 6556



စိန်နှင့်မြ
မွေ့ရာ ပရိဘောဂ

**Promotion**
၂၀၁၇-ခုနှစ် ဩဂုတ်လ (၁၀)ရက်နေ့မှ စက်တင်ဘာလ (၃၀)ရက်နေ့ထိ




Hotlines : 09-455552626,455552828

- အမှတ်(၁၀၂)၊ဝေဇယန္တာလမ်းမကြီး၊ပါရမီလမ်းနှင့် သစ္စာလမ်းကြား၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်၊ Tel: 01-8566454,01-2332018
- အမှတ် B-7 ၊အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ရန်ကုန်၊ Tel: 01-255752,09-73244480,09-33427177
- အမှတ် F-5 ၊စတုတ္ထထပ်၊ယုဇနပလာဇာ၊ရန်ကုန်၊ Tel: 01-200747 Ext: 5999, 09-453887790
- အမှတ် (၁၄၄)၊၃၄လမ်း၊၈၀ × ၈၁လမ်းကြား၊မန္တလေး၊ Tel: 02-34217,73177,011 - 203185
- အမှတ် ၃၈(ဘီ)၊လမ်း (၈၀)၊၃၄ × ၃၅ လမ်းကြား၊ မန္တလေး၊ Tel: 02-68857,09-33143777
- အမှတ်(၁၁)၊၂၆(ဘီ)လမ်း၊၇၈ × ၇၉လမ်းကြား၊မန္တလေး၊ Tel: 02-71070,09-402511022

**မွေ့ရာအဟောင်းကို လှူဒါန်းခြင်းဖြင့် ၂၀% အထူးလျှော့ဈေးရယူပါ**

# ကြော်ငြာ


## "မေသူမောင်" ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

*၂၀၁၇-၂၀၁၈ ခုနှစ် - ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်
*(၁၄)ညအိပ်(၁၅)ရက်ခရီးစဉ်ဟိုတယ်(၄)ညအိပ်ပါပြီး-ထွက်ခွာမည့်ရက်များမှာ၊ (30-Oct- ဓါတ်တော်တိုက်ဖွင့်ပွဲ)(17.Nov) (5.Dec) (26.Dec)(15.Jan) (30.Jan) (16.Feb) (06.Mar) (23.Mar) **(၇)ညအိပ်(၈)ရက် (06.Oct) (20.Oct) (31.Oct.ဓါတ်တော်တိုက်ဖွင့်ပွဲ)(23.Dec)(13.Apr) *လိုက်ပါလိုသည့်ခရီးစဉ်နှင့်နေ့ရက်များကိုရွေးချယ်ပြီး ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။*ဆက်သွယ်ရန်ရုံးချုပ်-အမှတ်၊(8/H) ဆင်မလိုက်အဆင့်မြင့်ကွန်ဒို၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။ရန်ကုန်ဖုန်း-၀၉. ၅၀၁၂၄၇၀၊ ၀၉. ၅၀၇၂၉၈၄၊၀၉. ၇၃၂၄၁၆၈၇၊၀၉. ၉၆၄၂၁၁၆၆၈၊၀၁. ၂၃၀၅၉၂၈၊ မန္တလေးဖုန်း- ၀၉၄၄၄၀၃၀၂၇၀၊၀၉၇၉၀၉၀၉၉၂၄- ပဲခူးဖုန်း-၀၉. ၇၉၆၉၄၁၇၀၇-တောင်ကြီးဖုန်း- ၀၉. ၂၅၉၆၂၆၂၆၉၊၀၈၁. ၂၁၂၄၈၉၉

## မြရတနာ ASIA KING

+ချောင်းသာ 12000
+ငွေဆောင် 15000
+ကျိုက်ထီးရိုး 10000
အိမ်အရောက်လက်မှတ်ပို့ဝန်ဆောင်မှု
09-778585912, 09-43114301

## ရွှေပင့်ကူ

မြောက်ဦးမြို့ဟောင်း
အဘထွက်ပွဲ
အဘထွက်ပွဲ၊ ပုပ္ပါး၊ အဘရွာ
(၁ညအိပ် ၂ရက်) 30000/-
Sep-6ထွက်မည် ကားစီးလုံးငှားစီစဉ်ပေးသည်။
09-450224339, 09-423720047

## Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည်

License No(661)

## သာကီနွယ်

Hot Line - 01-200952

ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး

(၁၅)ရက်ခရီး - (၁၃)သိန်းကျပ်အစား (၁၁.၉)သိန်းကျပ်စရိတ်ငြိမ်း
(၈)ရက်ခရီး - (၁၁)သိန်းကျပ်အစား (၉.၉) သိန်းကျပ်စရိတ်ငြိမ်း

ဝန်ဆောင်မှုအပြည့်ဈေးနှုန်းအသက်သာဆုံး၊ မြန်မာကျပ်ငွေဖြင့်သာပေးချေနိုင်ခြင်း၊ ဟိုတယ်(၃)ညအိပ် ညမောင်းခရီးစဉ်(လုံး၀)မပါ၊ အပိုငွေကြေးထပ်ကောက်ခြင်းမရှိ၊ အပတ်စဉ်စနေနေ့ တိုင်းထွက်ရှိသည်။

– ထွက်ခွါမည့်ရက်များ (၈)ရက်ခရီး Hotel Package - ၁၅သိန်း
Oct - 1,7,14,28 /Nov - 4,11,18,25/ Dec - 2,9,16,24
Jan - 7,20,27 / Feb - 4,10,18,24 / Mar - 4,10,18,24
(၁၀)ဦး (၁)ဦးအခမဲ့

ရန်ကုန် – အမှတ်(၁၀၅)၊၁၂၃ လမ်း၊ သိမ်ဖြူကားမောင်းကွင်းရှေ့၊မင်္ဂလာတောင်ညွန့်မြို့နယ်။ ၀၉- ၇၇၈၈၂၂၂၆၀၊ မန္တလေး – အမှတ်(၃၂၅)၊ ၈၁လမ်း၊ ၄၄-၄၅ကြား၊ မန္တလေး။ ၀၉-၇၇၈၈၂၂၂၅၀ တောင်ကြီး – ၀၈၁-၂၀၀၁၃၇ ၊ ၀၉- ၇၇၈၈၂၂၂၄၀

## ကားစီးလုံးငှားသည်။

AC-Express(45,33,25), အဲစာတုံး(14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရှေ့ငါး) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်မငှားပါ။
မြို့တွင်း / မြင် –ခရီးစဉ်မျိုးစုံအတွက် ကားကြီး / သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800

## Holiday

Car Rental Service
ရန်ကုန်မြို့တွင်း/နယ်ဝေး ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
Ph: 09-5111235, 09-420077975

## ရှိုင်ရယ်ပတ္တမြား

အဘထွက်ပွဲ-ပုဂံ 39000
မြဝတီ-မဲဆောက် 40000
၂ည-၃ရက်(အပတ်စဉ်-သောကြာ)
444462599, 252055609

## VICTORIA UNIVERSITY COLLEGE

Partnership with

UNIVERSITY OF WOLVERHAMPTON
KNOWLEDGE • INNOVATION • ENTERPRISE

ပြည်တွင်း VUC တွင် တက်ရောက်ပြီး အင်္ဂလန်နိုင်ငံ University of Wolverhampton မှ တိုက်ရိုက် ချီးမြှင့်ပေးအပ်မည့် –

- Bachelor of Arts Honours in Business Management
- Bachelor of Engineering Honours in Civil Engineering
- Bachelor of Engineering Honours in Mechatronics Engineering
- Bachelor of Science Honours in Architectural Design Technology

အထက်ဖော်ပြပါသင်တန်းများအတွက် အခြေခံပညာအထက်တန်းအောင်မြင်သူများ (သို့) ညီမျှသော နိုင်ငံတကာအသိအမှတ်ပြု အောင်လက်မှတ် ရရှိသူများသည် သက်ဆိုင်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်လျှောက်ထားရပါမည်။ (အမှတ်စာရင်း ကန့်သတ်ချက်မရှိပါ။)

သင်တန်းတွင် စာတွေ့လက်တွေ့ (၃)နှစ်ခွဲ သင်ယူရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ဆရာမများနှင့် UOW မှ ဆရာများမှ ပူးတွဲ သင်ကြားပို့ချမည်ဖြစ်သည်။

HND အောင်မြင်ပြီးသူများ၊ အစိုးရ BTech အောင်မြင်ပြီးသူများနှင့် အခြား နိုင်ငံတကာ အသိအမှတ်ပြု Level 5 အဆင့် အောင်မြင်ပြီးသူများသည် UK ဘွဲ့ နောက်ဆုံးနှစ် သင်တန်းသို့ တက်ရောက်ရန်လျှောက်ထားနိုင်သည်။

**သင်တန်းကာလပြီးဆုံးပါက အင်္ဂလန်နိုင်ငံ (သို့) ပြည်တွင်းတွင် ကျင်းပမည့် ဘွဲ့နှင်းသဘင် အခမ်းအနားတက်ရောက်ရယူရမည်။**

မိဘများ၏ မေတ္တာရပ်ခံချက်အရ September တန်းခွဲအသစ်ကို ထပ်မံဖွင့်လှစ်ရန် စတင်လက်ခံပေးနေပါပြီ။

အသေးစိတ်အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာဌာန

ရန်ကုန် – အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း (MMB Tower) ၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၉၄။
မန္တလေး –အမှတ် (၁၅၁)၊ ၂၈လမ်း (၇၇ ထ ၇၆) ၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ ဖုန်း – ၀၂ ၃၁၁၅၄၊ ၀၉ ၂၅၄၅၇၄၇၃၈၊ ၀၉ ၅၀၆၀၇၂၀၊ ၀၉ ၇၈၅၉၆၀၇၂၀။



# ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ရီရီမြင့်
### အသက် (၇၇)နှစ်

သူငယ်ချင်း ကိုမြင့်ဦး (83 Mech, MK Gems and Fashion)နှင့် မနီလာတို့၏ မိခင်ကြီးသည် ၂-၃-၂၀၁၇ ရက်နေ့ နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ်**
**၁၉၈၀-၈၃ စက်မှုဘာသာရပ်မှ**
**ကျောင်းနေဖက်သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယကာကြီး**
### ဦးဟုတ်ကြည် (အိမ်မဲ)
### အသက် (၇၆) နှစ်
**အလုပ်အမှုဆောင်(မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း)**

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် ဦးဟုတ်ကြည်သည် ၁-၉-၂၀၁၇ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးစောမောင်(ငြိမ်း)
**ကြည်း ၁၀၁၈၃၊ OTS အမှတ်စဉ်(၃၀)**
### အသက် (၇၅) နှစ်

ချစ်သူငယ်ချင်း ကိုထွန်းအောင်သူ-မဝါဝါခိုင်တို့၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး ဒုတိယဗိုလ်မှူးကြီး စောမောင်သည် ၃၀-၈-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ည ၁၁း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ချစ်သူငယ်ချင်းမိသားစုနှင့်ထပ်တူထပ်မျှ အထူးပင် ဝမ်းနည်းကြေကွဲရပါကြောင်း။ အနိကယ်ကောင်းမွန်ရာ သုဂတိဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**နိုင်ဝင်း၊ ချိုချိုအေးကျော်၊ လှမိုးအေး၊ မို့မို့ဝင်း၊ ချိုမာဦး၊ သီတာလွင်၊ မိုးမိုးမြတ်ကို၊ ရီရီတင်၊ ခင်စပယ်ဖြူအောင်၊ သန့်သန့်ဇင်၊ အေးအေးမူ (ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၈၄-၁၉၉၁ မှ ချစ်သူငယ်ချင်းများ)**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
### ဦးဘမြင့်(မြောင်းမြ)
### အသက် (၇၅)နှစ်
**စက္ကူဓာတု (အင်ဂျင်နီယာ)**
**စစ်တောင်းစက္ကူစက် (ငြိမ်း)**

ဒေါက်တာဥက္ကာ(UK)-ဒေါက်တာသင်းသင်းအောင်(UK)တို့၏ ချစ်လှစွာသောဖခင် ဦးဘမြင့်သည် ၂-၉-၂၀၁၇ (စနေနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရ၍ သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**I.M.(1) (1987-1998 batch)**
**မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မြင့်မြင့်သန်း
### အသက် (၇၂) နှစ်
**တောင်ကြီးကောလိပ်ကျောင်းသူဟောင်း၊တောင်ကြီးကောလိပ်(၁၉၆၁-၁၉၇၄)**

နှစ်စဉ် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးနှင့် ဆရာ/ဆရာမများအား ဘုရားစုံသို့ ဖူးမြော်ရန် ကုသိုလ်ယူပို့ဆောင်ရေးဒါနများ၌ အမြဲတမ်းတက်ကြွစွာ ငွေအား/ကိုယ်တိုင် အနုပညာ လှုပ်ရှားမှုအားများဖြင့် ပါဝင်ဆောင်ရွက်ခဲ့သော အစ်မကြီးဒေါ်မြင့်မြင့်သန်းသည် ဤအဖွဲ့မှ စောစီးစွာ နှုတ်ဆက်ထွက်ခွာသွားသည့်အတွက် များစွာယူကျုံးမရ ဝမ်းနည်းကြေကွဲရပါကြောင်း။

**(၁၉၆၁-၇၄) တောင်ကြီးကောလိပ်**
**နှစ်စဉ် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့နှင့်**
**တောင်ကြီးကောလိပ်ကျောင်းသူ/ကျောင်းသားများ**

## ကျေးဇူးအထူးတင်ရှိခြင်း
### ဒေါ်အေးအေးမြင့်
### အသက် (၆၅) နှစ်
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး**

၁-၉-၂၀၁၇ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားသော ဒေါ်အေးအေးမြင့် မမာမကျန်းစဉ်ကာလနှင့် ကွယ်လွန်ချိန်ထိ အစွမ်းကုန်ကုသပေးခဲ့ကြသော ခုတင် ၅၀၀ အထူးကုဆေးရုံကြီးမှ ပါမောက္ခ ဦးဝင်းနိုင်၊ တွဲဖက်ပါမောက္ခ ဦးနိုင်နိုင်ထွန်း၊ တာဝန်ကျဆရာဝန်များနှင့် သူနာပြုဆရာမများ၊ ဝန်ထမ်းများ၊ နာရေးကိစ္စကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီကာ သက်န်း၊ ရေသန့်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို ပေးပို့လှူဒါန်းကြ၍ ဈာပနသို့လိုက်လံပို့ဆောင်ပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများ၊ ကျောင်းနေဖက်ငယ်သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများ၊ ဓမ္မမိတ်ဆွေများနှင့် နေမကောင်းစဉ် အချိန်မှစ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊ Fb တို့ဖြင့်သော်လည်းကောင်း သတင်းမေးနှစ်သိမ့် အားပေးစကားပြောကြားကြသူများ၊ အစစ အရာရာ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများနှင့် အခြားကျေးဇူးတင်ထိုက်သူများ အားလုံးတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
### ဦးမင်းဦး
### အသက် (၈၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ မငေးကြီးကျေးရွာနေ (ဦးစံမြ-ဒေါ်အေးသင်)တို့၏သားကြီး၊ (ဒေါ်မေခင်)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ အမှတ် (၄)၊ မာလာမြိုင် (၂) လမ်းနေ ဒေါ်ငွေငွေဦး(ပစ္စည်းထိန်း-၁၊ DWIR)၊ ဦးလှမြင့်သိန်း (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ DWIR)-ဒေါ်မိမိဦး၊ ဦးသက်မော်(ပန်းချီ)-ဒေါ်အေးအေးမွန်၊ ဦးဝင်းသိန်း(အင်ဂျင်နီယာချုပ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန)-ဒေါ်ချိုချိုမင်းတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ဇင်ဇော်ဝင်း-မကေခိုင်မြင့်၊ မောင်ကျော်စွာလင်း-မနှင်းသီဂီဦး၊ မသီရိထွန်း၊ မဝေဝေနှင်းမွန်၊ မခင်ဆုမွန်တို့၏ ချစ်လှစွာသောအဘိုးသည် ၄-၉-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကား များ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
### ဒေါ်ခင်စိန်(ရေနံချောင်းမြို့နယ်)
### အသက် (၈၆)နှစ်

တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၂)လမ်း၊ (၇၄/ခ) နှင့် ဗဟန်းမြို့နယ်၊ အမှတ်(၁၂၃)၊ နတ်မောက်လမ်း၊ ဥက္ကလာပဆောင်(၈) ထပ်တိုက်၊ ဒုတိယထပ်၊ အခန်း(၈)နေ (ဦးမြင့်-ဒေါ်အေးခင်)တို့၏သမီးထွေး၊ (ဦးလုလင်)၏ဇနီး၊ တပ်ကြပ်ကြီးကြင်အောင်(ပလစ-၂)-ဒေါ်ရီရီမြိုင်၊ ဒေါက်တာအေးမြင့် (ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန)၊ ဦးမြင့်သိန်း-ဒေါ်လှလှဌေး၊ ဦးလင်းအောင်-ဒေါ်လှလှဝင်း၊ ဒေါ်အေးအေးသိန်းတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏အဘွား ဒေါ်ခင်စိန်သည် ၄-၉-၂၀၁၇ရက် နံနက် ၈း၄၅ နာရီတွင် S.S.C အထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၇(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၂)လမ်း၊ အမှတ်(၇၄/ခ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ခင်စိန်
### အသက် (၈၆)နှစ်
**(ရေနံချောင်း)**

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်စိန်သည် ၄-၉-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းရပါသည်။

**ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (ပညာရေး/သုတေသန)**
**ပညာရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ခင်စိန် (၈၆)နှစ်
**(ရေနံချောင်း)**

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်ခင်စိန်သည် ၄-၉-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းရပါသည်။

**ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး**
**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ခင်စိန်
### အသက် (၈၆)နှစ်
**(ရေနံချောင်း)**

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်စိန်သည် ၄-၉-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းရပါသည်။

**ဝန်ထမ်းမိသားစုများ**
**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ရဲမှူးကြီး ဝင်းကြည် (ငြိမ်း) (၇၁)နှစ်
**စစ်တက္ကသိုလ်အမှတ်စဉ်(၁၀)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ Highway Complex အိမ်ရာ၊ A-307 နေ အိမ်ရာကော်မတီ၏နာယကကြီး ရဲမှူးကြီးဝင်းကြည် (ငြိမ်း) သည် ၂-၉-၂၀၁၇ (စနေနေ့) နံနက် ၈း၁၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Highway Complex အိမ်ရာသာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးထွန်းအောင်သာ(ငြိမ်း) (၆၇)နှစ်
**(MD-AG Construction)**
**(OTS အမှတ်စဉ်-၄၅)**

တောင်ကြီးကောလိပ်တွင် အတူပညာသင်ကြားခဲ့သော သူငယ်ချင်း ဦးထွန်းအောင်သာသည် ၃၀-၈-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၁-၁၉၇၄ တောင်ကြီးကောလိပ် ကျောင်းသူ/ကျောင်းသားများ**

---

## အနိစ္စ

### ဒေါ်ယဉ်ဥ(ဒလ) (၈၈)နှစ်
**(မြေနီကုန်းဈေး)**

ရန်ကုန်မြို့၊ ဒလမြို့နယ်နေ (ဦးသောင်းစိန်-ဒေါ်ဝင်း)တို့၏ သမီး၊ ဟင်္သာတမြို့နေ (ဦးကျော်-ဒေါ်အုံးမြ)တို့၏ သမီးချွေးမ၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)၊ ကျောင်းလမ်း၊ အမှတ်(၁၅)၊ လေးလွှာနေ ဦးလှကြိုင်၏ဇနီး၊ (ဦးစိုင်းကျော်လူ)-ဒေါ်မေသန်း၊ ဦးစံတင်-ဒေါ်သန်းသန်းအေးတို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်၊ မြစ်လေးယောက်တို့၏အဘွား ဒေါ်ယဉ်ဥသည် ၄-၉-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀း၂၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်လီလီ(ခ)ဒေါ်တင်တင်မြင့်
### အသက် (၈၂)နှစ်

မော်လမြိုင်မြို့နေ (ဦးပါ-ဒေါ်ခင်တင့်)တို့၏ သမီး၊ (ဦးမြင့်သောင်း)၏ဇနီး၊ ဒေါက်တာမသီတာ(စမ်းချောင်း)၊ မောင်ကျော်သက် (Asiangeo Ltd.)-Pamela၊ မနီလာတို့၏မိခင် စိန့်ပက်ထရစ်ကျောင်း ဆရာမဟောင်း ဒေါ်လီလီ(ခ) ဒေါ်တင်တင်မြင့်သည် ၄-၉-၂၀၁၇ ရက် ညနေ ၃း၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အမှတ်-၁၆၈/၁၇၀၊ အလုံလမ်းနေအိမ်နှင့် အမှတ်- ၁၅၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်တို့မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၁၆၈၊ ၁၇၀)၊ အလုံလမ်း ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်လှလှမြင့်(သုံးဆယ်မြို့)
### အသက်(၇၈)နှစ်
**အထက်တန်းပြဆရာမကြီး(ငြိမ်း)**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သုံးဆယ်မြို့၊ အရှေ့ရိုးကြီးရပ်ကွက်၊ တောင်လမ်းသစ်တန်းနေ အထက်တန်းကျောင်းအုပ်ဆရာကြီး (ငြိမ်း) ဦးတင်ထွန်း၏ဇနီး၊ ကိုဝင်းမျိုးထွန်း-မနှင်းယုလှိုင်၊ ကိုလင်းအောင်ထွန်း-မပြည့်ပြည့်ဖြိုးတို့၏ မွေးသမိခင်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်လှလှမြင့်သည် ၂-၉-၂၀၁၇(စနေနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် သုံးဆယ်မြို့ အရှေ့ရိုးကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဒေါ်သန်းအေး (၆၂)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ တိုက်(၄)၊ အခန်း(၂၀၃)၊ ဗိုလ်အောင်ကျော်အိမ်ရာ၊ (၇)ရပ်ကွက်နေ (ဦးအောင်တင်-ဒေါ်လုံး)တို့၏ သမီး၊ ဦးရွှေဖြူ (ရေတပ်- ငြိမ်း)၏ဇနီး၊ ဒေါ်လှိုင်သီဦး၊ ဒေါ်ဆန်းသီအေး - ဦးသန့်ဇော်ဝင်း၊ ဒေါ်တင်တင်ထွေးတို့၏ မွေးသမိခင်၊ မချစ်ဆုသီ(Grade-9)၊ မောင်ထက်အောင်လင်း(Grade-4)တို့၏ ချစ်လှစွာသောအဘွားသည် ၄-၉-၂၀၁၇ (တနင်္လာနေ့) နံနက် ၃း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး(သွေးရောဂါဌာန)၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၇ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးသာဒွန်း အသက်(၁၀၀)
**စာရေးဆရာကြီး (ဖိုးသာဒွန်း၊ မုံရွာ)**
**အုပ်ချုပ်ရေးအရာရှိ၊ အမှတ်(၂)သတ္တုတွင်း**
**ချင်းတွင်းအသင်း၊ ကန်တော့ခံပုဂ္ဂိုလ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ အမှတ် (၁၄/B-၃)နေ (ဦးဘကြီး-ဒေါ်ငွေခင်)၏သား၊ (ဦးငွေဆောင်-ဒေါ်ရာရှင်)တို့၏သားသမက်၊ (ဒေါ်စောတင်)၏ခင်ပွန်း၊ (ဗိုလ်မှူးကျော်ကျော်)-ဒေါ်ခင်ညိုလှဲ့၊ ဦးဝင်းနိုင်-ဒေါ်အေမီလှ၊ (Mr.G.F.Litc hert)-ဒေါ်ဝါဝါ(U.S.A)၊ ဦးမြင့်နိုင်တို့၏ ချစ်လှစွာသောဖခင်၊ မွေးပွင့်ကျော်ကျော်၊ မင်းအောင်ခန့်-ဖူးပွင့်ကျော်ကျော်၊ ကျော်ကျော်ထွေး၊ ထက်ထက်ဝင်းနိုင်၊ ခက်ခက်ဝင်းနိုင်၊ ကြယ်စင်ဝင်းနိုင်၊ ကျော်လင်းနိုင်တို့၏အဘိုး၊ မင်းကျော်ကျော်ခန့်၏ ချစ်လှစွာသောဘိုးဘိုးကြီး ဦးသာဒွန်းသည် ၁-၉-၂၀၁၇ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၁၇ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၇ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဝဏ္ဏကျော်ထင် ဦးခင်မောင်အေး(ချောက်မြို့)
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြေတိုင်းဦးစီးဌာန**
### အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၅) ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ် (၇၃)နေ (ဦးထွန်းတင်-ဒေါ်တင်မေ)တို့၏သားလတ်၊ ဒေါ်အေးအေးမြင့် (နတ်မောက်၊ စက်မှု/လက်မှုအထက်တန်းကျောင်း-ငြိမ်း)၏ခင်ပွန်း၊ ဦးဘစု-(ဒေါ်ခင်အေးမူ)၊ ဒေါ်သန်းမြင့်မြင့်၊ (ဗိုလ်မှူးဖေသန်းမောင်-ဒေါ်ခင်ခင်သန်း)၊ (ဦးကိုကိုကြီး)-ဒေါ်ခင်သန်းဆွေ၊ ဒေါက်တာကျော်စံဝင်း-ဒေါ်ရီလေးနိုင်၊ ဦးစိုးဝင်း-ဒေါ်သန့်ဇင်တို့၏ ညီ/မောင်/အစ်ကိုသည် ၃-၉-၂၀၁၇ ရက် ညနေ ၄း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်မှ ကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

### ဒေါ်သန်းသန်းရီ(ခ)မတူး
**S.A.C (ငြိမ်း)၊ မြန်မာ့စာတိုက်**
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ ဝေဘာဂီလမ်း၊ အမှတ်(၄၀)နေ (ဦးစံသိန်း-ဒေါ်အုံးကြည်)တို့၏သမီး၊ (ဦးမောင်ကို-ဒေါ်မြသိန်း)တို့၏ သမီးချွေးမ၊ [ဦးညွန့်လှိုင်(ခ) ဦးလှိုင်ဝင်း]၏ဇနီး၊ ဂျပန်နိုင်ငံ၊ တိုကျိုမြို့နေ မောင်သက်ဝင်းလှိုင်-နန်းမိုးပွင့်ဖြူတို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၄-၉-၂၀၁၇ (တနင်္လာနေ့) နံနက် ၆း၂၅နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)**
### ဦးမောင်သာနု
### အသက်(၁၀၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မဂ္ဂင်ကျောင်းလမ်း၊ အမှတ်(၂၅၂/ဘီ)နေ မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန်အသင်းဝင် ဒေါ်စိန်ကောင်း(စ/၁၂)၏ ဖခင်သည် ၂-၉-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများလိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

### ဒေါ်မိမိရီ(ခ)မိမိ(ကျုံမငေး)
### အသက် (၆၀)

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ စစ်တောင်းရိပ်မွန်၊ မြမင်္ဂလာလမ်း၊ တိုက်(၃၅)၊ အခန်း(၁၀၁)နေ (ဦးကျောင်းဆိုင်)-ဒေါ်ခင်မြတို့၏သမီးကြီး၊ (ဦးဘရီ-ဒေါ်ခင်စန်းရီ)တို့၏သမီးချွေးမ၊ ဒေါ်မြင့်မြင့်ဝေ၊ ဦးကျော်နိုင်-ဒေါ်မြင့်မြင့်ခိုင်၊ ဦးဝင်းနိုင်-ဒေါ်သက်သက်စိုးတို့၏အစ်မ၊ ဦးရဲမြင့်အောင်၏ဇနီး၊ မောင်သက်မှူးဇင် (KMD)၊ မောင်ဖြိုးခန့်ကို (MEHL)တို့၏ ချစ်လှစွာသောမိခင်သည် ၃-၉-၂၀၁၇ (တနင်္ဂနွေနေ့) ည ၁၀း၀၅ နာရီတွင် ဗဟိုအမျိုးသမီးဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ကျိစုအအေးတိုက်မှ ကျိစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မိတ်ဆွေသူငယ်ချင်းများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### မမေထက်ပိုင်(ခ)ဥမ္မာဝင်း
### အသက် (၄၅)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်လမ်းသွယ် (၄)လမ်း၊ အမှတ် (၂၂)နေ ဦးကြူကြွမ်(ခ) ဦးတင်ဝင်း-ဒေါ်သန်းသန်းနုတို့၏သမီး၊ ဒေါ်တိုးတိုးဝင်း၊ ဦးဇော်မင်း-ဒေါ်လီလီရွှေ၊ ဒေါ်မို့မို့ကြည်တို့၏ ညီမသည် ၂-၉-၂၀၁၇ ရက် ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၇ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး**
### ဒေါ်စောရီ(ဇုတ်သုတ်)
### အသက် (၈၀)

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၁) ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ် (၁၂၀)နေ (သခင်သောင်းဖေ-ဒေါ်မြရှိန်)တို့၏သမီး၊ (ဦးမောင်တင်-ဒေါ်ရွှေမိ)၊ ဦးနိုင်ဦး-ဒေါ်ခင်အုန်းမြင့်တို့၏ အစ်မ၊ ဦးစန်းအောင်-ဒေါ်တင်တင်စိုး၊ ဦးဝင်းစိုး-ဒေါ်မာမာအေး၊ ဦးသိန်းစိုး-ဒေါ်ခိုင်ဇာဝင့်၊ ဦးသန်းထွန်းအောင်-ဒေါ်စန်းစန်းမိုးတို့၏မွေးသမိခင်၊ မြေး ၁၁ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၄-၉-၂၀၁၇ (တနင်္လာနေ့) နံနက် ၇း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါက်တာဝေလွင်ဦး
### အသက် (၅၅)နှစ်
**အောင်ချမ်းသာဆေးကုခန်း**

(ဦးမောင်သင်-ဒေါ်စောသင်)၊ (ဦးဗသိန်း-ဒေါ်မြညွန့်)တို့၏မြေး၊ ရန်ကုန်မြို့နေ (ဦးဝင်းမြင့်)-ဒေါ်နုယဉ်တို့၏ သားလတ်၊ ဦးစံသိန်း-ဒေါ်ကြည်ကြည်ဌေးတို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မင်္ဂလွန်းကျေးရွာ၊ အောင်ချမ်းသာဆေးခန်းနေ ဒေါ်ဖြူဖြူအောင်၏ ချစ်လှစွာသောခင်ပွန်း၊ မသိမ့်နုနုဇင်-မောင်ကျော်သူရဝင်း၊ မနှင်းဦးဝေ၊ မောင်ခန့်မင်းသုန်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ စိုင်းအောင်ဟိန်းကျော်၏ဘိုးဘိုး၊ ရန်ကုန်မြို့နေ (ဦးတင့်လွင်)-ဒေါ်ထားထားနွယ်တို့၏ညီ၊ ဦးသန့်ဇင်-ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်နီလာဝင်း-ဦးကြည်ဝင်းနိုင်တို့၏အစ်ကို ဒေါက်တာဝေလွင်ဦးသည် ၄-၉-၂၀၁၇ (တနင်္လာနေ့) နံနက် ၆း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၇ရက် မွန်းလွဲ ၁ နာရီတွင် မင်္ဂလွန်းကျေးရွာသုသာန်၌ ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၇ (တနင်္ဂနွေနေ့) နံနက်တွင် အမှတ်(၃၅)၊ အဓိပတိလမ်း၊ တော်ဝင်ရပ်ကွက်၊ မင်္ဂလွန်းစံပြကျေးရွာသို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မောင်တောမြို့နယ်၌ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်၊ ကျေးရွာနှင့် နေအိမ်များအား မီးရှို့ဖျက်ဆီး

**နေပြည်တော် စက်တင်ဘာ ၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ယမန်နေ့ညပိုင်းနှင့် ယနေ့နံနက်ပိုင်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်း၊ ကျေးရွာနှင့် နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၃ ရက် ညသန်းခေါင်ခန့်တွင် မောင်တောမြို့နယ် အောက်ပြူးမကျေးရွာနှင့် ငါးခူရကျေးရွာတို့ကို ဆက်သွယ်ထားသည့် ငါးခူရဈေးထိပ်တံတား၌ မသင်္ကာဖွယ်လှုပ်ရှားမှုများ တွေ့ရှိသဖြင့် သွားရောက်ရှင်းလင်းစဉ် ARSA အစွန်းရောက်အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများသည် နေအိမ် ၅၀ ကို မီးရှို့ဖျက်ဆီးပြီး အောက်ပြူးမကျေးရွာဘက်သို့ ဆုတ်ခွာသွားကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ရှင်းလင်းစဉ် လက်လုပ်မိုင်း တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နယ်မြေရှင်းလင်းစဉ် မောင်တောမြို့နယ် အုန်းတောအနောက်ကျေးရွာရှိ နေအိမ် ၁၂၀ ခန့်အား ARSA အစွန်းရောက် စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖



ဒေသန္တရလက်လုပ်မိုင်း ရှာဖွေတွေ့ရှိရသည့်နေရာပြမြေပုံ။



# ရခိုင်ပြည်နယ်၌ နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများအတွက် စားသုံးကုန်ပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်

**နေပြည်တော် စက်တင်ဘာ ၄**

ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု လုပ်ရပ်များကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်နေရသည့် ဒေသခံပြည်သူများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များက လှူဒါန်းသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် စစ်တွေလေဆိပ်သို့ ပို့ဆောင်ပေးလျက်ရှိကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်သည်။

မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်တွင် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက တပ်မတော်သယ်ယူပို့ဆောင်ရေး လေယာဉ် Y-8 ပေါ်သို့ အဝတ်အထည် ၁၀၀၀၊ ဟင်းရွက်ဆီဘူး ၁၀၀၀၊ ငါးပိဘူး ၇၀၀၊ အာဟာရမှုန့် ၁၅ ဖာ၊ မိုးကာလိပ် ၁၀ လိပ်၊ ငါးသေတ္တာဖာ ၂၀ နှင့် ငါးထုပ်၊ အာလူး အိတ် ၄၀၊ ကြက်သွန်နီ ၁၂ အိတ်၊ ချင်းတစ်အိတ်၊ စောင်ထုပ် သုံးထုပ်၊ အသင့်စားငါးပိငါးခြောက်၊ အကြော်စုံ ၅၉ ဖာနှင့် ဘူး ၆၀၊ ကြက်ဥအလုံး ၁၂၈၀၀၊ ခေါက်ဆွဲ ၁၀ ဖာနှင့် ခေါက်ဆွဲခြောက်၊ ကြာဆံဖာ ၃၅၀၊ ကော်ဖီမစ်ပါကင်ထုပ် ၁၀ ထုပ်၊ လက်ဖက်နှပ်ပါကင်ထုပ် လေးထုပ်၊ ဘီစကစ်အစုံပါကင်ထုပ် ၃၀၊ ကြက်အူချောင်းထုပ် ၂၀၊ အသားစည်သွတ်ဘူး ဖာ ၉၀၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင် ၁၉ ထုပ်တို့ကို တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက တင်ဆောင်ပေးကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ၎င်းလေယာဉ်သည် စက်တင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် စစ်တွေလေဆိပ်သို့ ထွက်ခွာပို့ဆောင်ပေးခဲ့ရာ မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့ကြောင်း။

ထို့အတူ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် ကြက်ဥအလုံး ၈၀၀၀၊ အာလူး ပိဿာ ၆၀၀၊ စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒

# အာဆီယံ ယူ-၁၈ ပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၄**

၂၀၁၇ အာဆီယံ ယူ-၁၈ ပြိုင်ပွဲ အုပ်စု(က)ပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏနှင့်အောင်ဆန်းကွင်း၌ စတင်ကျင်းပသည်။

**(သုဝဏ္ဏကွင်း)**
**ထိုင်း - သုံးဂိုး**
**တီမော - ဂိုးမရှိ**

နာမည်ကြီးထိုင်းအသင်းသည် ဂိုးပြတ်အနိုင်ဖြင့် အဖွင့်လှခဲ့ပြီး သုံးမှတ်စတင်ရယူနိုင်ခဲ့သည်။ တီမောအသင်းသည် ဒုတိယပိုင်းတွင် ထိုင်းအသင်းကို ဖိအားပေးကစားနိုင်ခဲ့ပြီး ချေပဂိုးရနိုင်သည့် အခွင့်အရေးများကို အသုံးမချနိုင်ခဲ့၍ ထိုင်းအသင်းက ပွဲပြီးခါနီး ၁၀ မိနစ်အတွင်း နှစ်ဂိုးထပ်မံသွင်းကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ခြေစွမ်းပိုင်းကွာဟမှုကြောင့် နာမည်ကြီးထိုင်းအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ ပွဲအစတွင် ထိုင်းအသင်းမှသွင်းယူသည့်ဂိုး ဝင်ခဲ့သော်လည်း လူကျွံဘောအဖြစ် သတ်မှတ်ခံရ၍ နစ်နာခဲ့ရသည်။ ထိုင်းအသင်းသည် တောက်လျှောက်ဖိကစားနေသော်လည်း မိနစ် ၄၀ ကျော်မှ ဂိုးရခဲ့ပြီး ၄၂ မိနစ်တွင် အီကန်နစ်ပန်ရာက အဝေးမှကန်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် တီမောအသင်းက တိုက်စစ်အား မြှင့်လာခဲ့ပြီး ထိုင်းဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ တီမောအသင်း ချေပဂိုးရရှိနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ ဂိုးထပ်မံရရန် ရုန်းကန်နေရသည့် ထိုင်းအသင်းသည် ၈၂ မိနစ်တွင် တီမောအသင်းမှ စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪



ထိုင်းနှင့် တီမောအသင်းယှဉ်ပြိုင်နေစဉ်။

